EXIT

# ထူးအေးအောင်



**စာမူမူပိုင် © ထူးဆွေအောင်**

ဝါတို့စာပေမှ ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။
ရန်ကုန်မြို့ ဝါတို့စာပေ ပုံနှိပ်တိုက် (၀၀၇၀၇) တွင် အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။
မျက်နှာဖုံးကို အာကာက ရေးဆွဲသည်။

ယခု စာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အခန်းလိုက်ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

**(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)**

## တန်ဖိုး- ၂၅၀၀ ကျပ်

Printed and Bound in Myanmar



...ခုပ်ပျား ရေစို ပျက်စီး

ပျောက်ဆုံးလျှင် တန်ဖိုးအပ်ကို...

ပေးလျော်ရမည်။

ပညာတန်ဆောင်ဟကြ...

# အခန်း - ၁

ကျောင်းများ ပြန်ဖွင့်ရန် ရက်ပိုင်းမျှသာလိုတော့သဖြင့် ကျွန်တော်နှင့် လက်ထောက်ကျောင်းဆရာလေး ထင်ကျော်ဦးတို့သည် တာဝန်ကျရာ သက္ကယ်မြောင် ကျေးရွာမူလတန်းကျောင်းကလေးသို့ ပြန်လည်ရောက်ရှိလာခဲ့ရပြန်ပါသည်။

သက္ကယ်မြောင်ရွာကလေးသည် မကွေးတိုင်းအဆုံး၊ ရခိုင်ရိုးမတောင်ခြေ နားတွင် တည်ရှိ၍ စကားပြောလျှင် 'သ'နှင့်'တ'ကို လွဲမှားစွာ ပြောတတ်သလို တစ်ရွာနှင့်တစ်ရွာ ဆွေမျိုးတော်စပ်ပါသော်လည်း တစ်ရွာနှင့်တစ်ရွာ ပြိုင်ရဆိုင်ရမှ စားဝင်အိပ်ပျော်သော သခွတ်ရင်း၊ ခါးဇက်၊ မဒိုင်း၊ တည်ကြီးကုန်းရွာများနှင့်အတူ ပဲနောက်ချောင်းရိုးတစ်လျှောက် ကပ်လျက် တည်ရှိပါသည်။

ရွာကိုရောက်ရောက်ချင်း ကျွန်တော်တို့ နှစ်ဦးလည်း နားမနေဘဲ အိမ်ကို သန့်ရှင်းရေးလုပ်၍ ပစ္စည်းများကို နေရာတကျ ထားပြီးနောက် မိုးမချုပ်ခင် ရေချိုးရန် ပြင်ဆင်ရပေတော့သည်။

ဤအရပ်၊ ဤဒေသကား ရိုးမတောင်ခြေတွင် ရှိသောကြောင့် နေဝင်လျှင် အအေးဓာတ်က တန်းပြီး ရောက်လာ၍ ချောင်းရေမှာ အေးစိမ့်နေလိမ့်မည်။ ရေချိုး၍ ကောင်းလိမ့်မည်မဟုတ်၊ ထို့ကြောင့် ရေချိုးသွားရန်အလုပ်-

'ဆရာကြီးတို့၊ ဆရာလေးတို့ ပြန်ရောက်လာကြပြီလားဗျို့၊ ဒီမှာ ဧည့်သည် တစ်ယောက်ပါလာတယ်၊ ဆရာတို့ကို တွေ့ချင်လို့တဲ့'

ဟူသော အသံနှင့်အတူ ကျွန်တော်တို့ အိမ်ပေါ်သို့ တက်လာ သူကတော့ သက္ကယ်မြောင်ရွာ၏ ဂုဏ်ထူးဆောင် ဘိုးလေးဖိုးသစ်၏ အငယ်ဆုံးသား မောင်ကြည်သန်း ခေါ် မောင်ကွကြီးဖြစ်သလို -

'ဆရာဒေဝဒတ်ရဲ့ ဂုဏ်ထူးဆောင်၊ အင်္ဂုလိမာလကို အတို့အထောင်လုပ်ပေးခဲ့တဲ့ ကျောင်းဆရာနှစ်ယောက်၊ ဒီရွာကို ရောက်နေတယ်ကြားလို့ လာခဲ့တာဟေ့'

ဟူသော စကားကို အော်ဟစ်ပြောဆိုရင်း ကွကြီးနောက်မှ နေ၍ အိမ်ပေါ်သို့ တက်လာသူကို မြင်လိုက်ရ၍ ကျွန်တော်တို့ နှစ်ယောက်လည်း အံ့ဩဝမ်းသာစွာဖြင့် -

'ဟာ ခင်မောင်ထွန်း၊ မင်း မင်း ဒီရွာကို ဘယ်လိုလုပ် ရောက်နေတာလဲ'

ကျွန်တော်တို့နှင့် တစ်မြို့တည်းသား ငယ်ပေါင်းကြီးဖော် ကျောင်းနေဖက်၊ မကွေးကောလိပ်၌လည်း 'တော'ဖော်'တော'ဖက်ဖြစ်သော ခင်မောင်ထွန်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အံ့အားသင့်ရင်း ဝမ်းသာမိပါသည်။

ခင်မောင်ထွန်းက ခုံတစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်ရင်း -

'မိဘဆီက ငွေတောင်း၊ မင်းတို့ရွာအနောက်ဘက် တောင်ပေါ်မှာ သစ်ကွက်လေလံဆွဲပြီး သစ်လုပ်ငန်း လုပ်နေတာလေကွာ။ မနေနိုင် မထိုင်နိုင်ဆိုပါတော့ ဟဲဟဲ။ မင်းတို့တွေ ဒီရွာမှာ ရှိမှန်းသိတာပေါ့၊ မရောက်သေးဘူး ကြားလို့ မလာဘဲနေတာ'

ထင်ကျော်ဦးက ဆေးလိပ်တိုကို မီးညှိလိုက်ရင်း -

'အေးကွာ၊ မင်းလို သူဌေးသားတစ်ယောက်က အခုလို တောထဲ တောင်ထဲ ရောက်နေတာ မြင်ရတော့ အံ့ဩမိတယ်ဟေ့။ ငါတို့တောင် တာဝန်အရသာ လာနေရတာ၊ မလွယ်ဘူးနော်'

ကျွန်တော်ကလည်း ဆေးပေါ့လိပ်ကို ထိုးငြိမ်းလိုက်ရင်း -

'အေးလေကွာ၊ မြို့နဲ့က မိုင်ခြောက်ဆယ်ကျော် ဝေးရတဲ့အထဲ အဓိက ကုန်သွယ်ရေးလမ်းဖြစ်တဲ့ ပုသိမ်-မုံရွာ ကားလမ်းမကြီးနဲ့တောင် ဆယ်မိုင်လောက်ဝေးပြီး ခြေထောက်နဲ့၊ လှည်းနဲ့ကလွဲလို့ ဘာနဲ့မှ သွားလို့လာလို့မရတဲ့ ဒီနေရာမျိုးမှာ မင်းကိုတွေ့ရလို့ ငါလည်း အံ့ဩတယ်ဟေ့၊ ကဲကဲ အံ့ဩခြင်းလက်ဆောင်လုပ်ပေးမှ ကောင်းမယ် မဟုတ်လား ထင်ကြီးရဲ့'

ထင်ကျော်ဦးက ခေါင်းညိတ်ရင်း -

'ကဲ ကွကြီးရေ၊ ရွာအနောက်ပိုင်းက မြင့်သိန်းတို့အိမ်မှာ မီးတောက်တစ်လုံး

လောက် သွားဆွဲချေကွာ'

ခင်မောင်ထွန်းက ထိုင်ရာမှထ,ကာ လက်ကာရင်း-

'နေပါစေကွာ၊ မလုပ်ပါရစေနဲ့တော့၊ ငါ အခုမြို့ကိုပြန်မလို့ လမ်းပေါက် (ပုသိမ်-မုံရွာ ကားလမ်းမကြီးဘေးရှိ ကားဂိတ်)ကို သွားရမှာ၊ အရက်သောက်ပြီး ဆယ်မိုင်ခရီးကို လမ်းမလျှောက်ချင်ဘူးကွာ'

'လမ်းမလျှောက်ချင်ရင် လှည်းနဲ့လိုက်ပို့မယ်၊ ကွကြီး သွားယူခဲ့'

'မယူနဲ့ မယူနဲ့။ လမ်းပေါက်မှာ အိပ်ပြီး မနက်အစောကြီးထွက်တဲ့ တစ်စီး တည်းသော လိုင်းကားကို တိုးတက်စီးရမှာမို့လို့ အရက်မသောက်ဘဲနဲ့ကို တွေးကြည့် ရင် မူးနေလို့ဟော့'

ထင်ကျော်ဦးက ဆေးပေါ့လိပ်ကို ဖွာလိုက်ပြီး-

'အရေးတကြီး ဘာကိစ္စရှိလို့ မြို့ကို သွားရမှာလဲ၊ ရောက်တုန်းရောက်ခိုက် နေပါဦးလားကွ'

'မိုးမကျခင် သစ်တွေကိုရသလောက် သယ်နိုင်မှ တွက်ခြေကိုက်မယ်ကွ။ အခု ဇွန်လတောင် ရောက်တော့မယ်ဆိုတော့ မိုးတွေ၊ လေတွေ လာတော့မယ်လေ။

'မင်းတို့သိတဲ့အတိုင်း ဒီဒေသက ဗွက်ပေါ်တော့ မိုးရွာခဲ့ရင် လူတောင် မနည်းလျှောက်ရတာ မဟုတ်လား။ အဲဒါကြောင့် မိုးမကျခင် အချိန်မီ သစ်တွေ သယ်နိုင်အောင်လို့ မြို့ကိုပြန်ပြီး နောက်တွဲနဲ့ ထွန်စက်စီး သွားငှားမလို့ကွ။ ငါ ပြန်လာရင် 'အာမီရမ်'ယူခဲ့မယ်၊ အဲဒီကျမှ အေးအေးဆေးဆေး တွေ့ကြတာပေါ့။ ကဲလာ ကွကြီး၊ သွားကြရအောင်'

ကျွန်တော်တို့လည်း ဝင်းတံခါးနား လိုက်ပို့ရင်း-

'မင်းနဲ့ ကွကြီးနဲ့ ဘယ်လိုလုပ်ပြီး သိကြ၊ တွေ့ကြတာလဲ'

ခင်မောင်ထွန်းက ပြုံးဖြဲဖြဲလုပ်ရင်း-

'ဟဲ ဟဲ ဟဲ မဒိုင်း၊ တည်ကြီးကုန်း၊ သခွတ်ရင်း၊ ခါးဇက်နဲ့ သက္ကယ်မြောင် ဆိုတဲ့ စကားပြောရင် 'သနဲ့တ' လွဲပြောတဲ့ ဟောဒီ ငါးရွာကို 'ဘိုးလေးဖိုးသစ်'က မီးသေတယ် မဟုတ်လား။

'ဟောဒီက မောင်ကြည်သန်း ခေါ် မောင်ကွကြီးက ဘိုးလေးဖိုးသစ်ရဲ့သား ဆိုတော့ အလိုလိုနေရင်း သူလည်း မီးသေတာပေါ့ကွာ။

'အဲဒါကြောင့် ငါ့မှာ သစ်ခုတ်ဖို့တို့၊ သစ်ခွဲဖို့တို့ကအစ လှူလိုရင်လှူ၊ ကျွဲ လိုရင် ကျွဲငှားဖို့အဆုံး သူ့ကို အားကိုးရတယ်လေ'

ထင်ကျော်ဦးက သူ့ဆေးပေါ့လိပ်တိုကို ထိုးငြိမ်းလိုက်ရင်း-

'ဥပဒေနဲ့ မလွတ်တဲ့ မဟုတ်ကဟုတ်ကတွေတော့ လျှောက်မလုပ်နဲ့နော်၊

တော်ကြာ ငါတို့ သက်သေလိုက်နေရဦးမယ်'

ခင်မောင်ထွန်းက သဘောကျစွာရယ်ရင်း-

'ငါလုပ်ခွင့်ရတဲ့ အကွက်ထဲမှာ ကျွန်းတို့၊ သစ်မာတို့ အစိုးရက ကန့်သတ်ထားတဲ့ သစ်ပင်ကြီးတွေ မရှိပါဘူးကွ။ နောက်ပြီး ငါ့အသက် ငယ်ငယ်လေးနဲ့ ကျောက်ထုလမ်းခင်း အလုပ်ကို မလုပ်ပါဘူးဗျာ၊ စိတ်ချ။

'မင်းတို့ ကျောင်းဆရာတွေသာ ကျောင်းပိုင်မြေဖြူတွေ ခိုးရောင်းလို့ ၆/၁ နဲ့ အဆွဲမခံရအောင် ဂရုစိုက်ဦး၊ ဟားဟားဟား'

ခင်မောင်ထွန်းနှင့် ကွကြီးတို့ ထွက်သွားပြီး ခဏအကြာ ကျွန်ုပ်တို့လည်း ရေချိုးသွားရန်အတွက် ရေလဲလုံချည်ယူပြီး အိမ်အောက်ဆင်းလာစဉ် ဘိုးလေးဖိုးသစ် တစ်ယောက် မှုန်ကုပ်ကုပ်ဖြင့် အိမ်ပေါက်ဝသို့ ရောက်လာပြီး-

'ဆရာလေး၊ ခုနက ဟို ခွေမတား အတံကြားလိုက်မိတလားလို့'

ကျွန်ုပ်တော့မှာ ကြောင်တောင်တောင်ဖြစ်သွားပြီး ဘေးဘီကိုကြည့်ကာ-

'ခွေးလည်း တစ်ကောင်မှ မမြင်မိပါလား၊ အူသံ၊ ဟောင်သံလည်း မကြားမိလိုက်ပါလား'

ထင်ကျော်ဦးက ကျွန်ုပ်တော့်ကို တံတောင်ဖြင့် တွက်ရင်း-

'ကွကြီးကို မေးတာလား ဘိုးလေးရဲ့။ ဒီကောင် မြို့ကိုသွားဖို့ လမ်းပေါက်ကို သွားပြီလေ။ ဒီကောင် လိမ္မာလာပြီပဲ ဘိုးလေးရယ်၊ အခုတောင် အလုပ်တွေဘာတွေ ရလို့ လုပ်နေပြီ မဟုတ်လား'

'အဲဒီ ခွေးကောင်အကြောင်းတော့ ပြောမနေပါနဲ့ ဆရာလေးရာ။ မြို့က 'တစ်'လုပ်တဲ့ ဆရာလေးကလည်း တော်ရှာပါတယ်။ တူကိုညီရင်းအစ်ကိုလို ချစ်ခင်ပြီးတော့ စားပြီးတောက်ပြီး တစ်လကို ငါးရာပေးပြီး အလုပ်တွင်းပေးထားတာ။

'အဲဒါကို အဲဒီခွေးကောင်က တွေ့တမျှမိန်းမတွေကို ပိုးကြေး၊ ပန်းကြေးပေးလို့ ကုန်ရုံတင်မကဘူး၊ ကျွန်ုပ်တော့်မှာဗျာ အကြီးမက မွေးထားတဲ့ မြေးလေးတွေကို ရှင်ပြုချင်လို့ စုထားတဲ့ ငွေတွေကို လာလာပြီး ခိုးတုံးနေလို့ ဒင်း(သင်း)ကို တွေ့ချင်နေတာ'

ဘိုးလေးဖိုးသစ်၏ သား ကွကြီးမှာ လင်ရှိမယားမှုလွဲ၍ တစ်ခုလပ်၊ မုဆိုးမပါမကျန် ရှိရှိသမျှသော မိန်းမမှန်သမျှ သူ့ကို ကြည့်မိလျှင် သူ့ကိုကြိုက်လို့ ကြည့်သည်ဟု ယူဆပြီး ဝုဏ်ပယ့ဝင့်ကြွားစွာဖြင့် ပိုးကြေးပန်းကြေးပေးတတ်သူတစ်ဦး ဖြစ်ပြီး လက်တွေ့တွင်မူ သူ၏ ပေါကြောင်ကြောင် နေထိုင်ပြောဆိုမှုကြောင့် သဏ္ဌာယ် မြောင်ရွာတွင်သာမက ပတ်ဝန်းကျင်ရွာများမှ ရွာသူများမှာ ကွကြီးဆိုလျှင် အော့ကြောလန်ပြီးသား ဖြစ်ကြသည်။ ထိုကြောင့် ကျွန်ုပ်တော့်မှာ သဘောကျစွာရယ်ရင်း-

'ဘိုးလေးရဲ့သား ကွဲကြီးက ရည်းစားတွေဘာတွေ ရနေပြီလား'

'ရည်းစားရ မရတော့ မတိဘူး ဆရာရေ၊ အခုတစ်ဆင့်တက်ပြီး မိန်းမ တောင်းခိုင်းနေလို့ တူစိတ်ချမ်းတာအောင် ဝါကျွတ်မှာ စီစဉ်ပေးပါရစေလို့ မနည်း တောင်းယန်ထားရတယ်။ အခုလည်း ကျုပ် နွားဝယ်ဖို့စုထားတဲ့ ပိုက်ဆံတွေထဲက ငွေတုံးထောင် လျော့နေတယ်။ ဒီကောင့်လက်ချက်ပဲနေမှာ'

ထင်ကျော်ဦးက ဆေးလိပ်ကို မီးညှိပြီး-

'ဒါကတော့ ဘိုးလေးရယ် သူ့အသက်လည်း နှစ်ဆယ်တောင်ကျော်ပြီပဲ၊ မိန်းမလိုချင်ပြီပေါ့။ သူများတွေကိုလည်း အားကျမှာပေါ့ဗျာ။ သူလိုချင်တဲ့ မိန်းမကို သွားတောင်းပေးလိုက်ပါဗျာ၊ သနားပါတယ်'

ဘိုးလေးဖိုးသစ်သည် ကွမ်းသွေးကို 'ဖွတ်'ခနဲ ထွေးလိုက်ရင်း-

'ကျုပ်မှာက ဝါမဝင်ခင် မြေးတွေကို ရှင်ပြုချင်လို့ ပိုက်ဆံကုန်မှာကတစ် မျိုး၊ နွားဝယ်ဖို့ ပိုက်ဆံကုန်မှာကတစ်မျိုးနဲ့ တူမိန်းမတောင်းဖို့အတွက် ငွေမပိုနိုင်ဘူး ဗျာ။ အဲဒါကြောင့် တူနားလည်အောင် ကျုပ်က ပြောပါတယ်။ တားရယ် အခု နယုန်လဆုတ်တောင် ရောက်နေပါပြီကွာ၊ ဝါကျွတ်အောင်ဆိုရင် တုံး,လေးလလောက် ပဲ စောင့်ရမှာပါ၊ အောင့်ထားလိုက်ပါကွာ။

'ဝါကျွတ် ကျွတ်ချင်း မင်းကို အကြီးအကျယ် မင်္ဂလာဆောင်ပေးပါ့မယ်လို့ ပြောထားတာကို ဒင်း(သင်း)က မရဘူး။ အခုကြည့်၊ တူခိုးသွားတဲ့ငွေဟာ တူ့ကောင်မ ကို ပိုးကြေး ပန်းကြေးပေးဖို့လား၊ ဒါမှမဟုတ် ကာလတားကြေးပေးဖို့လား တစ်ခုခု တော့ တစ်ခုခုပဲ။ ဒင်း(သင်း)တော့ လာပါစေဦးပေါ့ကွာ ဟင်း ဟင်း'

'ဘိုးလေးမှာ နွားတွေအများကြီးရှိရဲ့သားနဲ့ ဘာလို့ ထပ်ဝယ်ဦးမှာလဲ၊ သူ ဒီလောက်လိုချင်နေရင် တောင်းသာပေးလိုက်ပါဗျာ'

'ဩ ဆရာလေးနယ်၊ ကျုပ်တို့တောင်တူတွေက လှည်းနဲ့နွားကို တန်ဖိုးထား တဲ့ လူစားတွေဗျ။ အခုလို အလှူပွဲတို့ ကထိန်ပွဲတို့လို နေရာမျိုးမှာမှ ကိုယ့်နွားကိုယ် ပွဲထုတ်ရတာ၊ နွားကိုချူတွေဘာတွေ မှန်စီပြီးပန်းဖောက်ထားတဲ့'ကကြိုး'တွေတပ်၊ လှည်းယဉ်ကိုလည်း ရေနံဝ,အောင်တုတ်၊ ကြော့နေအောင်ပြင်ပြီး ကိုယ်တိုင်'နဖား' ကြိုးကိုင်မောင်းရတဲ့ အရတာဟာ ဘာနဲ့မှ မတူဘူးဗျ။

အဲဒီမှာလည်း ကိုယ်ရဲ့ငယ်မွေးခြံပေါက် နွားတွေလည်းဖြစ်၊ ချိတူဘိုတူ ဘက်ညီတဲ့ နွားတစ်ရှဉ်းလည်းဖြစ်၊ မျိုးကောင်းမျိုးသန့် ရွှေနီနွားမျိုးလည်းဖြစ်မယ်ဆို လို့ကတော့ဗျာ အောင်မလေး လေ၊ ဘယ်လောက် ဂုဏ်ရှိတာလဲ မမေးနဲ့ဗျို့။

'ကျုပ်တို့ တောအလှူကလည်း အလှူမှာ ဘာကျွေးတယ်၊ ရှင်ဘယ်နှပါး ဝတ်တယ်ဆိုတာတာ မပြောချင်နေမယ်၊ ဘယ်မိန်းကလေး ကွမ်းတောင်ကိုင်တယ်ဆို

တာနဲ့ ဘယ်အလှူမှာတော့ ဟော့ ဘယ်တူရဲ့ လှည်းမှာ တပ်ထားတဲ့ နွားကြီးတွေများ ချိုမှာ ဘာပန်းတွေ ပန်လို့၊ မှန်စီပန်းဖောက် ကကြိုးတွေကဘယ်လို၊ နွားကျောမှာ လွှမ်းထားတဲ့ ကော်ဇောကြီးတွေက ဘယ်ချမ်းတာနဲ့ ပြောမဆုံးပေါင် တောတုံးတောင် ဆိုတလိုကို ပြောလို့ကို မဆုံးတော့ပါဘူးဗျ ဟဲဟဲ။

ကျုပ်မှာ အိမ်ခြံပေါက် နွားတစ်ရှဉ်းက အခုနှစ်ဦးမှ ထမ်းပိုးကျင့်ရတာဆို တော့ နည်းနည်းရိုင်းသေးတယ်ဆိုရမှာပေါ့။ ရှိပြီးတား နွားကြီးတွေကျတော့လည်း အိုပြီဗျာ၊ အဲဒါကြောင့် နွားထပ်ဝယ်ဖို့ကို ကြိုးစားနေရတာပေါ့။

'ဟိုး ကမ်းနား(မိုင်ခြောက်ဆယ်လောက် ကွာဝေးသော ဧရာဝတီမြစ်ကမ်း နားမှ ရွာများ)က လာရောင်းတဲ့ နွားတစ်ရှဉ်းတော့ ဝယ်ဖြစ်မလား မတိဘူး။ မြန်မာမျိုးစစ်စစ် ရွှေနီနွားတစ်ရှဉ်းဗျ။ ဟိုလူတွေက အရေးတကြီး ငွေလိုလို့ ရောင်းတာမို့လို့တာ တစ်တောင်းခွဲနဲ့တော့ ဈေးတည့်နေပြီ။ မနက်ဖြန် ငွေချေဖြစ်ရင်ချေ ရမှာ။ အရေးထဲ ဟို ခွေးတူတောင်းစားက ပိုက်ဆံခိုးတွားလို့ဗျ'

ဘိုးလေးဖိုးသစ်က စကားရှည်ကြီးကို ပြောလိုက်ရသဖြင့် မောသွားပုံရ သည်။ ခေါင်းတွင် ပေါင်းထားသော တဘက်ကိုဖြုတ်၍ ချွေးသုတ်နေသည်။ ဤပုံအရ အဘိုးကြီး လေရှည်တော့မည်။ ကျွန်တော်တို့လည်း နေမကျခင် ရေချိုးလိုသဖြင့် စကားပြတ်စေရန် ဆပ်ပြာခွက်ကို ကောက်ကိုင်ပြီး-

'နွားတစ်ကောင်ကို ခုနစ်ထောင့်ငါးရာဆိုတော့ တန်ပါတယ် ဗျာ၊ ကဲ ကဲ နေမကျခင် ရေချိုးမှ အချမ်းသက်သာမှာမို့လို့ ရေချိုးသွားဦးမယ်ဗျို့'

ဘိုးလေးဖိုးသစ်က ထွေးမည်ပြင်ထားသော ကွမ်းသွေးများကို ကမန်း ကတန်း မျိုချလိုက်ပြီး အပေါက်ဝတွင် ပိတ်ရပ်ကာ-

'ဟာ တစ်ကောင်ကို ခုနစ်ထောင့်ငါးရာ မဟုတ်ဘူး။ တစ်ကောင်ကို တစ်တောင်းခွဲဗျ၊ နှစ်ကောင်ကို တုံးတောင်းကျတယ်။ ကျွန်တော့်နွားတာဆို တစ်ရှဉ်း ကို လေးတောင်းခွဲ ငါးတောင်း မရလို့ကတော့ လုံးဝ မရောင်းဘူးဗျာ၊ အဲဒါကြောင့် တန်တယ်ပြောတာ။

'ပြီးတော့ ရွှေနီနွားမျိုးဆိုတာက အခုခေတ်မှာ လုံးဝ ရှားတွားပြီ။ ကျွန်တော် တို့လို နွားဝါတနာပါတူတွေတာ တကူးတက မွေးနိုင်လို့ ရှိတာဗျ။ ဆရာလေးတို့ မြို့ကလူတွေက နွားဆို အမဲတားလောက်တာ တိကြတာ။ ကဲ ဆရာလေးတို့ကို မေးရဦးမယ်၊ ကျွန်တော်တို့နိုင်ငံမှာ နွားမျိုး ဘယ်နမျိုးရှိတလဲ'

ကျွန်တော်တို့နှစ်ယောက်လည်း စကားပြတ်စေရန်-

'မသိပါဘူး ဘိုးလေးရယ်၊ ရေသွားချိုးလိုက်ဦးမယ်'

'နေပါဦး ဆရာတွေရဲ့၊ မတိတာကို တိအောင်မေးမြန်းရတယ်။ အဲဒါမှ

ပညာရှိပီတတာ။ တော်ကြာ တူများတွေကမေးလို့ မဖြေနိုင်ရင် ရှက်ဖို့ကောင်းတယ်'

ဘိုးလေး ကျေနပ်စေရန်နှင့် မြန်မြန်စကားပြတ်စေရန်အတွက် ထင်ကျော်ဦးက မေးလိုက်သည်။

'ကဲပါ၊ ဘယ်နှမျိုးရှိသလဲ'

'အတိအကျတော့ ကျွန်တော်လည်း မတိဘူး။ တိတလောက် ပြောရရင် ရွှေနီနွားမျိုး၊ ဘင်္ဂလားနွားမျိုး၊ ချင်းတောင်နဲ့ ရခိုင်ရိုးမပေါ်မှာရှိတဲ့ နွားပုမျိုး၊ ကချင်ပြည်နယ်မှာ နွားနောက်မျိုး ပြီးတော့…'

ထိုနေ့က ကျွန်တော်နှင့် ထင်ကျော်ဦး ရေမချိုးဖြစ်ကြပါ။

□□□

# အခန်း - ၂

ကျောင်းဖွင့်ရက်ဖြစ်၍ ကျောင်းသားသစ်များကို လက်ခံခြင်း၊ စာရင်းသွင်းစရာရှိတာများကို စာရင်းသွင်းခြင်း၊ ထုတ်ယူရမည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ စာရင်းကောက်ခံခြင်း လုပ်ငန်းများကို လုပ်ကိုင်ပြီး ကျွန်တော်ပြန်လာသောအခါ ထင်ကျော်ဦးတစ်ယောက် ဟင်းများချက်ပြုတ်နေသည်ကို တွေ့ရသည်။

ကျွန်တော်သည် စာအုပ်များနှင့် လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်လိုက်ရင်း-

'ထင်ကြီးရေ၊ ဘိုးလေးဖိုးသစ်က လာပြောတယ်။ သူ့အလှူအတွက် လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ရှင်လောင်းတွေအတွက် စည်းပုံတို့၊ မင်းဝတ်တန်ဆာတို့၊ ကွမ်းတောင်ယှန်းတောင်ကိုင်တွေအတွက် အချိတ်လုံချည် အင်္ကျီ၊ ပဝါဇာ့ဖို့ ဘာတို့ညာတို့အတွက် မြို့ကိုလိုက်ခဲ့ပါဦးတဲ့။ အဲဒါ မင်းလိုက်သွားကွာ၊ တစ်ခါတည်း ငါတို့ကျောင်းအတွက်ရမယ့် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်တွေပါ ထုတ်ခဲ့ပေါ့'

ထင်ကျော်ဦးက ဟင်းအိုးကို အောက်ချရင်း-

'ဘယ်တော့ သွားမှာတဲ့လဲ'

'ဒီနေ့လို့ ပြောတာပဲ'

'မင်းက မလိုက်တော့ဘူးလား'

'ကျောင်းဖွင့်စမှာ စာပိုပြီး သင်ထားမှဖြစ်မယ်ကွ၊ အလှူရက်ရောက်ရင် အနည်းဆုံး နှစ်ရက်လောက် ကျောင်းပိတ်ပေးရမှာ မဟုတ်လား'

ထင်ကျော်ဦးက ဆွမ်းဟင်းအတွက် ခူးခပ်ပြီးနောက် ဟင်းအိုးထဲမှ ဟင်းတစ်တုံးကို ကောက်မြည်းလိုက်ရင်း-

'ဒါဆို မင်း နေခဲ့လေ၊ ငါပဲ လိုက်သွားလိုက်ပါမယ်။ ဟာ… အခုမှ သတိရတယ်၊ ငါ ပိုးနေတဲ့ မလှဲ့အတွက် အချိတ်လုံချည်ဖြစ်ဖြစ်၊ ဘော်ကြယ်(စီးကွင့်) တွေနဲ့ထိုးထားတဲ့ ထိုင်မသိမ်းလုံချည်နဲ့ အင်္ကျီကိုဖြစ်ဖြစ် ငှားပေးပြီး ကွမ်းတောင်ကိုင် နိုင်းလိုက်ရရင်တော့ ငါတော့ အိုကေမှာ စိုပြည်မှာပဲ။ ဟေ့ကောင်၊ မင်းမှာရော ခြေကပ်လက်ကပ် အသပြာ ဘယ်လောက်ကျန်သေးလဲ ပေးပါဦးကွ'

ကျွန်တော်လည်း အိုးထဲမှ ဟင်းတစ်ဖတ်ကို ယူစားလိုက်ရင်း-

'ငါ့မှာ ငွေငါးဆယ်လောက်ပဲ ကျန်တော့တယ်၊ မင်းလိုချင်ရင် မိဘဆရာ အသင်းငွေထဲက ယူသွားပါလား။ လခထုတ်မှ ပြန်ထည့်လိုက်လေ၊ ငါ မိဘဆရာ အသင်းဥက္ကဋ္ဌ ဦးဖိုးသန့်ကို သွားပြောပေးမယ်'

'ဟာကွာ၊ အဲဒါမျိုးတော့ မလုပ်ပါရစေနဲ့၊ နာမည်ပျက်ပါတယ်။ အင်း ငါတို့လို တောကျောင်းဆရာတွေမှာ အပိုဝင်ငွေမရှိတာ တော်တော်နာတာပဲ။ မြို့က ကျောင်းတွေလို ကျူရှင်ဖွင့်ပြီး အပိုဝင်ငွေရှာရအောင်လည်း ငါတို့ရွာက ကလေးတွေ က ကျောင်းအပ်စရာ ပိုက်ဆံမရှိလို့ပါတဲ့၊ စာအုပ်ဝယ်ဖို့ ပိုက်ဆံမရှိလို့ပါတဲ့ဆိုလို့ ငါတို့တွေပဲ စိုက်စိုက်ထားရတာ။

'ဟာ… အခုမှ သတိရတယ်၊ တို့ဆီမှာ လွန်ခဲ့တဲ့ သုံး၊လေးနှစ်က အဖြေ လွှာစာရွက်တွေရှိတယ် မဟုတ်လား။ ဗလာစာရွက်က ပြန်ရောင်းရင် ဈေးကောင်းရ တယ်။ အဲဒါတွေ မြို့ယူသွားပြီး ငါရောင်းခဲ့မယ်'

'ဒုက္ခခံပြီး အဖြေလွှာစာရွက်တွေတော့ ယူမသွားပါနဲ့ကွာ၊ တစ်ပိဿမှ သုံး၊လေးဆယ် လောက်ရတာ။ တို့ဆီမှာလည်း လေးပိဿာပြည့်အောင် မရှိပါဘူး။ ရှေ့…ဟောဒီမှာ အမေက ငါ့ကို 'ခမဲ'ပေးထားတဲ့ လက်စွပ်သာ ယူသွားပြီး ပေါင် သုံးခဲ့ပေတော့'

'ကျေးဇူးပဲကွာ၊ လကုန်တော့ ပြန်ရွေးပေးပါ့မယ်'

ထိုစဉ် အိမ်ရှေ့မှ ဘိုးလေးဖိုးသစ်၏ အသံကို ကြားလိုက်ရသည်။

'ဆရာလေးရေ သွားကြရအောင်ဗျို့'

'ဟာ ဘိုးလေးကလည်း လောလှချည်လား၊ ညနေမှ သွားကြတာပေါ့'

'မြို့နယ် စိုက်ပျိုးရေးဘဏ်'အဖွဲ့ပြန်ဖို့ လမ်းပေါ်မှာ ကားရှိတယ်လေ။

ကျွန်တော်တို့ရွာစုဘက်မှာ တာဝန်ကျတဲ့ စိုက်/ဘဏ် အဖွဲ့တွေကို လမ်းပေါက်ကို ပြန်ပို့ဖို့ တခွတ်ရင်း ဥက္ကဋ္ဌ မောင်ဘကြည် လှည်းတွေ စီစဉ်နေတယ်။ အဲဒီလှည်းတွေနဲ့ လမ်းပေါက်ကို လိုက်တွားပြီး ညနေကျရင် စိုက်/ဘဏ်အဖွဲ့ မြို့ပြန်မယ့်ကားနဲ့ မြို့ကို တန်းလိုက်တွားကြအောင်လေ'

'ဒါဆိုလည်း သွားကြတာပေါ့။ ကျွန်တော် ထမင်းစားလိုက်ဦးမယ်'

'စားမနေနှင့် ဆရာရေ၊ တခွတ်ရင်းက မောင်ဘကြည်အိမ်မှာ ဝင်စားကြတာ ပေါ့၊ ကျုပ် စီစဉ်ထားပြီးတားဗျ'

ဘိုးလေးဖိုးသစ်နဲ့ ထင်ကျော်ဦးတို့ ထွက်သွားကြပြီးနောက် ဆွမ်းခံလာခါနီး ပြီဖြစ်၍ ဆွမ်းနှင့် ဆွမ်းဟင်းများကို ပြင်ဆင်နေစဉ် ကွကြီးရောက်လာပြီး -

'ဆရာလေးရေ၊ ဘာတွေလုပ်နေလဲဗျ'

'ထမင်းစားမလို့ဟေ့ လာကွာ၊ တစ်ခါတည်း ဝင်စားသွား'

'စားမနေပါနဲ့ ဆရာလေးရယ်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါဦး'

'ဘယ်ကိုလဲ၊ ဘာကိစ္စလဲဟ'

ကွကြီးက အိမ်ပေါ်တက်လာပြီး ရက်ကိုးရက်ကန်း အမူအရာဖြင့် -

'ဟဲ ဟဲ ဝါဝင်ဖို့က နှစ်ပတ်လောက်ပဲ လိုတော့တယ် ဆရာလေးရဲ့၊ ဒါကြောင့် ဝါမဝင်ခင် မိန်းမတွားတောင်းမလို့၊ အဲဒါ ဟို ဟို'

'မင်းအဖေ ဘိုးလေးဖိုးသစ်နဲ့ ထင်ကျော်ဦးတို့ အခုလေးတင် မြို့ကိုသွားတယ်ဟ၊ မင်းအဖေ မရှိဘဲ ဘယ်လိုလုပ် သွားတောင်းမလဲ'

'ဟာဗျာ။ ကျုပ်အဘက ကျုပ်ကို ဝါကျွတ်ပြီးမှ တောင်းပေးမှာဗျ၊ ဒီဝါတွင်း တုံးလကြီးကို ကျုပ် မစောင့်နိုင်တော့ဘူး။ ပြီးတော့ ဒီနှစ်က ဝါထပ်တယ်ဗျ။ အဲဒါကြောင့် အဘမရှိတုန်း တက်တုတ်ရိုက်ပြီး တွားရမှာဗျ။ အဲဒါ ဆရာလေးကို လာခေါ်တာ'

'မင်းအဘမပါဘဲနဲ့ ဘယ်လိုလုပ်ပြီး တောင်းမှာလဲ။ လူကြီးတွေခေါ်ရအောင် လည်း တို့ရွာက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးလည်း စိုက်/ဘဏ်အဖွဲ့တွေကို ပြန်ပို့ဖို့ လမ်းပေါက်ကို သွားကုန်ကြပြီ'

'အဲဒါကြောင့် ဆရာလေးကို လူကြီးအရာထားပြီး ခေါ်တာပေါ့ဗျ။ ဟို တစ်လုပ်ငန်းလုပ်တဲ့ ဆရာ့တူငယ်ချင်း ကိုခင်မောင်ထွန်းကလည်း ပြန်ရောက်မလာ တေးလို့ပေါ့ဗျာ။ တူပြန်ရောက်ပြီး ထွန်စက်ကြီးတာပါလာရင် အဲဒီထွန်စက်ကြီးနဲ့ကို တွားတောင်းပေးမယ်လို့ တူ ကတိပေးထားတယ်ဗျ'

'မင်းအဘ မသိဘဲနဲ့တော့ ငါ မလိုက်ရဲဘူး'

'ဆရာလေးကလည်း အဘက ကျုပ်ကိစ္စကို သဘောမတူတာမှ မဟုတ်

ဘဲနဲ့။ အလှူကိစ္စနဲ့ ရှုပ်နေလို့တာ တူမအားလို့ ဝါကျွတ်မှ စီစဉ်နိုင်းတာဗျ။ ဝါတွင်းမှာက ဈေးစပ်တာတို့၊ မင်္ဂလာဆောင်တို့၊ တောင်းရမ်းတာတို့တာ မလုပ်ကောင်းဘူးလို့ ပြောကြတာ မဟုတ်လား။ ယူပြီး ပေါင်းတင်းနေလို့က ရပါတယ်ဗျာ။

'ကဲ ကဲ ဆရာလေး၊ အခုလိုက်တောင်းပေးဗျာ။ ကျွန်တော့်ကောင်မလေးကို တစ်ခါတည်းခေါ်လာခဲ့မယ်။ ဟော ဝါကျွတ်တော့ အဘကနေ မင်္ဂလာဆောင်ပေးမှာပဲ။ အဘက ကျွန်တော့်ကို အချစ်ဆုံးပါဗျ။ အခုအခြေအနေအရ အဘကစိတ်ခုနေလို့ပါဗျာ။ ကဲ ဆရာလေးတာ လိုက်တောင်းပေးပါ၊ ဆရာလေးကိုလည်း အဘက ဆူမှာ မဟုတ်ပါဘူး'

ကျွန်တော် လိုက်တောင်းပေးလျှင်လည်း ဘိုးလေးဖိုးသစ်က အပြစ်ပြောမည် မဟုတ်ပါ။ သို့သော်လည်း ကျွန်တော့်မှာ စိတ်လေးနေသဖြင့် -

'ဟဲ့ကောင်ရ၊ မိန်းမတောင်းတယ်ဆိုတာ လွယ်တယ်မှတ်လို့လား၊ ကာလသားကြေးက ကိုးရာ့တစ်ထောင်ပေးရမှာ။ ပြီးတော့ ကန်တော့ပွဲတို့၊ ခန်းဝင်ပစ္စည်းတို့၊ ဘာတို့ညာတို့လည်း စီစဉ်ရဦးမှာ မဟုတ်လား'

'အဲဒါတွေက စီစဉ်ပြီးတား၊ ဘာမှမပူနဲ့။ အင်း အခုနေတာ အမ(အမေ)ရှိခဲ့ရင် အရာရာကို တူကိုယ်တိုင် စီစဉ်ပေးမှာ မြင်ယောင်မိတေးတယ်ဗျာ။ အခုတော့ ကျုပ် မိန်းမတောင်းဖို့တောင် မစောင့်နိုင်ဘူး၊ အတေစောရတယ်လို့ဗျာ'

'ဟဲ့ကောင်၊ ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့၊ မိန်းမသွားတောင်း မယ့်ကိစ္စမှာ ဘယ်သူတွေ ပါသေးလဲ'

'ရွာတောင်ပိုင်းက နတ်ကတော် ဒေါ်စရယ်၊ ဆယ်အိမ်ခေါင်း ဝင်းနိုင်နဲ့ ကာလတားခေါင်း ထိပ်ဖြူကြီးရယ်၊ ဆရာလေးရယ်ဆိုရင် လေးယောက်၊ ကျွန်တော်နဲ့ဆိုရင် ငါးယောက်ပေါ့။ ဒါနဲ့ ဆရာလေးကို ပြောရဦးမယ်။ ဒီနေ့ ညနေ ငါးနာရီကနေ ရှစ်နာရီအတွင်းမှာ အရောက်တွားပြီး တောင်းရမ်းရင် ကိုယ့်စကား အောင်မြင်မယ်တဲ့ဗျ'

'မင်းကို ဘယ်သူ ပြောသလဲ'

'ဆယ်အိမ်ခေါင်း ဝင်းနိုင် တွက်ပေးတာလေ။ အဲဒီအချိန်မှာ ဝိတာခါနက္ခတ်ရယ်၊ အတာဝတီနက္ခတ်ရယ်နဲ့ ရေဝတီနက္ခတ်တို့ စန်းယှဉ်ပြီး နေတယ်ဆိုပဲ။ နောက်ပြီးတော့ ကျီးတာရာနဲ့ ဖျိုင်းတာရာမှာ ငါးတွေ့တယ်ဆိုလား မတိပါဘူး။ တော်တော်ကြီးကို ကောင်းတဲ့အချိန်တဲ့ ဆရာလေးရဲ့။

'အဲဒါတွေမကဘူး။ ဒေါ်စကလည်း ကိုယ်တော်တွေကို ပွဲပေးပြီးမေးထားတာ အဲဒီအချိန်ဟာ အချိန်ကောင်းတဲ့။ အချိန်နောက်ကျရင်တွားရင် ဝါကျွတ်မှပဲ ရတော့မယ်လို့ ပြောတယ်ဗျ။ အဲဒါကြောင့် အချိန်မနှောင်းခင် တွားရအောင် ဆရာ

လေး'

ကျွန်တော်သည် ရယ်ချင်စိတ်ကိုထိန်းပြီး ဘာမျှမသိ နားမလည်သော မယားတရူး ကွကြီးကိုကြည့်ရင်း စိတ်ပျက်စွာဖြင့်-

'မင်းမိဘတွေမပါဘဲနဲ့ သွားတောင်းရင် ဖြစ်ပါ့မလား၊ တော်ကြာ သမီးရှင် မိဘတွေက ဘာပြောမလဲ'

'ဘာမှမပူနဲ့၊ စီစဉ်ပြီးတား။ အဘအတည်းအတန်ဖြစ်နေလို့ မိန်းမတောင်း အောင် လိုက်မလာနိုင်ဘူးလို့။ ပြီးတော့ အဘကလည်း တူခေါင်းမချခင်၊ မျက်စိမမှိတ် ခင် ကျုပ်အိမ်ထောင်ရက်တား ကျတွားတာကို မြင်ချင်တယ်။ အဲဒါကြောင့် တက် တုတ်ရိုက်ပြီး စီစဉ်လိုက်ရတာပါလို့လည်း စာရေးပေးပြီးတား'

ကျွန်တော် မျက်လုံးပြူးသွားသည်။

'ဟ၊ မင်းအမေလင်ကြီးက ဒေါင်ဒေါင်မြည်ကြီး(ကျွန်းမာရေးအထူးကောင်း မွန်သည်)ဆိုတာ ဟိုဘက်ကသိရင် ဘယ်လိုလုပ်မလဲ။ ပြီးတော့ အခုအကြောင်းတွေ သာ မင်းအမေလင်ကြီး သိသွားရင် မင်း ဘယ်လိုလုပ်မလဲ'

'ဆရာလေးကလည်း ကျွန်တော်ယူမယ့်မိန်းမက ဒီရွာနဲ့ မိုင်နှစ်ဆယ် လောက်ဝေးတဲ့ ဒိုပြင်ရွာကပဲဟာ။ ကျုပ်အဘ နေကောင်း၊ မကောင်း ချက်ချင်းကြီး မတိနိုင်ပါဘူး။

'နောက်ပြီး ဒီအကြောင်းတွေကိုတိတာ ဆရာနဲ့ပါဆို လေးယောက်ပဲရှိတာ။ ဆရာတို့မပြောရင် အဘလည်း မတိနိုင်ပါဘူး။

'အဲနောက်ဆုံး တူတို့တွေအားလုံး တိတွားတဲ့အချိန်မှာ ကျွန်တော်လည်း အိမ်ထောင်ကျနေပြီဆိုတော့ တမီးရှင်ကလည်း တမီးမျက်နှာနဲ့၊ တားရှင်ကလည်း တားရှင်မျက်နှာနဲ့ ဘာမှဖြစ်မှာ မဟုတ်ပါဘူး'

'ဟာကွာ၊ ငါမလိုက်ချင်ဘူး၊ မင်းတို့ဟာမင်းတို့ သွားကြကွာ'

'ဟာ ဆရာလေးရယ်၊ ကျွန်တော့်မှာ အားကိုးရမယ့်တူဆိုလို့ ဆရာလေးပဲ ရှိပါတယ်။ အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ဒီရွာနဲ့ ပတ်ဝန်းကျင်ရွာတူတွေက ကျွန်တော့် ကို အရူးအပေါ်ဆိုပြီး ကြိုက်မယ့်တူလည်း မရှိပါဘူး ဆရာလေးရယ်။

'အခု ကောင်မလေးတောင် ကျွန်တော့်အကြောင်းတွေ ကောင်းကောင်းမတိ တေးလို့တာ ကျွန်တော့်ကို ကြိုက်တာပါ။

'တစ်တက်မှာ တစ်ခါတာ ကြုံတောင့်ကြုံခဲကြုံရတဲ့ ရှားရှားပါးပါးလေးကို လက်လွှတ်တော့ မခံပါရစေနဲ့ဗျာ၊ အီး…ဝါတွင်း တုံးလတာ စောင့်ရလို့ရှိရင်တော့ ကျွန်တော့်ရဲ့အကြောင်းတွေကို တိတွားပြီး ကျွန်တော့်ကိုယူမှာ မဟုတ်တော့ပါဘူး ဆရာလေးရဲ့၊ အီး…အီး…ရှုတ်'

စိတ်ထိခိုက်ကြေကွဲစွာဖြင့် ချုံးပွဲချငိုကြွေးနေသော မောင်ကွကြီးအား ကြည့်ရင်း ရယ်ချင်စိတ်များကို မနည်းမျိုသိပ်၍-

'ကဲပါကွာ၊ ငိုမနေပါနဲ့ နားငြီးပါတယ်'

ကွကြီးက မျက်ရည်နှင့် နှာရည်များကို ပုဆိုးအောက်စဖြင့် သုတ်ရင်း-

'ဒါဆို ဆရာလေး လိုက်တော့မယ်ပေါ့၊ ကျွန်တော် လှည်းတွားပြင်လိုက်တော့မယ်'

'ဟ၊ အခုမှ ဘုန်းကြီးကျောင်းက 'ဗိန်း'ထုတာ(ဆွမ်းခံရန်ထုသောစည်) ဆယ်နာရီပဲ ရှိသေးတယ်ဟ'

'ဆရာလေးကလည်း တွားရမယ့်ခရီးက မိုင်နှစ်ဆယ်ကြီးများတောင် လှည်းနဲ့တွားရမှာဆိုတော့ အခုအချိန်ထွက်မှ ညနေ လေးနာရီ ပတ်ဝန်းကျင်ရောက်မှာ။ ငါးနာရီထိုးတာနဲ့ ကောင်မလေးအိမ်တွားပြီး တောင်းရမ်းမယ်ဗျာ။ ပြီးတော့ မနက်အစောကြီးထ ပြန်လာမှာပဲ ဆရာလေးရ။ ကဲပါဗျာ၊ လာပါ၊ ရှေ့ရွာကိုရောက်မှ ထမင်းစားကြတာပေါ့။ ဟိုမှာမြင်လား ဒေါ်စတို့က လှည်းတစ်စီး၊ ဆရာလေးနဲ့ ကျွန်တော်က လှည်းတစ်စီး၊ အတင့်ပြင်ပြီးတား'

စိတ်ကို တုံးတုံးချလိုက်ပြီး တိုက်ပုံအင်္ကျီကို ကောက်စွပ်ကာ လမ်းထောင့်တွင် ရပ်ထားသော လှည်းဆီသွားလိုက်သည်။

'ဟဲ့ ကွကြီး၊ ဒီနွားတွေက မင်းအဘ နောက်မှဝယ်ထားတဲ့ နွားတွေမဟုတ်လား'

'ဟုတ်တယ်လေ၊ အဘက တူမြေးတွေ အလှူမင်္ဂလာ လှည်းတာမှာ တုံးဖို့ဝယ်ထားတာ။ ကျွန်တော် မိန်းမတောင်းတာလည်း မင်္ဂလာတစ်ပါးပဲ မဟုတ်လား။ အဲဒါကြောင့် လှည်းမှာ တပ်လာတာ'

□□□

# အခန်း - ၃

ညနေ လေးနာရီကျော်ကျော်လောက်တွင် မိန်းမတောင်းမည့် ရွာနားသို့ ရောက်လာသည်။

'ဟဲ့ ကွကြီးရဲ့၊ ဖြည်းဖြည်းမောင်းပါဟ။ နောက်က ဒေါ်စတို့လှည်း ပြတ်ကျန်နေခဲ့ပြီ'

'ဆရာလေးရေ ကျွန်တော်က ဖြည်းဖြည်းမောင်းတာပဲ၊ နွားတွေကိုက ခြေလှမ်းတွက်နေတာ။ ဒီရွာကိုများ တူ့ရွာမှတ်နေလား မသိဘူး။ အင်းလေ၊ နောက်ဆို ဒီရွာဟာ တူ့ရွာဖြစ်မယ်ဆိုတာ ကြိုတိလို့နေမှာပေါ့။ ဒါဟာ နိမိတ်ကောင်းပဲဗျ။ ဟဲ ဟဲ ဟောဟိုမှာ ကျွန်တော့်ရဲ့ အောင်တွယ်တော်ကြီး အေးမိတောင် ရွာထိပ်မှာ လာစောင့်နေပါလား၊ ကျွတ်… ကျွတ်…ရှီ့…ရှီ့'

လှည်းကို အတင်းဆွဲ၍ ရပ်လိုက်ပြီး-

'ဟဲ့ အေးမိ၊ ငါ့ဟာ အဆင်ပြေလား'

အေးမိက လူကိုမကြည့်ဘဲ တောင့်တင်းလှသော နွားတွေကိုကြည့်ရင်း-

'တော့် နွားကြီးတွေက လှလိုက်တာတော်။ ရွာအနောက်ပိုင်းက ထွေးလေးကိုကျော်စိုးရဲ့ နွားကြီးတွေကျနေတာပဲ'

'အောင်မလေး၊ အရေးထဲ နွားငှီးကာချဲ့နေပြန်ပြီ။ အဲဒါအတာထား၊ ငါ့ကိစ္စကို ပြောပါဦးဟဲ့'

'အင်း၊ အဲ၊ ရှင့်ကောင်မလေး မိဘတွေက ရှင့်မိဘတွေမပါဘဲ လာတောင်းတာဆိုတော့ သိပ်ဘဝင်မကျချင်ဘူး။ ဒါပေမဲ့ ရှင့်အဘကလည်း အသည်းအသန်ဖြစ်နေပြီး ဆေးဆရာတောင် လက်လျှော့ထားတာဆိုတော့ သူတို့ကလည်း ဘာမှမပြောပါဘူး။ အဲ တော်ကြာမှ သူတို့သမီးလည်း ရှင်နဲ့ရရော ရှင့်အဘလည်း တစ်ခါတည်း သေဆိုရင်တော့ မလွယ်ဘူးလို့တော့ ပြောတာပဲ'

ကျွန်တော်လည်း ကြက်သီးထ,သွားရင်း ကွကြီးကို ကြည့်လိုက်သည်။ ကွကြီးကတော့ ဘာမှမဖြစ်သလို အပြုံးမပျက်ဘဲ-

'ငါ့အဘကလည်း တော်တော် ထူထူထောင်ထောင် ဖြစ်လာပါပြီဟ။ ဒါပေမဲ့ ဒီလောက်ခရီးကြမ်းကို လိုက်လာဖို့ မတင့်တေးလို့ ထားခဲ့ရတာ။ တူ့ခမျာမှာ လိုက်ချင်ရှာလွန်းလို့လေ၊ အဲ အဲ ဒါနဲ့ ငါနိုင်းတာတွေရော လုပ်ပြီးပြီလား'

'အင်း၊ ကာလသားကြေးက ပေးပြီးပါပြီ။ ခန်းဝင်ပစ္စည်းတွေနဲ့ ကန်တော့ပွဲကတော့ ကျုပ်အိမ်မှာပဲ ရှိသေးတယ်။ ရှင်တို့သွားတောင်းမှ သယ်ပို့ရမှာလေ'

'ဒါဆို အေးမိရေ နင်တွားနှင့်၊ နောက်ကလှည်းလာရင် ငါတန်းလိုက်ခဲ့မယ်။ အရေးထဲ ဒေါ်စတို့လှည်းကလည်း လာခဲလိုက်တာ၊ ငါးနာရီတောင်ထိုးနေပြီ'

'ကဲ ကျွန်မတို့အိမ်ကိုသာ လာခဲ့ပေတော့၊ ကျွန်မ သွားနှင့်မယ်'

အေးမိထွက်သွားသွားချင်း ကွကြီးသည် ဘူးခါးခြောက် ရေဘူးထဲမှ ရေကို ယူ၍ မျက်နှာသစ်လိုက်ပြီး ခါးပုံစဖြင့် မျက်နှာကို သုတ်လိုက်သည်။ ထို့နောက် 'ဂ'ငယ်ဂိုရာလား 'က'ကြီးကိုရာလား မသိသော စနီးကို လက်ညှိုးတစ်ကော်ကော်၍ယူပြီး သူ့မျက်နှာအနှံ့ ပွတ်သည်။

နောက်ထပ်တစ်ကော် ထပ်ကော်ပြီး လက်နှစ်ဖက်နှင့် ခြေထောက်တွေကိုပါ ပွတ်သည်။ မျက်နှာက သစ်ပြီးသားဖြစ်၍ စနီးလိမ်းလိုက်သောအခါ ဖြူဖွေးသွားသော်လည်း လက်နှင့် ခြေထောက်မှာ ဖုန်တလုံးလုံးဖြစ်နေစဉ် လိမ်းလိုက်ရသောကြောင့် ချေး(ကျီး) လက်လေးသစ်ဟု ပြောရမလား၊ မြွေပွေးကွက်ဟု ပြောရမလား မသိသော အဖြူနှင့် အမည်းများ အကွက်လိုက်၊ အလိပ်လိုက် ဖြစ်သွားသည်။

မောင်ကွကြီးက ထပ်မံ၍ လက်ပေါ်တွင် သွေးကာ လိမ်းရသော ရွှေဆွဲပြားပါသည်ဆိုလား၊ ရွှေလက်စွပ်ပါသည်ဆိုလား ပြောသံ ကြားဖူးသော ရွှံ့ခဲကို လက်ဝါးနှစ်ဖက် အပြည့်သွေး၍ ခြေဆုံးခေါင်းဆုံး လိမ်းပြန်ပါသည်။

ပြီးနောက် ရှားရှားပါးပါး ဘယ်က ရခဲ့သည်မသိသော မူလလက်ဟောင်း 'ဝိုင်အိုလက်'ပေါင်ဒါဘူးကို ထုတ်ယူ၍ 'တို့ဖတ်ပဝါ'ပေါ် ဖြူးကာ မျက်နှာပေါ်သို့

တဖုန်းဖုန်းနှင့် ရိုက်နေသည်မှာ ဘေးမှထိုင်နေသော ကျွန်တော်ပင်လျှင် အသက်ရှူ ကျပ်လာသည်။ ထိုပေါင်ဒါကိုပင် ချိုင်းကြား၊ ပေါင်ကြားပါမကျန် ဘူးတစ်ဝက်ခန့် လောင်းချ၍ ပွတ်ပြန်ပါသည်။

ထို့နောက် ခေတ်ဟောင်း အောက်မေ့ဖွယ်ဟု ဆိုရမည့် 'ဒေါင်း'တံဆိပ် ခေါင်းလိမ်းဆီမွှေးကို ခေါင်းပေါ်သို့ ရွှဲရွှဲစိုအောင် လိမ်းလိုက်ပြီးသကာလ ပယ်ပယ် နယ်နယ် ခေါင်းဖြီးပါလေတော့သည်။

တချို့ ခေါင်းလိမ်းဆီများသည် နားထင်မှတစ်ဆင့် ပါးပေါ်သို့ မြစ်ကြီးငါး သွယ်၊ မြစ်ငယ်ငါးရာပမာ စီးဆင်း၍ ကျလာသည်။

ထို့ကြောင့် တို့ဖတ်ပဝါကိုယူ၍ ဒုတိယမ္ပိ မျက်နှာကို 'တဖုန်းဖုန်း'ရိုက်ပြန် လေရာ ဘေးမှ ကျွန်တော်ပင် သူ့အစား လက်ညောင်းနေတော့သည်။

ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးကို လက်ကြောတင်းတင်းဖြင့် စိတ်တိုင်းကျ ရှူပါမောင်းတင်ပြီးသွားသည့်နောက် ဖင်အောက်တွင် စက္ကူပတ်၍ ခုထိုင်လာခဲ့သော အထုပ်ထဲမှ နက်ပြာရောင်လုံချည်ကို ထုတ်၍ ဝတ်လိုက်သည်။ ပုဆိုးမှာ ယခုမှ ချုပ်လာခဲ့သော အသစ်ဖြစ်၍ ကော်တောင့်နေသဖြင့် အသားတွင်ကပ်မနေဘဲ ဂါဝန် သဖွယ် ဖြစ်နေသည်။

ပန်းနုရောင် ရှပ်လက်ရှည်အင်္ကျီကို ထုတ်ယူ၍ သေသပ်စွာဝတ်ဆင်ပြီး နောက် အပေါ်မှ နံ့သာရောင်တိုက်ပုံအင်္ကျီကို ကောက်စွပ်ကာ ကျွန်တော့်ဘက်လှည့် ပြီး အစွမ်းကုန်ပြုံးရင်း-

'ဟီး ဟီး၊ ကျွန်တော်လှရဲ့လား ဆရာ'

ဟု မေးလိုက်သဖြင့် ကျွန်တော့်မှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အသက် အောင့်၍ ရွတ်လိုက်ရင်း သတို့သားလောင်း၏ မျက်နှာကို ကြည့်လိုက်မိသည်။

စန္ဒာငွေလမင်းကဲ့သို့ အဖုအထစ်၊ အချိုင့်အဝှမ်းများလှသော သူ့မျက်နှာကြီး ပေါ်တွင် စနီးတစ်ထပ်၊ ရွှံ့ရည်တစ်ထပ်၊ ဝိုင်အိုလက် ပေါင်ဒါ တစ်ထပ်တို့သည် သူ့အလွှာနှင့်သူ တင့်တယ်စွာ ရှိနေကြ၍ 'ကရေကရာ' မုန့်ကြီး မှိုတက်သကဲ့သို့ ဖြူဖွေးနေသော မျက်နှာကြီးထဲမှ ဝင်းဝင်းတောက်နေသော ရွှေသွားကြီးနှစ်ချောင်း၊ ထို့နောက် တိုက်ပုံအဝါ၊ အင်္ကျီပန်းရောင်၊ ပုဆိုးအနက်၊ ခြေသလုံး မွှေးပွေးကွက်ဖြင့် လှချင်တိုင်းလှနေသော သတို့သားအလောင်းအလျာ မောင်ကွကြီးအား ညနေ နေဝင် ရီးရီတွင် တစိမ့်စိမ့်ကြည့်ရင်း တစိမ့်စိမ့်ကြောက်လာသဖြင့်-

'အေး၊ အဲ၊ လှပါတယ်၊ လှပါတယ်။ ဟို ဟိုဘက်ကိုလှည့်ပြီး ဒေါ်စတို့ လှည်းကို လှမ်းမျှော်ကြည့်ပါဦး'

ဟု တိုက်တွန်းလိုက်ရပါသည်။

ဖုန်လုံးများကြားမှ ဒေါစတို့လှည်း ပေါ်လာသည်။ လှည်းပေါ်ပါလာသူ သုံးဦးစလုံးသည်လည်း မောင်ကွကြီးကဲ့သို့ လှပသေသပ်စွာ ဖြီးလိမ်းပြီးဖြစ်နေသည်ကို တအံ့တသြ တွေ့လိုက်ရသဖြင့် 'ဒရက်ကူလာ' သွေးစုပ်ဖုတ်ကောင် မြို့စားကြီးနှင့် သူ့တပည့် သွေးစုပ်ကောင်ကြီးတစ်စုတို့ ရွာတွင်းသို့ သွေးစုပ်ရန်သွားကြသည့် ဗီဒီယိုဇာတ်လမ်းကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသကဲ့သို့ ကျွန်တော့်မှာ ကြက်သီးမွေးညင်းထ,မိပါသည်။ ကွကြီးက-

'ကြာလိုက်တာ ဒေါစရယ်၊ အခု ငါးနာရီထိုးတော့မယ်ဗျ'

'တူစိမ်းတစ်ရံဆံရွာကို သွားရမှာဆိုတော့ လူမြင်တင့်တယ်အောင် ပြင်ရဆင်ရတေးတယ်ဟဲ့၊ အချိန်မီပါတယ် ကွကြီးရဲ့၊ ကဲ သွားကြစို့'

ရွာထဲသို့ လှည်းဝင်လိုက်စဉ် တစ်ရွာလုံးရှိ လူအပေါင်းက ကျွန်တော်တို့အား ကြည့်၍ တီးတိုးတီးတိုး ပြောဆိုနေကြသည်။

မောင်ကွကြီးနှင့် ဒေါစတို့အဖွဲ့ကတော့ နားရွက်ကြီးများ ပါးစပ်ချိတ်အောင် ပြုံး၍နေကြသည်။

ထိုစဉ် မောင်ကွကြီး၏ လှည်းမှ နွားနှစ်ကောင်မှာ ရွာအရှေ့ပိုင်းသို့ မောင်း၍မရဘဲ ရွာအနောက်ပိုင်းသို့သာ ဦးတည်၍ ရုန်းကန်နေကြသဖြင့် မောင်ကွကြီးမှာ ချွေးပြန်အောင် ထိန်းမောင်းနေရသည်။ မကြာပါချေ။ နွားနှစ်ကောင်သည် လှည်းကို အတင်းရုန်း၍ ဒုန်းစိုင်းကာပင် ရွာအနောက်ပိုင်းသို့ အတင်းပြေးသွားပြီး အိမ်ဝိုင်းတစ်ခုထဲသို့ အတင်းဝင်သွားသည်။

ထိုအိမ်ဝိုင်းတွင်ရှိသော နှပ်ချေးတွဲလဲ ကိုယ်လုံးတီး ကောင်လေးတစ်ယောက် ပြေးလာပြီး-

'ဟာ ရွှေတိုးနဲ့ငွေတိုးတို့ ပြန်လာကြပြီ အဘရေ'

ဟု အော်ဟစ်လိုက်ရာ သူ၏ အော်သံကြောင့် ထမင်းစားနေသော လူလတ်ပိုင်း လူငယ်နှစ်ယောက်နှင့် အဘိုးကြီး၊ အဘွားကြီးတို့ ထွက်လာကြပြန်သည်။ ကွကြီးက ထိုသူများကို ပြုံး၍ပြလိုက်ပြီး-

'ဟဲ့ ရွှေတိုးနဲ့ ငွေတိုး မဟုတ်ပါဘူး။ မောင်ကြည်တန်းခေါ် မောင်ကွကြီးရဲ့ ကျောင်းဆရာပါဟဲ့၊ ကဲ ကဲ သွားဦးမယ်ဗျို့'

ဟု ပြုံးပြုံးကြီးပြောကာ လှည်းကို အိမ်ဝိုင်းအပြင်ဘက်သို့ ထွက်ရန် အတင်းပြန်ကွေ့နေသည်။ နွားနှစ်ကောင်မှာလည်း ပေကပ်နေရာ ကျွန်တော်တို့လှည်းမှာ သူများအိမ်ဝိုင်းထဲတွင် ချာလပတ်လည်နေလေတော့သည်။

ထိုအခါမှ အံ့အားသင့်ကာ ကြည့်နေကြသော လူငယ်နှစ်ယောက်သည် တုတ်၊ ဓားများကို ပြေးဆွဲပြီး-

"နွားသူခိုးတွေ မပြေးနဲ့၊ သေဖို့သာပြင်"

ဟု အော်ဟစ်ကာ ပြေးလာသောကြောင့် အဘိုးကြီးနှင့် အဘွားကြီးတို့မှာ ပျာပျာသလဲ သူ့သားနှစ်ယောက်ကို ဆွဲထားရင်း-

"ဟဲ့ ကလေးတွေ လွှန်ကုန်မယ်။ ဟိုလှည်းပေါ်က ကောင်တွေ အောက်ကို ဆင်းခဲ့စမ်း၊ လာကြပါဦး အရပ်ကတို့ရေ"

ဟု ယယ်သံပါအောင် အော်ဟစ်လိုက်သောကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားပြီး တစ်ရွာလုံးရှိ ကလေးလူကြီးပါမကျန် ပြေးလာကြသည်။

ကျွန်တော်နှင့် ကွကြီးတို့နှစ်ယောက်သားမှာ သူများအိမ်ဝိုင်းထဲတွင် ချာချာလည်နေသော လှည်းကြီးပေါ်၌ မျက်စိသူငယ်၊ နားသူငယ်နှင့် ကြောင်တောင်တောင် ဖြစ်နေကြသည်။ ဒေါ်စတို့အဖွဲ့ကတော့ ဘယ်မှာကျန်နေမှန်း မသိပေ။

ခဏအကြာတွင် ရွာရှိ ပြည်သူ့စစ်ဟု ထင်ရသော လူတစ်စုရောက်ရှိလာပြီး ကျွန်တော်တို့အား လှည်းပေါ်မှဆင်းစေကာ ကြိုးဖြင့်တုပ်ရန် ပြင်ကြသဖြင့် ကျွန်တော့်မှာ ခေါင်းနားပန်းကြီးသွားပြီး-

"ဟေ့လူတွေ မှားမယ်၊ မှားမယ်။ ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲ"

ကျွန်တော်၏ အမေးကို ဂရုမစိုက်ဘဲ ကွကြီး၏ လက်ကောက်ဝတ်ကို နွားကန်ကြိုးဖြင့် ချည်နှောင်လိုက်ရင်း-

"ကိုယ့်အပြစ်ကို မသိဘူးလား ခွေးမသားတွေရဲ့။ ဒီနွားတွေဟာ တို့ရွာမှာရော ဒီနယ်မှာပါ နာမည်အကြီးဆုံး။ လှည်းပြိုင်ပွဲ၊ နွားပြိုင်ပွဲတိုင်းမှာ အနိုင်ရနေတဲ့ ရွှေတိုးနဲ့ ငွေတိုးဆိုတဲ့ နွားတွေဆိုတာ မင်းတို့က မသိချင်ယောင်ဆောင်ပြီး ကြောင်တောင်နိုက်တာ။ ဒါမျိုးဘယ်ရမလဲ ဟင်း ဟင်း။ ဒီနွားတွေ အခိုးခံရလို့ ပျောက်နေတာ နှစ်လကျော်ပြီ။ အခု လက်ပူးလက်ကြပ်မိပြီ၊ ဘာမှန်လာဥလုပ်ချင်သေးတာတုံး"

ပြောရင်းဆိုရင်း ကျွန်တော့်လက်ကိုပါ ကြိုးဖြင့် ချည်နှောင်ရန် ကြိုးစားနေသဖြင့် ကျွန်တော့်မှာ လက်ကိုရုန်းရင်း-

"ဒီမှာ နောင်ကြီး၊ ကျွန်တော် သင်္ကယ်မြောင်ရွာက ကျောင်းဆရာပါ"

ဟု ကျွန်တော့်ဂုဏ်ပုဒ်ကိုဖော်ပြီး ထုချေလိုက်သော်လည်း ပြည်သူ့စစ်ခေါင်းဆောင်သည် အံ့ဩခြင်းအသွင်သို့ ပြောင်းသွားသဖြင့် ကျွန်တော့်မှာ ဝမ်းသာသွားပြီး အဖြစ်မှန်ကို ရှင်းပြမည်ဟု ပြင်လိုက်စဉ်ပင်-

"ဩ...အနာဂတ်ကာလမှာ ကလေးတွေ လမ်းမမှားရအောင် လမ်းညွှန်သင်ကြားပေးတဲ့ ကျောင်းဆရာကိုယ်တိုင်က နွားခိုးပြီး ရွာလည်ရတယ်ဆိုတော့ ကောင်းကြသေးရဲ့လား အရပ်ကတို့ရဲ့"

ပြည်သူ့စစ်ခေါင်းဆောင်၏ တိုင်တည်စကားကြောင့် ဝိုင်းဝန်းလာကြသော

ပရိသတ်အပေါင်း 'ဟာခနဲ'ဖြစ်သွားကာ မေးကြောကြီးများ ထောင်သွားသည်ကို မြင်လိုက်ရ၍ ကျွန်တော့်မှာ အလျှင်အမြန် ထပ်မံ၍ ရှင်းပြလိုက်ရပြန်သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ကျွန်တော်တို့ မိန်းမလာတောင်းတာပါ ခင်ဗျာ'

ကျွန်တော့် ရှင်းပြချက်အဆုံး 'ဟာ'ခနဲ ဖြစ်သွားသူ ပရိသတ်အပေါင်း 'ဟင်'ခနဲ ဖြစ်သွားကြပြီးနောက်-

'အမယ်လေး လေး၊ နွားသူခိုးတွေကို ဘယ်သမီးရှင်ကများ သမက်တော် ချင်ရတာတဲ့လဲ။ အဲဒီသမီးရှင်အိမ်ကို 'ခဲ'မိုး ရွာပစ်မယ်ကွ ဟင်း၊ အဆိပ်ပင် ရေ လောင်းလို့ကွာ'

'အိုကွာ၊ ခြေမ မကောင်းရင် ခြေမ၊ လက်မ မကောင်းရင် လက်မပဲ ပေ့။ ငါတို့ အမျိုးတွေထဲတော့ နွားသူခိုးသွေး အဝင်မခံနိုင်ဘူး၊ ချသာ ချကွာ'

စသည်ဖြင့် စသည်ဖြင့် ကိုယ့်ထမင်းကိုယ်စားသော ကျေးဇူးရှင်အပေါင်း၏ နှုတ်၏ စောင်မမှုကြောင့်-

ချမယ်၊ နက်မယ်၊ နပ်နပ်စဉ်းမယ်၊ အမှုန့်ကြိတ်မယ် စသည် စသည်ဖြင့် အကြမ်းဖက်ဝါဒကို လက်တွေ့ကျင့်သုံးရန် လာကြကုန်သော ရွှေပွဲလာ ပရိသတ် အပေါင်းကို ကျေးရွာပြည်သူ့စစ်များက ရှုပ်ရှုပ်ချုံချုံ တားရင်း၊ ဆီးရင်း၊ ပြောရင်း ဆိုရင်း၊ ရှန်းရင်း၊ ကန်ရင်းဖြင့်ပင် ကျွန်တော်နှင့် မောင်ကွကြီးတို့နှစ်ယောက်မှာ လက်ပြန်ကြိုးတုပ်ပြီးသား ဖြစ်သွားသည်။

ကြောက်ရွံ့စိတ်၊ ရှက်စိတ်များကြောင့် ကာယိန္ဒြေပျက်ယွင်းလောက်အောင် တုန်လှုပ်လာသော ကျွန်ုပ်၏ မျက်ဝန်းများမှ စီးဆင်းလာသော ပုလဲမျက်ရည်များသည် လည်း ကွကြီး၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကြောင့် ဘက်ဂီယာထိုးကာ ဆန်လေသည့် စုန်ရေ ဖြစ်ရပြန်ပါသည်။

မောင်ကွကြီးကတော့ ကြောက်လန့်တကြား ငိုချလိုက်ရာ ဖြူဖြူဖွေးနေသော သူ့မျက်နှာကြီးပေါ်ရှိ စနိုးလွှာ၊ ရွှံ့လွှာ၊ ပေါင်ဒါလွှာတည်းဟူသော အလွှာကြီးသုံး လွှာမှာ မျက်ရည်မြစ် တိုက်စား စီးဆင်းခြင်းကြောင့် ကျိုးပဲ့ပျက်စီးကာ မည်းမည်း အကြောင်းကြီးများဖြစ်လျက် စီးဆင်းသွားလေတော့သည်။

ထို့အပြင် မီးသတ်ကားရှစ်စီး ခေါင်းချင်းဆိုင်၍ အပြိုင်ဥဩဆွဲလိုက်သကဲ့သို့ သာယာနာပျော်ဖွယ် အလျှင်းကင်းမဲ့သည့် အသံကြီးဖြင့်-

'အီး အီး၊ ကျုပ် နွားမခိုးပါဘူးဗျ အီး ဟီး ရွှတ်'

ဟူသော ငိုယိုသံကြောင့် ပြည်သူ့စစ်ခေါင်းဆောင်သည် သနားသွားသည် ထင်သည်။

'အေး မင်းခိုး မခိုးဆိုတာတော့ ဥက္ကဋ္ဌအိမ်ရောက်မှ ရှင်းတာပေါ့၊ ဂ

ဥက္ကဋ္ဌအိမ်ကို ခေါ်သွားကြ'

'နေ နေပါဦး၊ ပြောပါရစေဦး၊ ဒီမှာ ဒီမှာ'

ကွကြီး၏ အတင်းရုန်းကန်ရင်း အော်ဟစ်သံကြောင့် ပြည်သူ့စစ်ခေါင်းဆောင်က ဒေါသထွက်သွားပြီး-

'ဒီမှာမနေနဲ့၊ ဥက္ကဋ္ဌအိမ်ရောက်မှ ပြောစရာရှိတာပြော၊ အခု ဥက္ကဋ္ဌအိမ်ကိုသာ အရင်ကြွ'

'ကြွပါ့မယ်၊ ကြွပါ့မယ်။ အခု ကျုပ်ပုဆိုးကျွတ်တော့မယ်ဗျ။ တော်ကြာ အမှုတစ်ခု ထပ်တိုးမှာစိုးလို့ပါခင်ဗျ၊ အီး အီး'

ကွကြီး၏ ကော်တောင့်နေသော နက်ပြာရောင်ပုဆိုးကြီးမှာ ခါးပုံစပင် ပြေ၍နေပေပြီ။

ပြည်သူ့စစ်ခေါင်းဆောင်လည်း ပျာပျာသလဲဖြစ်သွားပြီး ကွကြီး၏ခါးကို နွားကန်ကြိုးတစ်ချောင်းဖြင့် ပတ်၍ချည်ပေးကာ စိတ်ချလက်ချဖြင့် ဥက္ကဋ္ဌအိမ်သို့ ခေါ်သွားလေတော့ရာ လမ်းတစ်လျှောက်လုံး ခြေချစရာမရှိအောင် ပွဲကြည့်ပရိသတ်များဖြင့် ပြည့်နေပါတော့သည်။

ထိုထိုသော ပရိသတ်အပေါင်းကလည်း ကြည့်ရှုံမျှမကဘဲ ပွစိ ပွစိဖြင့် ထင်မြင်ချက်များကို ဖောဖောသီသီ ပေးနေကြသည်။

'ဟယ် နွားသူခိုးခေါင်းဆောင်က ကျောင်းဆရာတဲ့တော်ရေ၊ အံ့ကို သြရော'

'ရွှေတိုးနဲ့ ငွေတိုးတို့အရင် ပျောက်သွားတဲ့ နွားတွေလည်း သူတို့တွေလက်ချက်နေမှာပဲနော်'

'အစစ်ပေါ့အေ၊ ဒါကြောင့် အဲဒီကျောင်းဆရာတပည့် ဝတ်ထားတာ ကြည့်ပါလား၊ သန့်ပြီးတော့ တောက်ပြောင်နေတာပဲ'

'သန့်တာကလည်း မပြောနဲ့အေ့၊ နွားသူခိုးခေါင်းဆောင်က သူ့တပည့်ကို တို့ရွာသူနဲ့ လက်ထပ်ပေးဖို့ ခေါ်လာတာတဲ့တော်'

'ဟောတော်၊ ဖြစ်မှဖြစ်ရပလေ။ ဒီလို နွားသူခိုးနဲ့ ယူမယ့် ကောင်မမျိုး ကြုံတောင် မကြုံဖူးပေါင်'

'ဒီလို နွားသူခိုးနဲ့ ယူဝံ့တဲ့ရွာသူ ယူရဲယူကြည့်၊ တစ်ရွာလုံး ဝိုင်းကြဉ်ထားလိုက်မယ်၊ ဘာမှတ်နေသလဲ ဟင်း'

အနီကွဲသို့သော ရေပက်မဝင် စွပ်စွဲချက်တွေကြား၌ အားမတန်၍ မာန်ကိုလျှော့ကာ ခေါင်းကိုငိုက်စိုက်ချ၍ ခပ်သုတ်သုတ် လျှောက်လှမ်းနေသော ကျွန်တော့်မှာ မည်သည့်ဘဝကများ မည်ကဲ့သို့ပြုမိသဖြင့် ယခုကဲ့သို့ ချည်ပြီး တုပ်ပြီး အရှက်

တကွဲ အကျိုးနည်း ဖြစ်ရချေသနည်းဟု စဉ်းစားရင်း စီးကျလာတော့မည့် မျက်ရည်စ များကို ကျွန်တော့်ရှေ့မှ ပေါက်ဆတ်ပေါက်ဆတ်ဖြင့် ကြွမြန်းနေသော ကွကြီးကို ကြည့်ရင်း ဒင်း(သင်း)ကြောင့်ဖြစ်ရသည်ဟူသော ဒေါသစိတ်ဖြင့် မျက်ရည်စကို သိမ်းဆည်းရပြန်ပါသည်။

ယခုကဲ့သို့ အချိန်ကိုက်ဖြစ်အောင် အခါပေးတော်သော ဆယ်အိမ်ခေါင်း ဝင်းနိုင်နှင့် ဒေါ်စတို့ကိုလည်း စာသင်ကျောင်းရှိ ကြပ်ခိုးတင်ထားသော ကြက်ဥကြိမ် ဖြင့် ခပ်စပ်စပ်ရိုက်ရင်း-

'ကဲဟာ၊ ဟောဒါက ဟိုနက္ခတ်နဲ့ ဒီနက္ခတ်တွေ စန်းယှဉ်ဦး၊ ဒါက ကျိုးနဲ့ ဇျိုင်းတာရာအတွက်ကွ'

ဟု အော်ဟစ်ရင်း နက္ခတ်အပေါင်းကို ဂြိုဟ်ကြီးကိုးလုံးဖြင့် မြှောက်ပြီး ရသလောက် ကိန်းဂဏန်းအရေအတွက်အတိုင်း ရိုက်ပစ်ရုံမျှမက ဒေါ်စအတွက်လည်း အတွင်းသုံးဆယ့်ခုနစ်ချက်အပြင် အပြင်အသုံးဆယ့်ခုနစ်ချက်ပါ အပိုဆောင်း၍ ရိုက်ပစ်လိုက်ချင်ပါတော့သည်။

ဥက္ကဋ္ဌအိမ်သို့ ရောက်သောအခါ ဥက္ကဋ္ဌသည် စိုက်/ဘဏ်အဖွဲ့ကို လမ်း ပေါက်သို့ လိုက်ပို့ရာမှ ပြန်မရောက်သေးဟူသော သတင်းစကားကြောင့် ပရိသတ် အပေါင်းမှာ ကျွန်တော်တို့နှစ်ယောက်အား ဥက္ကဋ္ဌအိမ်အောက်ရှိ ထိတ်တုံး၌ ခတ်ထား သင့်ပါကြောင်း တစ်ယောက်တစ်မျိုး အကြံဆိုးများပေးနေကြစဉ် ခြံဝင်းပေါက်၌ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး-

'ဟောဒီမှာလည်း နွားသူခိုးအဖွဲ့ကလူတွေ မိထားပြန်ပြီဟေ့'

ဟူသော အော်ဟစ်သံနှင့်အတူ ဆယ်အိမ်ခေါင်း ဝင်းနိုင်၊ ကာလသားခေါင်း ထိပ်ဖြူကြီးနှင့် နတ်ကတော် ဒေါ်စတို့အဖွဲ့မှာလည်း ချည်ပြီးတုပ်ပြီးသား ရောက်ရှိ လာပြန်ပါသည်။

'မကယ်နိုင်တော့ဘူးလား ဆရာလေးရဲ့ အီး ဟီး ဟီး'

ဟူသော အသံဆိုးကြီးများဖြင့် သူတို့သုံးဦးက အားကိုးတကြီး ကျွန်တော့်ကို တိုင်တည်ပြီး ငိုယိုနေသောကြောင့် ဆယ်အိမ်ခေါင်းဟု ထင်မြင်ယူဆသူတစ်ဦးက ပြည်သူ့စစ်ခေါင်းဆောင်အား-

'ဟေ့ကောင်တွေ၊ ဟိုကျောင်းဆရာဆိုတဲ့သူက ခေါင်းဆောင်ဖြစ်မှာ သေချာ တယ်။ ဒါဆို သူဟာ အရေးကြီးတဲ့ ရာဇဝတ်သားပဲ။ ဒီတော့ သူ့ကိုပဲ ထိတ်တုံးခတ် ထားလိုက်ကွာ။ တို့ရွာက ထိတ်တုံးကလည်း နှစ်ယောက်ပဲ ခတ်လို့ရတဲ့ လေးပေါက် တုံးဆိုတော့ သူ့ခြေထောက်ကို တစ်ပေါက်ကျော်သာ ခတ်ထားလိုက်'

ထိုသူ၏ သွေးပျက်ဖွယ်ရာ အကြံပေးချက်ကြောင့် ကျွန်တော့်မှာ ဒူးတဆတ်

ဆတ် တုန်လာပြီး ဓာချွေးများပင် စီးကျလာပါသည်။ ထို့ကြောင့် အားကိုးတကြီးဖြင့် ပြည်သူ့စစ်ခေါင်းဆောင်ကို ကြည့်ရင်း···

'အဲဒီလိုတော့ တစ်ပေါက်ကျော် ထိတ်တုံးမခတ်ပါနဲ့ အစ်ကိုကြီးတို့ရယ်။ ကျွန်တော် ဘယ်ကိုမှ မပြေးပါဘူး ခင်ဗျာ။ အစ်ကိုကြီးတို့ဥက္ကဋ္ဌ ပြန်လာလို့ရှိရင်သာ ကျွန်တော် ရှင်းပြတာကို လက်ခံ၊ မခံ ဆိုတာကို နားထောင်ကြပါဦး။ ပြီးတော့မှ ဥက္ကဋ္ဌသဘောအတိုင်း ခတ်ဆိုလည်း ခတ်ကြပါဗျာ'

ဟူသော လေသံပျော့ပျော့လေးဖြင့် ကျွန်တော် အသနားခံလိုက်ရာ ပြည်သူ့စစ်ခေါင်းဆောင်သည် နည်းနည်းတွေဝေသွားပြီး-

'ကောင်းပြီလေ၊ အခုတော့ မခတ်သေးပါဘူး။ ဒါပေမဲ့ ညရှစ်နာရီခွဲ၊ ကိုးနာရီလောက်မှ ဥက္ကဋ္ဌ ပြန်မရောက်သေးဘူးဆိုရင်တော့ ခတ်ရမှာပဲ။ ဥက္ကဋ္ဌက တစ်ခါတလေ ညဥ့်နက်ရင် လမ်းပေါက်မှာ အိပ်တတ်တယ်'

'ကဲ ကိုကိုနိုင်နဲ့အဖွဲ့ မင်းတို့ဒီမှာ စောင့်နေကြဦး၊ သူတို့တွေ ထွက်ပြေးဖို့ ပြင်တယ်ဆိုရင်တော့ လက်မနှေးစေနဲ့တော်၊ ငါ ထမင်းစား ပြန်လိုက်ဦးမယ်'

ပြောပြောဆိုဆို ပြန်သွားသည်။ ကျွန်တော့်မှာတော့ ဥက္ကဋ္ဌသာ ပြန်ရောက်မလာခဲ့ပါလျှင် ခြေထောက်နှစ်ချောင်းသည် တစ်ချောင်းနှင့်တစ်ချောင်း တစ်လံစီမျှ ကွာဝေးသော အပေါက်နှစ်ပေါက်တွင် အခတ်ခံရမည့်အရေးကို တွေးရင်း-

ဥက္ကဋ္ဌတစ်ယောက် ဘေးကင်းရန်ရှင်း ခလုတ်မထိ ဆူးမငြိဘဲ မြန်မြန်ပြန်လာပါစေဟုသာ ဆုတောင်းနေရပေတော့သည်။

□□□

# အခန်း - ၄

ညရုစ်နာရီလောက်တွင် ဥက္ကဋ္ဌ ပြန်လာပြီဟူသော အသံနှင့်အတူ တစ်ရွာလုံးရှိ လူကုန် ဝိုင်းလာကြပြန်သည်။

'နွားသူခိုးတွေ မိထားပြီ ဥက္ကဋ္ဌရေ'

ဟု ဝိုင်းဝန်း၍ တိုင်ကြားသံနှင့်အတူ-

'အေး အေး၊ မိရင်လည်း ခဏထားလိုက်ဦး၊ ထမင်းစားပြီးမှ စစ်မယ်၊ ငါ ဆာလှပြီ'

ဟူသော အသံနှင့်တစ်ပြိုင်နက် ဥက္ကဋ္ဌဆိုသူသည် ရောက်လာပြီး ကျွန်တော်တို့ကို တစ်ချက်မျှလှည့်ကြည့်ကာ အိမ်ပေါ်တက်၍ ထမင်းစားနေသည်။

ကျွန်တော့်စိတ်ထဲတွင်တော့ အကယ်၍ ကျွန်တော်ရှင်းပြသည်ကို ဥက္ကဋ္ဌ မယုံခဲ့သော် ငါသည် ကားရားကြီးနေရတော့မည်ပါတကားဟု တွေးရင်း ချွေးများ စီးကျလာပြန်ပါသည်။ ဆရာတော်ဘုရား၏ မေတ္တာပို့နည်းများကိုလည်း အကြောင်း အမျိုးမျိုးကြောင့် လက်တွေ့ မေတ္တာမပို့ဖြစ်ခဲ့သမျှ ယခုမှ အတိုးရော အရင်းပါ ပေါင်း၍ မေတ္တာပို့မိပေတော့သည်။

ထမင်းစားသောက်ပြီးနောက် ဥက္ကဋ္ဌသည် အိမ်အောက်သို့ ဆင်းလာပြီး

အောက်လင်းဓာတ်မီးကို ထွန်းကာ ကျွန်တော်တို့ကိုကြည့်ရှုပြီး သကာလ-

'ဟော့၊ မင်း ဟိုသက္ကယ်မြောင်ရွာက ကျောင်းဆရာမဟုတ်လား'

ဟု မေးလိုက်သဖြင့် ကျွန်တော့်မှာ သုံးသိန်းပဒေသာဆုပေါက်သကဲ့သို့ ဝမ်းသာသွားပြီး ငါတော့ ဘုရားမ,ပြီဟု အောက်မေ့ကာ-

'ဟုတ်ကဲ့ပါခင်ဗျာ။ ကျွန်တော် သက္ကယ်မြောင်ရွာက ကျောင်းဆရာပါ'

'အေး၊ မင်းကို ငါ ကောင်းကောင်းမှတ်မိတယ်။ မြို့နယ်လုံးကျွတ် ပညာရေး ဆွေးနွေးပွဲမှာ ရွာတိုင်းရွာတိုင်းက ကျောင်းဆရာတွေနဲ့ ဥက္ကဋ္ဌတွေ တက်ရတယ်လေ။ အဲဒီ ဆွေးနွေးပွဲကိုတက်တုန်းက မင်းကိုသိခဲ့တာပဲ။ ဟား ဟား ဟား၊ တစ်မြို့နယ်လုံး မှာရှိတဲ့ ကျောင်းတွေထဲက လေးတန်းစာမေးပွဲမှာ တန်းလုံးကျွတ် ရာနှုန်းပြည့်ကျလို့ အညံ့ဆုံး ကျောင်းဆရာအဖြစ် အသတ်မှတ်ခံရတာ မင်းကိုးကွ၊ ဟား ဟား ဟား'

ကျွန်တော့်မှာ ထိပေါက်ပြီးမှ ထိလက်မှတ်ကို ယောက္ခမသိမ်းခြင်း ခံလိုက်ရ သော သမက်ကဲ့သို့ဖြစ်သွားပြီး မျက်နှာကို ဘယ်ထားရမှန်းမသိ ဖြစ်သွားကာ-

'ဒါက ဒီလိုပါ။ ဟိုအရင်နှစ်က ဖြစ်ခဲ့တာပါ။ လေးတန်းကျောင်းသားက တစ်ယောက်တည်းရှိတာ စာမေးပွဲဖြေတဲ့နေ့ရောက်မှ ငှက်ဖျားတက်ပြီး မဖြေဖြစ်လို့ တစ်ယောက်တည်းရှိတာ၊ တစ်ယောက်တည်းကျလို့ ရာနှုန်းပြည့် ကျတယ်ဆိုပြီး သတ်မှတ်ခံရတာပါ ခင်ဗျာ။ အဲဒါကိုလည်း မြို့နယ်ပညာရေးမှူးရုံးမှာ ထုချေလွှာ တင်ပြီးပါပြီ ခင်ဗျာ'

ဟု သနားစဖွယ်ကောင်းအောင် ပြောပြလိုက်ရပါသည်။

'အေးလေ ဘာဖြစ်ဖြစ်ပေါ့။ ဒါပေမဲ့ ကျောင်းဆရာလုပ်ပြီး နွားခိုးတာတော့ ဘယ်ကောင်းမလဲကွ'

'မဟုတ်ပါဘူး ခင်ဗျာ။ တကယ်လို့သာ ဒီရွာကနွားကို ကျွန်တော်ခိုးခဲ့တယ် ဆို ဒီရွာကို ဒီနွားနဲ့ ပြန်လာရဲပါ့မလားဗျာ။ ဒီ့ပြင်နွား ယူလာခဲ့မှာပေါ့'

'အေးပါ၊ ငါလည်း အဲဒါကို စဉ်းစားမိပါတယ်'

ကျွန်တော့်မှာ နည်းနည်း အသက်ရှုချောင်သွားစဉ် ဥက္ကဋ္ဌမိန်းမက ဝင်ပြော ပြန်သည်။

'ဒါကတော့ အဲဒီနွားတွေနဲ့အတူ ဒီရွာကို ရှင်တို့မလာဘဲ နေလို့မရအောင် ဆေးဖယောင်းတိုင် ထွန်းထားတယ်လေ။ အဲဒီ ဘိုးတော်'အင်း'ကတော့ တကယ်က စွမ်းပါပေရဲ့တော်'

တီဗွီထဲတွင် ဓာတ်လမ်းကောင်းတုန်း ကြော်ငြာကြီးဝင်လာသကဲ့သို့ ဖြစ်သွား သဖြင့် ကျွန်တော့်မှာ အောင့်သက်သက်ဖြစ်သွားသည်။ ထို့ကြောင့် ဓာတ်ရည်လည်... စေရန်-

'ဟောဟိုကလူက ကျွန်တော်တို့ သက္ကယ်မြောင်ရွာက ဘိုးလေးဖိုးသစ်ရဲ့ သား မောင်ကွကြီးပါ။ သူမိန်းမတောင်းအောင် ဒီရွာကိုလာခဲ့တာပါခင်ဗျာ။ ဒီနွားတွေကလည်း ပြီးခဲ့တဲ့အပတ်ကမှ ဘိုးလေးဖိုးသစ်ရယ် ငွေသုံးသောင်းပေးပြီး ဝယ်ထားတာပါ'

'ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် မင်္ဂလာဆောင်ရင် လက်ဖွဲ့ဖို့ဆိုပြီး အဘရယ် ဝယ်ထားတာပါ။ ဒါကြောင့် ဒီနွားတွေကိုယူပြီး ဒီရွာကိုလာခဲ့တာပါ ခင်ဗျာ'

ကွကြီးကလည်း ဇာတ်လမ်းဆင်၍ ပြောလိုက်ရာ ဥက္ကဋ္ဌသည် တွေတွေကြီး ဖြစ်သွားပြီး-

'သက္ကယ်မြောင်၊ ပဲနောက်ရိုးအုပ်စုက ဘိုးလေးဖိုးသစ်လား။ အဲဒီလူကြီးကို ငါသိတာပေါ့။ ဒါနဲ့ နေပါဦး၊ မင်းက ဘယ်သူ့သမီးကို လာတောင်းတာလဲ'

ကွကြီး၏ မျက်လုံးသည် အရောင်တလက်လက် တောက်ပြောင်လာပြီး-

'ဟို ဟို ဥက္ကဋ္ဌတို့ရွာက ဦးရီဋ္ဌေးနဲ့ ဒေါ်ဝင်းမော်တို့ရဲ့ တမီး မတင်လှကို လာတောင်းတာပါ ခင်ဗျာ'

ဤတွင် ပွဲကြီးပွဲကောင်းကို ကြည့်ရတော့မည်ဟု ယူဆပြီး လာရောက်ကြည့်ရှု စနည်းနာနေကြသော လူအုပ်ကြီးထဲမှ ဦးရီဋ္ဌေးဆိုသူ ထွက်လာပြီး ဟုတ်မှန်ကြောင်း ဝန်ခံသဖြင့် ကျွန်တော်တို့အားလုံး အနှောင်အဖွဲ့မှ လွတ်ရလေတော့သည်။

ထို့နောက် ဥက္ကဋ္ဌက သူ့လူများ၏ ရှေ့လောတကြီး လုပ်ရပ်ကြောင့် အားနာကြောင်း၊ ခွင့်လွှတ်ပါရန် တောင်းပန်ပါကြောင်း ပြောဆိုပြီး လက်ဖက်သုပ်များ၊ ရေနွေးကြမ်း၊ မုန့်မျိုးစုံဖြင့် ဧည့်ခံပါရစေဟု ပြောဆို၍ ကျွန်တော်တို့ အားလုံးကို သူ့အိမ်ပေါ်သို့ ခေါ်သွားကာ ကျွေးမွေးဧည့်ခံရင်း-

'ဒါနဲ့ မောင်ကွကြီးရဲ့၊ မင်း မိန်းမတောင်းရအောင်လာတဲ့ ကိစ္စမှာ မင်း အဘက ဘာလို့လိုက်မလာရတာလဲ'

'သူ့အဖေက အသည်းအသန်ဖြစ်နေလို့ လိုက်မလာနိုင်တာပါ'

ဥက္ကဋ္ဌ၏ အမေးကို ဦးရီဋ္ဌေးက ဝင်ဖြေလိုက်သဖြင့် ကွကြီးလည်း အားတက်သွားကာ...

'ဟုတ်ပါတယ် ခင်ဗျာ၊ အဘက ထ,တောင် မထ,နိုင်ပါဘူး'

ဥက္ကဋ္ဌက ခေါင်းကုတ်ရင်း-

'မင်းအဘက ဘာရောဂါဖြစ်လို့လဲ၊ ဘယ်တုန်းကလဲ'

ကွကြီးသည် စားလက်စ လက်ဖက်သုပ်ကို ဝါး၍ မစားဘဲ အတင်းမျိုချလိုက်ရင်း-

'တရှောင်ရှောင်ဖြစ်နေတာကတော့ ကြာပါပြီခင်ဗျာ။ အဲ မထ,နိုင်တာကတော့ တစ်ပတ်လောက်ပဲ ရှိပါတေးတယ်။ အဲဒါကြောင့် တူ မျက်စိမမှိတ်ခင် ကျွန်တော် အိမ်ထောင်ရက်တားကျတွားမှ တေပျော်မယ်လို့ တဖွဖွပြောပြီး၊ ငါ့တားရယ် မင်း မင်္ဂလာဆောင်အတွက် အဘက ထိုက်ထိုက်တန်တန် လက်ဖွဲ့မယ်ဆိုပြီး ဟိုနွားတစ်ရှဉ်းကို တုံးတောင်းနဲ့ ဝယ်ပေးလို့ ကျွန်တော်လည်း အဘစိတ်ချမ်းတာပါစေတော့ဆိုပြီး ဒီကိုလာခဲ့တာပါ။ အဘတာပါခဲ့ရင် ကျွန်တော် ဒီလိုဖြစ်မှာ မဟုတ်ဘူးပါခင်ဗျာ၊ ရွှတ်… ရွှတ်…'

ဟု မျက်ရည်တလည်လည်ဖြင့် အပီအပြင် သရုပ်ဆောင်၍ ရှင်းလင်းပြသလိုက်ရာ အိမ်ပေါ်အိမ်အောက် ကြားကြားသမျှ ပရိသတ်အပေါင်းမှာ စုတ်တသပ်သပ်ဖြင့် ကွကြီးအား သနားသွားကြသည်။ ဤတွင် ဥက္ကဋ္ဌက ခေါင်းကိုတွင်တွင်ကုတ်ရင်း-

'ဟော၊ ညနေ သုံးနာရီလောက်ကမှ ကိုဖိုးသစ်ကို စိုက်/ဘဏ်အဖွဲ့ရဲ့ကားပေါ်မှာ ငါတွေ့လိုက်သေးတယ်။ ဘာတဲ့။ သူ့မြေးတွေ ရှင်ပြုဖို့ဆိုလားပဲ၊ အဲဒါ လိုအပ်တဲ့ပစ္စည်းလေးတွေ မြို့ကိုသွားဝယ်မလို့ ဆိုပြီး ငါ့ကိုပြောသွားပါသေးတယ်ဟ။ နောက်ပြီး အဲဒီစိုက်/ဘဏ်အဖွဲ့ကားနဲ့ မြို့ကိုလိုက်သွားတာပဲ'

ဥက္ကဋ္ဌစကားသည် ကျွန်တော့်နားထဲသို့ မိုးကြိုးပစ်သကဲ့သို့ ဖြစ်သွားသည်။ သွားပြီ၊ ကျားကိုက်လို့ သစ်ပင်ပေါ်တက်ပြေးသောသူ အပင်ပေါ်ရောက်မှ ဝက်ဝံအကုတ်ခံရဆိုသလို ဖြစ်ပါပြီဗျာ။

ကွကြီးကတော့ လုံးဝ မျက်နှာမပျက်ဘဲ ရေနွေးတစ်ခွက်ကို သောက်ရင်း-

'ကျွန်တော့်အဘကလေ လူက မကျန်းမာပါဘူး၊ စိတ်ဆောင်နေတာပါခင်ဗျာ။ ကျွန်တော် မိန်းမတောင်းအောင် တွားပါတော့မယ်ဆိုမှ တန်းပြီး ထူထူထောင်ထောင် ဖြစ်တွားတာပါပဲ ခင်ဗျာ။

'အဲဒါနဲ့ ငါ့မြေးတွေလည်း ရှင်ပြုမယ်၊ ငါ့တားကိုလည်း မင်္ဂလာဆောင်ပေးမယ်၊ မြို့ကိုတွားပြီး လိုအပ်တဲ့ ပစ္စည်းတွေ တွားဝယ်မယ်ဆိုပြီး ထ,တွားလို့ ကျန်တဲ့အမျိုးတွေကလည်း ဒီအဘိုးကြီး ဆေးကုရမှာကို တေမလောက်ကြောက်တာ အခုမှ အဆင်ပြေပြီ၊ မြို့ကိုရောက်မှ တစ်ခါတည်း ဆေးရုံတင်ပေးမယ်ဆိုပြီး ညာပြီးခေါ်တွားကြတာပါ ခင်ဗျာ။

'ဩော် အဘ အဘ၊ ကျေးဇူးကြီးလှပါတယ် အဘရယ် ရွှတ်…ရွှတ်…'

ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံပင် ကြားရလောက်အောင်ပင် အားလုံးတိတ်ဆိတ်နေသည်။ ဥက္ကဋ္ဌကတော့ သူ့ခေါင်းမွေးဖြူဖြူများ ကျွတ်ထွက်သွားလောက်အောင် ကုတ်ရင်း အပြင်းအထန်ကို စဉ်းစားနေပါသည်။ ပြီးမှ-

'ဟုတ်လား၊ ငါတော့ မင်းအဘကို တစ်ယောက်တည်း တွေ့တာပါ။ ဟုတ်ပါတယ်၊ သူ့ ဆွေတွေ မျိုးတွေကိုလည်း မမြင်မိပါဘူး။ မင်းအဘလည်း ထူထူထောင်ထောင်နဲ့ စိုစိုပြည်ပြည်ပါပဲ။ ငါ့ကိုတောင် သူ့အလှူဖိတ်လိုက်သေးတယ်။ ငါဆိုလပြည့်နေ့ ဆက်ဆက်လာခဲ့ပါတဲ့။ သေသေချာချာပြောတာပဲ။ အဲ ဒါပေမဲ့ ကျောင်းဆရာတစ်ယောက်ကို အဖော်ခေါ်လာတယ်ဆိုလား ပြောတော့ ပြောသေးတယ်'

ကျွန်တော်၏ ရင်ခုန်သံများ တဒိန်းဒိန်း မြည်ဟည်းနေသည်။ လက်ထဲတွင် ကိုင်ထားသော ရေနွေးကြမ်းပန်းကန်ကို လွှတ်မကျစေရန် အတင်းဆုပ်ကိုင်ထားရသည်။ ဤနေရာ၊ ဤဒေသ၊ ဤရွာမှ ကောင်းမွန်စွာ ပြန်ခွင့်ရပါက ကွကြီးအား သက်စေ့နှင့် တစ်ချက်တိတိ ဖနောင့်ဖြင့် ပေါက်မည်ဟု သန္နိဋ္ဌာန်ချလိုက်မိသည်။

မောင်ကွကြီးကတော့ လုံးဝ တုန်လှုပ်ပုံမရဘဲ မျက်ရည်ကိုသုတ်လိုက်ရင်း-

'ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့ရွာမှာ တစ်ရွာလုံးက အားအထားရဆုံး၊ အလေးစားရဆုံးဆိုတဲ့ ကျောင်းဆရာနှစ်ယောက် ရှိပါတယ် ခင်ဗျာ။ အဲဒီမှာ အဘအတွက် ဆေးကုဖို့တို့၊ အဘရဲ့ ဝေယျာဝစ္စလုပ်ဖို့တို့၊ အဲ အဲ မင်္ဂလာဆောင်တို့ အလှူတို့အတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့တို့အတွက် ကျောင်းဆရာလေး တစ်ယောက်ဖြစ်တဲ့ ဆရာလေး ထင်ကျော်ဦးကို ထည့်ပေးလိုက်ပါတယ်။

'အဘက တူတာမမာတာ တူ့ကို တွဲလား၊ ပြုလား၊ ပြုစုလား လုပ်ရင် မကြိုက်ပါဘူး ခင်ဗျာ။ ငါ့တား မင်္ဂလာဆောင်နဲ့ ငါ့မြေးတွေ ရှင်ပြုပွဲအတွက် လိုတမျှ ငါဝယ်မယ်၊ ငါ့နောက် ဘယ်တူမှ လိုက်စရာ မလိုဘူးဆိုပြီး ဇွတ်ထ,တွားတာပါ။

'အဲဒါ ဆွေမျိုးတွေကလည်း အဘကို ကြောက်တော့ မပြောရဲလို့ ဆရာလေး ထင်ကျော်ဦးကို အကူအညီတောင်းကြပါတယ်။ အဲဒါကြောင့် ဆရာလေး ထင်ကျော်ဦးက မြို့မှာ တူ့အတိဆိုင်တွေရှိတယ်၊ လိုချင်တာတွေကို ပစ္စည်းမှန် ဈေးမှန်ရအောင် ဝယ်ပေးမယ်ဆိုပြီး လိုက်တွားတာပါ။

'ဟိုရောက်မှ အဘကို ဆေးရုံ ညာခေါ်ပြီး ဆေးကုရမှာပါ ခင်ဗျာ၊ အီး ရှုတ် ရှုတ်...။ ဒါတောင် အဘကလည်း ဆရာလေး ထင်ကျော်ဦးကို ပြောပါတေးတယ်။ ငါ့တားနဲ့ ငါ့မြေးအတွက် ငါကိုယ်တိုင်တွားမယ်၊ ဆရာလေးနဲ့ ဆရာကြီးဟာ တစ်ပြည်တစ်ရွာကို တွားပြီး ငါ့တားမိန်းမတောင်းရာမှာ မျက်နှာမငယ်ရအောင် လိုက်တွားကြပါလို့ ပြောပါတေးတယ်ဗျာ၊ အီး...အီး...။ ဆရာလေး ထင်ကျော်ဦးက အပြင်းအထန်ငြင်းဆန်ပြီး အဘနဲ့ လိုက်တွားလို့ ဟောဒီက ဆရာကြီးတာ ကျွန်တော့်အတွက် အားကိုးဖို့ ပါလာတာပါခင်ဗျာ။ အဘ ရေ၊ အီး...အဘရဲ့။

အခုတော့ အဘရဲ့ စေတနာတွေ ဝေဒနာဖြစ်ကုန်ပါရောလား အဘရဲ့၊ အီး…ရှုတ်…ရှုတ်'

ရှည်လျားစွာ ထုချေပြီးနောက် သူကောင်းသားသည် အာခြောက်သွားပုံရသည်။ ရေနွေးကို နှစ်ခွက်ဆင့်သောက်ကာ လက်ဖက်သုပ်တစ်ဇွန်းပါ ကော်စားလိုက်သည်။

ဥက္ကဋ္ဌနှင့် ပရိသတ်များမှာတော့ ကန်တော့ပွဲ ပြင်ရတော့မလိုလို၊ အလောင်းစင်ပြင်ရတော့မလိုလိုဖြင့် အူကြောင်ကြောင် နားဝေတိမ်တောင်ဖြစ်နေသည်။ ဥက္ကဋ္ဌက -

'ကဲ ဆရာလေးကလည်း နှုတ်ဆိတ်လှချေလား၊ စကားလေး ဘာလေး ပြောပါဦးဗျ'

ကျွန်တော်ကိုယ်တိုင်လည်း ဘာပြောရမှန်းမသိသဖြင့် ဥက္ကဋ္ဌအား မချိုပြုံးပြုံးပြရင်း ပလီစီချောက်ချက်နိုင်လှသော ကွကြီးကိုသာ မေးငေါ့ပြလိုက်ရပါသည်။ ဥက္ကဋ္ဌကတော့ သူ့လူတွေအမှားကြောင့် ကျွန်တော် စကားပြောချင်စိတ် မရှိဘူးဟု ထင်သွားပြီး အားနာသွားပုံရပါသည်။

'ကဲ ကိစ္စတစ်ခုကတော့ ပြီးပါပြီ။ ဘိုးလေးဖိုးသစ်ရဲ့ ဂုဏ်သိက္ခာကိုယုံပါတယ်။ ဒါကြောင့် ဘိုးလေးဖိုးသစ်က ခိုးလာမှန်းမသိလို့ ဝယ်မိတယ်ဆိုတာယုံပါတယ်။ ဒါပေမဲ့ နွားရှင်တွေနဲ့ ကျုပ်နဲ့က မြို့နယ်ရဲစခန်းမှာ အမှုဖွင့်ထားတော့ နွားပြန်ရပြီဆိုတဲ့အကြောင်းကိုတော့ ရဲစခန်းကို သတင်းပို့ရမှာပဲ။ သူတို့ ဆက်လုပ်စရာရှိတာတွေကို ဆက်လုပ်ပါလိမ့်မယ်။ အခုလောလောဆယ်တော့ ဒီနွားတွေကို ပိုင်ရှင်လက်ထဲ ပြန်အပ်ရမှာပဲ'

'ဗျာ'

ဘိုးလေးဖိုးသစ်တစ်ယောက် ငွေလည်းဆုံး၊ အမှုလည်းဖြစ်တော့မှာပါလားဟူ၍ ပူပင်သောကစိတ်ဖြင့် ယောင်ယမ်းကာ ထွက်သွားသော ကျွန်တော့် အာမေဋိတ်သံကြောင့် ဥက္ကဋ္ဌက ကျွန်တော့်ကို လှည့်ကြည့်သည်။

မောင်ကွကြီးကတော့ ဥက္ကဋ္ဌ အိမ်နောက်ဖေးခန်းမှ ပြူတစ်ပြူတစ်လုပ်နေသော မိန်းကလေးများကို စိတ်ဝင်စားခြင်းမှအပ အခြား မည်သည့်အရာကိုမျှ ဂရုစိုက်မိပုံမရပါ။

ကျွန်တော် မယုံသင်္ကာဖြစ်မည်စိုး၍ ထင်ပါသည်၊ ဥက္ကဋ္ဌက နွားကိစ္စကို ရှင်းပြသည်။

'ဒီလိုလေ ဆရာလေးရဲ့၊ ပိုင်ရှင်အစစ်ဟာ ဘယ်သူတွေဆိုတာကို တစ်ရွာလုံးကလည်း သက်သေပြနိုင်ပါတယ်။ ပြီးတော့ နွားတွေဟာ သူ့အိမ်သူ မှတ်မိလို့

အတင်းရှန်းကန်ပြီး သူ့အိမ်သူ အရောက် ပြန်လာတာကိုလည်း ဆရာလေးတို သိတဲ့အတိုင်းပဲလေ။

'အဲဒီတော့ ဒီနွားနှစ်ကောက်ကို ပိုင်ရှင်လက်ထဲ ပြန်အပ်ပေးရမှာပေါ့။ ဘိုးလေးဖိုးသစ်ကတော့ သူခိုးလက်ခံဖြစ်နေတဲ့အတွက် နောက်ပိုင်းကျရင် 'ရဲ'နဲ့ ရှင်းရမှာပဲ။ အခုလောလောဆယ်တော့ သူ့ရဲ့ သားကြီး မိန်းမတောင်းမယ့်ကိစ္စမှာ ကျုပ်ကပဲ ရွာသူကြီးအနေနဲ့ သူ့မိဘကိုယ်စား ဆောင်ရွက်ပေးပါ့မယ်'

ကွကြီး၏ မျက်နှာသည် လငပုပ်ဖမ်းခြင်းမှ ကင်းလွတ်သွားသော လကဲ့သို့ ဝင်းထိန်သွားသည်။ အိတ်ကပ်ထဲရှိ ပိုင်အိုလက်ပေါင်ဒါနှင့်သင်းနေသော တို့ဖတ်ပဝါ ထုတ်၍ မျက်နှာကို လေး၊ ငါး၊ ခြောက်ချက် ရိုက်ကာ ပွတ်လိုက်ရင်း ရွှေသွားကြီးနှစ်ချောင်းပေါ်အောင် အစွမ်းကုန် ပြုံးပြုံးကြီးလုပ်နေသည်။

'ကဲ ဦးရီငွေး၊ ခင်ဗျားရဲ့သမီး မတင်လှကို သက္ကယ်မြောင်ရွာက ဘိုးလေးဖိုးသစ်ရဲ့သား မောင်ကွကြီးနဲ့အဖွဲ့က လူကြီးသူမအနေနဲ့ ဟောဒီက ကျောင်းဆရာကို ခေါ်လာပြီးတော့ မိသားဖသားပီပီ လာရောက်တောင်းရမ်းနေကြပါပြီ။ အဲဒါ ခင်ဗျားတို့ဘက်က သဘောထား သိပါရစေ ခင်ဗျာ'

ဥက္ကဋ္ဌ၏ စကားအဆုံးတွင် ဦးရီငွေးသည် ကုန်းကုန်းကွကွဖြစ်သွားပြီး-

'အဟမ်း၊ အင်း၊ အဲ ဒါ ဒါကတော့ လောလောဆယ် မဖြစ်နိုင်သေးပါဘူး ဥက္ကဋ္ဌရဲ့။ ဘာလို့လဲဆိုတော့ ဘိုးလေးဖိုးသစ်က မြို့ကိုဈေးဝယ်ဆိုလား၊ ဆေးကုဆိုလား သွားတာက အပြန်မှာ ထုထုထောင်ထောင်နဲ့မှ ပြန်လာနိုင်ပါ့မလား ဆိုတာရယ်။

'သူမသိလို့ ဝယ်မိတဲ့ နွားတွေကြောင့် သူခိုးလက်ခံဖြစ်နေတာရယ်ကြောင့် ဟို ဟို တော်ကြာဗျာ ကျုပ်သမီးကို သူတို့လက်ထဲထည့်ပြီးမှ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ၊ အသုဘကိစ္စတွေ၊ အမှုတွေနဲ့ ရှုပ်နေရင် အိမ်ရှေ့မှု အိမ်နောက် မချမ်းသာဆိုသလို ဘယ်လိုပြောရမှန်းတောင် မသိပါဘူးဗျာ၊ အားတော့နာပါရဲ့။ သားရေးသမီးရေးကိစ္စကို ဝါကျွတ်မှပဲ စဉ်းစားပါရစေလို့ ကျောင်းဆရာကတစ်ဆင့် ဘိုးလေးဖိုးသစ်ကို အကြောင်းကြားပေးပါ ခင်ဗျာ'

'ဗျာ၊ ဝါကျွတ်ပြီးမှစီစဉ်မယ် ဟုတ်လား။ ကျွန်တော် ခဲဖိုးလည်း ပေးပြီးပါပြီဗျ'

ပျာပျာသလဲ ကွကြီးက ဝင်ပြောလိုက်ရာ ဦးရီငွေးက မတ်တတ်ရပ်ရင်း-

'မင်းတို့ လူငယ်ချင်း သင့်မြတ်နေကြပြီပဲကွာ၊ ဖူးစာရှိရင် ရမှာပေါ့။ ဝါကျွတ်အထိတော့ စောင့်ပါဦး'

ပြောပြောဆိုဆို ဥက္ကဋ္ဌအိမ်ပေါ်မှ ဆင်းသွားသည်။

မောင်ကွကြီးကတော့ သုံးသောင်းတန် နွားနှစ်ကောင်လုံး ဆုံးသည့်ပြင် သူ့အဘလည်း သူခိုးလက်ခံအဖြစ် အမှုရင်ဆိုင်ရမည်ဆိုတုန်းက စိတ်ထိခိုက်ခံစားဖို့ နေနေသာသာ စဉ်းစားဖော်တောင် မရခဲ့သော်လည်း ယခု သူ့ကိစ္စတွင်တော့ ပျာပျာသလဲ အရူးမီးဝိုင်းသလို ဖြစ်သွားကာ ဥက္ကဋ္ဌအနားသို့ တိုးသွား၍-

'ဥက္ကဋ္ဌရယ်၊ ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့လား ခင်ဗျာ။ ကျွန်တော်တို့နှစ်ယောက်ဟာလေ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်ကြတယ်ဆိုရင် အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ ကိန္နရီ၊ ကိန္နရာ မောင်နှံတောင် ချောင်းခြားပြီး တစ်ညတာကွဲကွာတွားတာကို ရက်ပေါင်းခုနစ်ရာ လွမ်းလို့ငိုရတေးတာပဲ။ လူတား နှလုံးတားနဲ့ ကျွန်တော်တို့နှစ်ယောက်မှာတော့ ထမင်းစားရင်း ဟင်းတစ်ဖတ်ခပ်တော့ ဇွန်းနဲ့ကွယ်ပြီး တစ်ယောက်ကိုတစ်ယောက် မမြင်လိုက်ရရင်တောင်မှ လွမ်းလို့ငိုရပါတယ် ခင်ဗျာ'

ဟု ဗီဒီယို၊ ရုပ်ရှင်ထဲကအတိုင်း သရုပ်ဆောင်သကဲ့သို့ ချွဲချွဲပျစ်ပျစ် တုန်တုန်ယင်ယင်ဖြင့် လုပ်ပြနေရာ ကျွန်တော့်မှာ လူတောထဲဖြစ်နေ၍ ဒေါသကို မျိုသိပ်ထားလိုက်ရသည်။ ထို့နောက် ကြာကြာနေလျှင် အရှက်ကွဲသည်ထက် ကွဲတော့မည်ကို သဘောပေါက်၍-

'ကဲ ဥက္ကဋ္ဌရေ၊ အခုလို ဥက္ကဋ္ဌတတ်နိုင်သလောက် ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးအထူး တင်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး'

'ဟာ ဆရာလေးကလည်း ညဉ့်နက်နေပြီ၊ မနက်လင်းမှပဲ ပြန်ပါဗျာ။ ဆရာလေးတို့အတွက် ထမင်းတောင် ချက်ခိုင်းထားတာ၊ ကျက်ပါပြီဗျ၊ စားသောက်ပြီး ညအိပ်နေပါဦးဗျာ'

'ကျေးဇူးအထူး တင်ပါတယ် ဥက္ကဋ္ဌရယ်၊ ကျွန်တော်လည်း အခုည ရွာပြန်ရောက်မှ မနက်မြို့ကိုလိုက်ပြီး ဘိုးလေးဖိုးသစ်ရဲ့ ကျန်းမာရေးကိစ္စကို ကူညီချင်သေးလို့ ခွင့်ပြုပါခင်ဗျာ'

ကျွန်တော်လည်း ကွကြီးစကားစ မရှည်စေရန် ပိတ်ပြောလိုက်ပြီး ပြန်ရန်ပြင်သည်။ ပွဲကြည့်ပရိသတ်ကလည်း ထင်သလိုမဖြစ်တော့၍ အလျှိုလျှို ပြန်သွားကြလေတော့သည်။

ဥက္ကဋ္ဌက ထမင်းများကို ထုပ်၍ ထည့်ပေးသည်။ လမ်းတစ်ဝက်အထိ လိုက်ပို့မည်ဟု ပြောသည်ကိုပင် တားမြစ်ခဲ့ပြီးနောက် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

အိမ်အောက်ရောက်ရောက်ချင်း ကွကြီး၏ နားရင်းအား အုပ်ထည့်လိုက်ပြီး-

'ငါပြောမယ်၊ နားထောင်ကြစမ်း။ အခု တို့မှာ လှည်းနှစ်စီးနဲ့ နွားနှစ်ကောင်

ပဲ ရှိတော့တယ်။ ဒီတော့ နွားမရှိတော့တဲ့လှည်းရဲ့ ထမ်းပိုးကို နွားရှိတဲ့လှည်းရဲ့ နောက် လှည်းရံတိုင်မှာ ချိတ်ပြီး နှစ်စီးတွဲမောင်းမှရမယ်။ ငါရယ်၊ ဒေါ်စရယ် မောင်းသွားမယ်။ မင်းတို့သုံးယောက်က ခြေကျင်လျှောက်ပြီး လိုက်ခဲ့ကြပေတော့။ မင်းတို့ဟာမင်းတို့ နေချင်တဲ့နေရာမှာနေ၊ သေချင်တဲ့နေရာမှာ သေကြပေတော့၊ ငါသွားပြီဟေ့

ပြောပြောဆိုဆို လှည်းနှစ်စီးကို ဆက်လိုက်ပြီး မောင်းလိုက်သည်။ ကွကြီး၊ ထိပ်ဖြူကြီးနှင့် ဝင်းနိုင်တို့ သုံးယောက်ကတော့ မိုင်နှစ်ဆယ်ခရီးကို ခြေကျင်တီးရ ပေတော့သတည်း။

□□□

# အခန်း - ၅

ညနေကျောင်းဆင်းပြီး၍ ကျွန်တော် အိမ်ပြန်ရောက်ချိန်တွင် ရွာပြင်တောစပ်မှ ဖုန်လုံးကြီးနှင့်အတူ 'တဂျုံးဂျုံး' အသံကြီးထွက်ပေါ်လာသဖြင့် တစ်ရွာလုံး ထိုအသံကို နားစွင့်နေကြစဉ် ရွာပြင်ဘက်မှ ကလေးတစ်ယောက် အော်ဟစ်ငိုယိုရင်း ပြေးလာပြီး-

'အဘရေ၊ ဟိုရွာပြင်တောစပ်မှာ အတံကြီး 'တဂျုံးဂျုံး'မြည်ပြီး ဖုန်တလုံးလုံးနဲ့ ဒီရွာဘက်ကို ပြေးလာနေတာ ဘာကြီးလဲ မတိဘူးတော့၊ အီး အီး'

'ဟဲ့၊ ကလေးတွေ အိမ်ပေါ်တက်နေကြစမ်း'

'ဟဲ့၊ တံချောင်း မွှေပါတော့လား'

'ဟော့၊ ရွာရှိယောကျ်ားမှန်တမျှ တုတ်၊ ဓား ရရာဆွဲပြီး ရွာတံခါးမှာ အမြန်စုကြ'

အော်ဟစ်သံ၊ ပြေးလွှားသံ၊ သံချောင်းမွှေသံများကြောင့် ရွာရှိ နွားများ၊ ဝက်များ၊ ကျွဲများ လန့်ပြီး ဟိုပြေးသည်ပြေး၊ ဟိုတိုးသည်တိုးဖြင့် ကမ္ဘာပျက်သလို ဖြစ်သွားသည်။

ကျွန်တော်လည်း ထမင်းချက်ရန် မွှေးထားသော မီးကို အမြန်ဆုံး ငြိမ်း

သတ်လိုက်ပြီး လက်စွဲတော် ကြက်ဥကြိမ်ကိုယူလိုက်ကာ ရွာတံခါးသို့ ပြေးလာခဲ့သည်။

ရွာတံခါးနားတွင်တော့ ရွာရှိလူကုန် ရရာလက်နက်၊ တုတ်၊ ဓား၊ လေး၊ လှံများကို စွဲကိုင်ပြီး အသင့်ဖြစ်နေသည်။ ရွာတံခါးကိုလည်း ပိတ်ထားပြီးပေပြီ။

တံခါးအနီး ကင်းတဲမျှော်စင်ပေါ်မှာတော့ သူ့သမီး လင်နောက်လိုက်သွားသည်ကလွဲ၍ တစ်ရွာလုံး အပ်ကျတာကအစ သိသော၊ ဤရွာ၌ သူ့လောက်လူရည်လည်သူ တစ်ယောက်မျှမရှိဟု မိမိကိုယ်မိမိ အထင်တကြီးဖြစ်နေသော ထွေးလေးဖိုးစန်းသည် မလွန်ဘုရားပွဲတော်မှ လေးဆယ့်ငါးကျပ်တိတိဖြင့် ပေးဝယ်ထားသော ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ဒိဗ္ဗစက္ခု မှန်ပြောင်းဖြင့် အသံလာရာသို့ ကြည့်လိုက်ပြီးနောက် ကင်းတဲပေါ်မှနေ၍ ကင်းတဲအောက်ရှိ ရွာသူရွာသားများကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး-

'အင်း၊ မင်းတို့ဟာလေ ဘာမှ အတိဉာဏ်မရှိတဲ့ တောတူတောင်တားရိုးရိုးအအကြီးတွေပါလား။ ဘယ်ကိစ္စမဆို စူးစမ်းဆင်ခြင်ဖော် မရကြဘူး။ ကြောက်ဖို့ လန့်ဖို့လောက်ပဲ တိကြတာပါကလား။ အိမ်း အိမ်း၊ အခု အတံမြည်ပြီး ဒီရွာကိုလာနေတဲ့ဟာကြီးကို မြင်နေတာတောင်မှ ဘာကြီးမှန်းမတိလောက်အောင်ကို အဝိဇ္ဇာအမှောင်တွေ ဖုံးလွှမ်းနေတာကိုးကွ'

ထွေးလေးဖိုးစန်း၏ စကားကြောင့် စစ်ပြန်ကြီး ချို့ထွေး ဒေါကန်သွားပြီး-

'ဒီမယ်၊ ကင်းတဲပေါ်တက်ပြီး မှန်ပြောင်းနဲ့ကြည့်တဲ့တူကြီး၊ ခင်ဗျား ဘာမြင်ရတယ်ဆိုတာတာ ပြောစမ်းပါ။ ကျုပ်တို့က ရွာတံခါးပိတ်ထားတော့ အပြင်ကို ဘာမှ မမြင်ရဘူး။ ဒါကိုပဲ အဝိဇ္ဇာအမှောင်တွေ ဖုံးလွှမ်းနေတယ်တို့၊ ကြောက်ဖို့ လန့်ဖို့လောက်တိတဲ့ တူတွေတို့ဆိုတာ လျှောက်ပြောမနေနဲ့၊ ဒူးလေးနဲ့ ပစ်လိုက်မယ် ဟင်း'

ထွေးလေးဖိုးစန်းသည် ကင်းတဲပေါ်တွင် ပြားပြားဝပ်မှောက်လိုက်ပြီး-

'ဟော့ ဟော့၊ မင်းဒူးလေးကြီးနဲ့ အရမ်းမချိန်နဲ့။ မတော် မြားထွက်ပြီး ငါ့လာမှန်ပါ့မယ်'

အောက်တွင်ရှိသော ရွာသားများသည် စစ်ပြန်ကြီး ချို့ထွေးလက်ထဲတွင် ကိုင်ထားသော ပစ္စည်းနှင့် ထွေးလေးဖိုးစန်း ဖြစ်နေပုံကိုကြည့်ပြီး ဝိုင်းရယ်နေကြသည်။

'ဟား… ဟား… ဟား… ထွေးလေးရဲ့၊ ခင်ဗျားလက်ထဲ ကိုင်ထားတဲ့ မှန်ပြောင်းကြီးနဲ့ တေတေချာချာ ကြည့်ပါဦးဗျ။ စစ်ပြန်ကြီး လက်ထဲကဟာကြီးက တံမြက်စည်းကြီးဗျ၊ ဟား…. ဟား… ဟား…'

ထွေးလေးဖိုးစန်းသည် ထိုအခါမှ ရှက်ရှက်ဖြင့် ထလိုက်ရင်း-

'အိမ်း… အိမ်း… ပညာရှိ တတိဖြစ်ခဲဆိုတဲ့ စကားများတယ် မှန်ပါကလား။ မင်းတို့ကလည်း နောက်စရာမရှိကွာ၊ ကဲ ကဲ ရှာတံခါးဖွင့်ပေးလိုက်ဟေ့။ အခုလာနေတာက ဘိုးလေးဖိုးတစ်တို့အဖွဲ့ပဲ။ 'ဗွဲ'ထွန်စက်ကြီးကို နောက်မှာ အပိုတွဲတပ်ပြီး မောင်းလာတော့ ဖုန်တလုံးလုံးထ,ပြီး အတံမျိုးစုံမြည်နေတာကွ'

ထိုအချိန်က ကားကို လူစေ့ တက်စေ့ မမြင်ဖူးကြသော ရှာသူ ရှာသားအပေါင်း ရှာတံခါးဖွင့်ပြီး ရှာရိုလူကုန်ထွက်၍ ကြိုဆိုကြလေတော့သည်။

'ဗွဲ'ခေါ် လယ်ထွန်စက်ကို မောင်းလာသူက ကျွန်တော်တို့၏ သူငယ်ချင်း သစ်ကန်ထရိုက် ခင်မောင်ထွန်းဖြစ်ပြီး ထွန်စက်၏ ဘီးအဖုံးတစ်ဖက်စီတွင်တော့ ဘိုးလေးဖိုးသစ်နှင့် ဆရာလေး ထင်ကျော်ဦးတို့ လိုက်ပါလာကြပြီး ဘီးအဖုံးနှစ်ခုကြားတွင် ခင်းထားသည့် သစ်သားခုံပေါ်တွင်တော့ ခင်မောင်ထွန်း၏တပည့် ကြည်မြင့်လိုက်ပါလာသည်။

ထွန်စက်၏ နောက်တွဲယာဉ်တွင် အလှူပွဲအတွက် လိုအပ်သော ပစ္စည်းများကို တောင်းကြီး၊ တောင်းငယ် အပြည့်အစုံ တင်ထားပြီး လူသုံးယောက်ပါလာသည်ကို တွေ့လိုက်ရသည်။

ထွန်စက်ကိုရပ်ပြီး ထွန်စက်ပေါ်ပါလာသူများ ကျွန်တော့် အိမ်ပေါ်တက်လာကြသည့်အခါတွင်တော့ ထမင်းလုံးအား ပုရွက်ဆိတ်အုံသကဲ့သို့ ထွန်စက်ကြီးနှင့်နောက်တွဲယာဉ်အား တစ်ရှာလုံး ဝိုင်းအုံကြည့်ရှုနေကြလေတော့သည်။

ထွန်စက်နောက်တွဲယာဉ်ပေါ်မှ ပါလာသူ သုံးဦးက ပြုံးဖြိဖြိနှင့် ကျွန်တော့်နား လျှောက်လာသဖြင့် ကျွန်တော် အံ့အားသင့်သွားကာ-

'ဟာ ကိုကြည်အောင်၊ ညောင်ပိနဲ့ အိုးဘိုဌေးတို့ပါလား၊ ဘာကိစ္စရှိလို့ ဒီရှာကို လိုက်လာကြတာလဲ'

လူပျိုကြီး သုံးဦးတို့သည် အစွမ်းကုန်ပြုံးရင်း-

'ဟဲ ဟဲ၊ ထွန်စက်နောက်တွဲယာဉ်ကို မစီးဖူးလို့ လိုက်စီးကြည့်တာဗျ ဟဲ ဟဲ'

'ဟောဗျ၊ ခင်ဗျားတို့ရှာကိုကျော်ပြီး ဒီထိအောင် လိုက်လာကြတယ်၊ ဟုတ်လား။ အောင်မလေး ဆယ်မိုင်လောက်ခရီးကို လမ်းလျှောက်ပြီး ပြန်ကြရမှာနော့'

ကိုကြည်အောင်၊ ညောင်ပိနှင့် အိုးဘိုဌေးတို့သည် ရေသောက်ရင်း-

'ဟဲ ဟဲ၊ မစီးဖူးလို့ စီးကြည့်မိတော့လည်း ဆယ်မိုင်လောက်ကို လမ်းလျှောက်ပြီး ပြန်ရတော့မှာပေါ့ ဆရာလေးရဲ့။ အဲ… ဟို…ဟို…အဲဒီအပြန်ခရီးအတွက် ကျွန်တော်တို့ သုံးယောက်ကို လူဆီလေးတစ်လုံးလောက် ဒါနပြုပါခင်ဗျာ'

ကျွန်တော် အူကြောင်ကြောင်ဖြစ်သွားပြီး-

'ဘာလဲဗျ လူဆီဆိုတာ'

ကြည်အောင်က စကားကို မပီကလာ ပီကလာလုပ်၍-

'ကားကို ဓာတ်ဆီတိုက်ပြီး မောင်းရတယ်မဟုတ်လား၊ လူကိုလည်း လူဆီတိုက်ပြီး မောင်းရမှာပေါ့၊ ငဲ့… ငဲ့… ငဲ့…'

ကျွန်တော်လည်း သဘောပေါက်သွားသဖြင့်-

'ကဲ ကဲ ရွာအနောက်ပိုင်းကို သွားပြီး အရက်ချက်ရောင်းတဲ့ မြင့်သိန်းတို့အိမ်မှာ လူဆီတစ်လုံးယူပြီး ပြန်ကြပေတော့။ ကျွန်တော့်စာရင်းထဲမှာ မှတ်ထားလိုက်ပါလို့ ပြောရင် ရပါတယ်ဗျာ၊ သွားကြဦးဗျို့၊ မိုးချုပ်တော့မယ်'

လူပျိုကြီးသုံးဦး ပြန်သွားပြီးနောက် ကျွန်တော်တို့လည်း ရေမိုးချိုးကာ ခင်မောင်ထွန်း မြို့မှပါလာသော 'အာမီရမ်'ကို ဝိုင်းဖွဲ့ရင်း ကျွန်တော်နှင့် ကွကြီးတို့၏ ဂန္ထဝင်မြောက် မိန်းမတောင်းကိစ္စကြီးအား တဝါးဝါး တဟားဟားဖြင့် ပွဲကျနေစဉ် 'ဝုန်း'၊ 'ဒိုင်း'သံများဖြင့် ဘိုးလေးဖိုးသစ် အိမ်ပေါ်သို့ တက်လာသည်။

'ဆရာလေး၊ ဆရာလေး။ ဟိုခွေးမတား ဘယ်ရောက်တွားလဲ'

ဖြစ်ကြောင်းကုန်စင် သိလာခဲ့ပုံရသည်။ သူတို့ သားအဖကြားထဲ ကျွန်တော်အညပ်မခံနိုင်သဖြင့်-

'ခင်မောင်ထွန်းတို့ သစ်လုပ်တဲ့တောထဲက တဲမှာ သွားရှောင်နေမှာပေါ့။ ကျွန်တော်နဲ့ မဆိုင်ဘူးနော်၊ သူက ညာခေါ်လို့ ပါသွားတာ'

ဘိုးလေးဖိုးသစ်က တောက်ခေါက်ရင်း-

'ဆရာ့ကို အပြစ်မတင်ပါဘူး။ အဲဒီခွေးတားကိုတာ အတေတတ်ချင်တာ။ နောက်အပတ် အလှူစ,တော့မယ်၊ ကျုပ်မြေးတွေကို အလှူလှည့်ဖို့ နတ်ပြဖို့တို့မှာ တုံးမယ့် ကျုပ်ဝယ်ထားတဲ့ နွားတွေ မရှိတော့ဘူးဗျ။

'ဒုက္ခပါပဲဗျာ။ ကျုပ်ကလည်း ဒီနယ်မှာ ရှိတမျှရွာတွေကို ကြွားချင်လို့။ ဒီမှာကြည့်ပါဦးဗျာ၊ နွားတွေမှာခြုံပြီး အလှူမှာလှည့်ဖို့အတွက် ဝယ်ထားတဲ့ ကော်ဇောကြီးနှစ်ခု။ တစ်ခုကို တစ်ထောင့်ငါးရာတောင် ပေးခဲ့ရတာ။ ဒါတွေ ဘယ်မှာတွားတုံးတော့မှာလဲ တောက်'

ခင်မောင်ထွန်းက ဘိုးလေးဖိုးသစ် စိတ်ပြေပါစေတော့ဟု ရည်သန်၍ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'ကောင်းလိုက်တဲ့ ကော်ဇောကြီးတွေဗျာ၊ အကြီးကြီးပဲ။ နွားမပြောနဲ့ ဆင်တောင် ခြုံထားလို့ရတယ်'

'ဘာမဆို ကျုပ်လုပ်တာ မှန်တမျှဟာ တူများထက်ထူးမှ ကျုပ်က ကြိုက်တာ။ တတ်နိုင်ရင် ဆင်နဲ့ လှည့်ချင်တာပေါ့။ ဆင်ငှားမရနိုင်တော့လို့တာ နွားချော

နွားလှတွေဝယ်ပြီး အလှူလုပ်ဖို့ လုပ်ရတာ။ အခုတော့ ဟိုခွေးတားကြောင့် ဟင်း…'

ထင်ကျော်ဦးက အရက်ကို မော့သောက်လိုက်ပြီး ခွက်ကို စားပွဲပေါ်ဆောင့်ချလိုက်ကာ-

'ဆင်ရမယ်ဆိုရင် ဘိုးလေး တကယ်ပဲ ဆင်နဲ့လှည့်မလား'

ဘိုလေးဖိုးသစ်နှင့်တကွ ကျွန်တော်နှင့် ခင်မောင်ထွန်းတို့သည် ထင်ကျော်ဦးကို အံ့သြစွာဖြင့် ငေးကြည့်မိသည်။

'ကျုပ် မူးတယ်ထင်လို့လား ဘိုးလေးရဲ့။ အခုမှ တစ်ခွက်ပဲ သောက်ရပါသေးတယ်၊ မမူးပါဘူးဗျ။ ကျုပ် တကယ်ပြောတာ၊ ဆင်နဲ့ လှည့်မလား'

'ကြိုက်ပြီ၊ ဒါမျိုးမှ ဖိုးတစ်တို့ကကြိုက်တာ။ ဆင်နဲ့တာ လှည့်ရမယ်ဆိုရင် ကျုပ်ရဲ့ လယ်နှစ်ဧကကို ရောင်းပြီးလှည့်မယ်'

အဘ ဘိုးလေးဖိုးသစ်နှင့် ဆရာထင်ကျော်ဦးတို့အား ကြည့်ရင်း ကျွန်တော်နှင့် ခင်မောင်ထွန်း အံ့သြနေကြသည်။ ထင်ကျော်ဦးက ကော်ဇောကြီးများကို လက်ဖြင့် ပွတ်သပ်လိုက်ရင်း-

'လယ်နှစ်ဧက ရောင်းစရာမလိုဘူး၊ တစ်ထောင်လောက်ပဲ ကုန်မယ်။ ဆင်တစ်ကောင်နဲ့ ပန်းရထားတစ်စီး ရမယ်'

'ဗျာ၊ ငွေတစ်ထောင်နဲ့ ဆင်ရော ပန်းရထားတစ်စီးကော ရမယ် ဟုတ်လား။ ဘယ်ကဆင် ရမှာလဲ။ တစ်စခန်းက ဆင်တွေကတော့ လုံးဝငှားလို့ မရဘူးနော် ဆရာလေး။ ကျွန်တော် အမျိုးမျိုးကြိုးစားပြီးပြီ'

ထင်ကျော်ဦးက ပခုံးတွန့်လိုက်ရင်း-

'ဒီမယ် ဘိုးလေး၊ ခင်ဗျားမြေးတွေလှည့်ဖို့အတွက် သုံးမယ့် ဆင်ဟာ ဆင်ဖြူလိုချင်လား၊ ဆင်မည်းလိုချင်လား၊ ကြိုက်တဲ့အရောင် ရမယ်'

ထင်ကျော်ဦး၏ ရဲရဲကြီး အာမခံစကားကြောင့် ဘိုးလေးဖိုးသစ်မှာ ချေးပါရမလို၊ ဆီးသွားရမလိုဖြစ်သွားပြီး ကတုန်ကယင်ဖြင့် -

'တ… တကယ်လား ဆရာလေး။ ဆရာလေးကို ကျွန်တော် လုံးဝယုံတယ်။ ရမယ်ဆိုရင် ဆင်ဖြူတော်လိုချင်တယ်။ နောက်အပတ် တောက်ကြာနေ့ နံနက်ခြောက် နာရီခွဲကို ကျွန်တော့်အိမ်ရှေ့ အရောက်ပို့ပေးနိုင်ရင် တစ်ထောင်မဟုတ်ဘူး၊ နှစ်ထောင် ပေးနိုင်တယ်။ ဆရာလေးတာ အရောက်ပို့ပေးပေတော့'

'ကဲ ဒါဆို ဆင်တစ်ကောင်နဲ့ ဆင်ဆွဲမယ့် ပန်းရထားတစ်စီးကို ကျွန်တော် တာဝန်ယူမယ်။ ဆင်ကိုမောင်းမယ့် ဆင်ဦးစီးကိုတော့ ဘိုးလေး ကိုယ်တိုင် ပြောပေတော့'

'ဟာ ဆရာလေးရ၊ ဆင်ငှားကတည်းက ဆင်ဦးစီး ပါမလာဘူးလား'

ထင်ကျော်ဦးက ပုလင်းကို ကောက်ကိုင်၍ သူ့ခွက်ထဲထည့်ရန် ပြင်သေ
ကြောင့် ကျွန်တော်က ပုလင်းကို လုယူလိုက်ရင်း-

'ဒီမယ် ထင်ကြီး၊ ဒါ ကလေးကစားနေတာ မဟုတ်ဘူး၊ လူကြီး ဖဲရိုက
အဲလေ၊ လူကြီးအလုပ်လုပ်တဲ့ ကိစ္စကွ၊ သေသေချာချာ ပြောပါ'

ထင်ကျော်ဦးက အမြည်းတစ်ဖတ် ကောက်ဝါးရင်း-

'ငါ့တာဝန်က လာမယ့် သောကြာနေ့မနက် ခြောက်နာရီခွဲ အရောက
ဘိုးလေးဖိုးသစ် အိမ်ရှေ့ကို ဆင်ဖြူတော်နဲ့ ပန်းရထားတစ်စီး ပို့ပေးမယ်။ အဲဒီကိ
အတွက် တစ်ထောင်ပဲကျမယ်။ နှစ်ထောင်ပေးရင်တော့ ပိုပြီး ပျော်တာပေါ့။
ငါ့ကဏ္ဍ။ အဲဒီဆင်ကို မောင်းပေးမယ့် ဆင်ဦးစီးအတွက်က တစ်ဈေးကွ။ အဲဒါ
ဘိုးလေးဖိုးသစ်ကိုယ်တိုင် ညှိရမှာ'

ဘိုးလေးဖိုးသစ်လည်း ထိုင်ရမလိုလို၊ ထ,ရမလိုလိုဖြင့်-

'ကဲပါ၊ အဲဒီ ဆင်ဦးစီးက ဘယ်တူလဲဆိုတာတာပြော၊ ဘိုးလေး ဘ
လောက်ပေးရ ပေးရ ညှိပြီးပေးမယ်'

ထင်ကျော်ဦးက ခင်မောင်ထွန်းပခုံး ပုတ်လိုက်ပြီး-

'ဆင်ဦးစီးက သူပဲ'

ခင်မောင်ထွန်းက ခုန်ထ,လိုက်ရင်း-

'ဘာကွ၊ ငါက ဆင်ဦးစီး။ ဆင်မောင်းရမယ့်သူ ဟုတ်လား။ ဒီမ
ထင်ကြီး၊ မင်း မူးနေပြီမဟုတ်လား။ ငါတို့ကို အားမနာရင်နေ ဘိုးလေးဖိုးသစ်
တော့ အားနာဖို့ကောင်းတယ်။ မင်းရဲ့ ကလေးကလား စကားတွေကို အမြန်
ရုပ်သိမ်းပါ။ ပြန်ပြီး မရုပ်သိမ်းဘူးဆိုရင် ငါ့ပုလင်းကို ငါရုပ်သိမ်းပြီး ပြန်မယ်

ပြောပြောဆိုဆို ခင်မောင်ထွန်းက ပုလင်းကိုဆွဲပြီး ယူလိုက်သဖြင့် က
တော်လည်း ပုလင်းကို ပြန်လုယူလိုက်ရသည်။

မျက်စိထဲတွင်လည်း ကျွန်တော်တို့ ငယ်ငယ်တုန်းက မလွန် မြသပိတ်ပွဲတေ
၌ စီးခဲ့ဖူးသော ဆင်းလှည်းကြီးကို မြင်ယောင်လာသဖြင့်-

'ဟား... ဟား... ဟား...။ ဒီမယ် ခင်မောင်ထွန်း၊ ဆင်ကို မင်းကိ
တိုင် မောင်းရမယ်'

ကျွန်တော့်စကားကြောင့် ခင်မောင်ထွန်းက မျက်လုံးပြူးကြီးများ
ကျွန်တော့်ကို ကြည့်နေသည်။

'ဒီလိုလေကွာ။ တို့ ငယ်ငယ်တုန်းက မင်းရယ်၊ ငါရယ်၊ ထင်ကြီး
မလွန်ပွဲတော်မှာ ဆင်လှည်းကြီး စီးခဲ့ဖူးတယ်လေ။ တစ်ခါစီးရင် ဆယ့်ငါးပြာ
ရတာ မင်း မေ့နေပြီလား၊ ဟဲ ဟဲ ဟဲ၊ အဲဒီဆင်ကြီးရဲ့ နာမည်က...'

ခင်မောင်ထွန်းက သူ့ခွက်ကို ကောက်မော့၍ ခွက်ကို မိုးပေါ်မြှောက်ကာ ပြန်ဖမ်းလိုက်ရင်း-

'ငါမှတ်မိပြီ၊ အဲဒီဆင်ကြီးနာမည်က 'ဖွဲ့မောင်'မဟုတ်လား၊ ဟား… ဟား…ဟား…။ ကဲ ဘိုးလေးရေ၊ ဆင်မောင်းခ တစ်ပြားမှ ပေးစရာမလိုဘူး။ ဒါပေမဲ့ ဆင်ကိုတိုက်ရမယ့် ဒီဇယ်ကိုသာ သုံး,လေးဂါလန်လောက် ရှာပေးပေတော့'

ဘိုးလေးဖိုးသစ်သည် ကျွန်တော်တို့ သုံးဦးစလုံး အပမှီသွားပြီဟု လုံးဝ ယုံကြည်သွားပြီး သူ့ကော်ဇောကို ပြန်လိပ်လိုက်ရင်း-

'ဆင်ကိုတိုက်ဖို့ ဒီဇယ်လိုတယ်ဆိုတော့ အဲဒီဆင်က ဒီဇယ်တောက်လို့ ပေါ့နော်။ နေပါစေ ဆရာလေးရယ်၊ ဒီဇယ်တောက်တဲ့ ဆင်တော့ မလိုချင်တော့ပါ ဘူး။ ကဲ ကဲ ဘိုးလေးလည်း အလုပ်ကလေးတွေ ရှိတေးလို့ ပြန်လိုက်ဦးမယ်'

ကျွန်တော်က ဘိုးလေးဖိုးသစ်လက်ထဲမှ ကော်ဇောနှစ်ချပ်ကို ဆွဲယူလိုက် ပြီး-

'ဘိုးလေးရေ၊ ဒီကော်ဇောတွေ ဆင်မှာသုံးရမှာဗျ၊ ထားခဲ့'

ဘိုးလေးဖိုးသစ်သည် ပါးစပ်မှ ပွစိပွစိဖြင့် ဂုဏ်တော်များကို အသံတိတ် ရွတ်နေပုံရသည်။ ကြက်သီးတဖြန်းဖြန်းထ,ရင်း ကျွန်တော်တို့ သုံးယောက်၏ မျက်နှာ များကို တစ်ယောက်စီ လိုက်ကြည့်နေသည်။

ကျွန်တော့်မှာလည်း ဘိုးလေးဖိုးသစ်၏ နှားနှစ်ကောင်ကိစ္စ၌ ကိုယ့်ပယောဂ မကင်းဟု ယူဆသောကြောင့် စိတ်မကောင်းဖြစ်နေရာမှ ထင်ကျော်ဦး၏ အကြံ ကြောင့် ငါတော့ အပြစ်လွတ်ပြီဟု ဝမ်းသာစွာဖြင့်-

'ကဲ ဘိုးလေး ထိုင်ပါဦး။ ကျွန်တော်ပြောမယ့်စကားကို အပြင်လူတွေ သိလို့ မဖြစ်ဘူး'

ဘိုးလေးဖိုးသစ်မှာ ထိုင်သာထိုင်လိုက်ရသော်လည်း လက်နှစ်ဖက်ဖြင့် ပုဆိုး အောက်စကို မ,ထားသည်။ အခြေအနေ မဟန်လျှင် တစ်ကျိုးတည်း ပြေးရန် အသင့်ဖြစ်နေပုံရသည်။

ကျွန်တော်လည်း ခင်မောင်ထွန်း ငှဲ့ပေးသမျှကို တစ်ကျိုက်တည်း အပြတ် ရှင်းလိုက်ပြီး-

'ဒီလို ဘိုးလေးရဲ့။ ဒီနယ်တစ်ဝိုက်နဲ့ ဒီရွာကလူတွေကပါ ဘိုးလေးတော့ ရှင်ပြုပွဲမှာ ရှင်လောင်းတင်ပြီး လှည့်စရာ နွားမရှိတော့ဘူးဆိုပြီး ဝမ်းသာနေကြတာ ဗျ။ အဲဒီအချိန်မှာ ဘိုးလေးက ဆင်ဖြူတော်ဆွဲတဲ့ လှည်းကြီးနဲ့သာ ဘိုးလေးမြေးတွေ ရှင်လောင်း လှည့်လာတာသာ မြင်လိုက်ရရင် မနာလိုတဲ့သူတွေ သေတောင် ကုန်နိုင် တယ်'

ဘိုးလေးက မဝံ့မရဲ လေသံဖြင့်…

'အိုဗျာ၊ ကျုပ်မြေးတွေ ဆင်ဖြူတော်နဲ့ လှည့်တာကို မနာလိုလို့ အလောင်းချင်းထပ်အောင် တေကြပါစေ၊ ဆင်ဖြူရရင် ဆင်ဖြူနဲ့ လှည့်မယ်။ ဒါပေမဲ့ တကယ်ရမှာလားဟင်၊ တေတေချာချာ ပြောကြပါဦး'

ထင်ကျော်ဦးက အသံကိုနှိမ့်၍-

'ဒီလို ဘိုးလေးရဲ့။ ခင်မောင်ထွန်းရဲ့ ထွန်စက်ကြီးကို ဝါးတွေ၊ စက္ကူတွေနဲ့ ဆင်ရုပ်ကြီးလုပ်ပြီး ကပ်ထားမယ်ဗျာ။ နောက်တွဲကြီးကိုလည်း ပန်းရထားပုံစံလုပ်မယ်ဗျာ။ ဟိုဗျာ မြို့မှာ ဘုရားထီးတင်တုန်းက မြင်ခဲ့တဲ့ ကရဝိက်ဖောင်တော်ပုံစံမော်တော်ကားကြီးလိုလေ'

ဘိုးလေးဖိုးသစ်သည် ထိုင်ရာမှ 'ဝုန်း'ခနဲ ထ,လိုက်ပြီး ပုဆိုးကို ခါးတောင်းမြှောင်အောင်ကျိုက်ကာ လက်ပမ်းပေါက် တဖြောင်းဖြောင်းခတ်ရင်း-

'ဖိုးတစ်ရဲ့ အလှူဟာ စေတနာမှန်လို့ တိကြားမင်းရဲ့ ဖင်အောက်က ဟာကြီး တင်းသွားလို့'

'ဗန္ဓုကမ္ဗလာ မြကျောက်ဖျာပါ ဘိုးလေးရဲ့'

'တိကြားမင်း ဖင်အောက်က ဆရာလေးပြောတဲ့ဟာကြီး တင်းသွားလို့ အောက်ကိုငုံ့ကြည့်ပြီး ဖိုးတစ်ရဲ့အလှူကို ဟောဒီလို ငါကူညီမယ်ကွဆိုပြီး ဆင်ဖြူတော်တစ်စီးနဲ့ ပန်းရထားကြီးကို ဟောဒီ ဆရာလေးတို့အိမ်ရှေ့ အရောက်ပို့လိုက်တာကိုးဗျ။

'ဟောဒီ ပဲနောက်ရိုး၊ ပနီရိုးမှာ ဖိုးတစ်ရဲ့ အလှူတတင်း ဟိုးဟိုးကျော်သွားစေရမယ်၊ ကဲ ဆရာလေး၊ ပြောနေကြာတယ်၊ ပြောမနေ မကြာဘူး။ ငွေဘယ်လောက်ကုန်ကုန်လုပ်။ ဆရာလေးတို့ ဆင်ဗိုက်ဆံ့တလောက် ဒီဇယ်တောက်စေဗျား'

ဘိုးလေးဖိုးသစ်သည် ပြန်ထိုင်လိုက်ပြီး တပြုံးပြုံးနှင့်-

'ဆရာလေးတို့ကို အားကိုးပါတယ်ဗျာ ဟဲ ဟဲ။ ဟောဗျာ၊ ဟို တစ်လုပ်တဲ့ ဆရာလေး ယူလာခဲ့တဲ့ စစ်တပ်ရမ် ကုန်သွားပြီလား။ ကိစ္စမရှိဘူး၊ ဒီလိုအရက်မျိုး ရွာတောင်ပိုင်းက နတ်ကတော် ဒေါ်စအိမ်မှာ ပွဲတင်ထားတာ မြင်တယ်၊ ကျုပ်ယူပေးမယ်ဗျို့'

ပြောပြောဆိုဆို အိမ်ပေါ်မှ ပြေးဆင်းသွားသည်။

□□□

# အခန်း - ၆

'ဘိုးလေးဖိုးသစ်တော့ တော်တော်ပျော်သွားပြီကွ'

'ငါလည်း ပျော်သွားပြီပေါ့၊ မင်းလက်စွပ်ကိုပေါင်ပြီး ငါ့ကောင်မလေး အတွက် ပွဲထိုင် လုံချည်၊ အင်္ကျီတွေ ငှားလာခဲ့ရတာ အခု ဘိုးလေးဖိုးသစ် ဆင်ရုပ်ကြီး လုပ်ပေးပြီးရတဲ့ ဆင်ရုပ်လုပ်ခငွေနဲ့ မင်းလက်စွပ်ကို ပြန်ပြီး ရွေးလို့ရပြီကွ။

'ငါ့ကောင်မလေး မလှဲ့နဲ့ အောင်သွယ်တော် နှစ်ယောက်အတွက် ငှားခဲ့ရတဲ့ ဝတ်စုံဖိုးက တစ်စုံကို နှစ်ရာတောင် ပေးရတယ်ပေါ့။ ဒါတောင် ဘိုးလေးဖိုးသစ်ရဲ့ ရှင်လောင်းဝတ်စုံတွေနဲ့ ရောငှားလာလို့ ဒီဈေးနဲ့ရတာကွ။ မလှဲ့အတွက် ဘော်ကြယ် တွေနဲ့ စီထားတဲ့လုံချည်နဲ့ အင်္ကျီဟာ ကိုယ့်ဟာကိုယ်ချုပ်ရင် အနည်းဆုံး နှစ်ထောင် ကျော်အထက်မှာ ရှိမှာသေချာတယ်'

'အဲဒါ ထားပါဦး၊ မင်းက ဆင်ရုပ်ချိုးတတ်လို့လား'

'အနည်းဆုံး မျက်မမြင်ပုဏ္ဏားခြောက်ယောက် စမ်းကြည့်တဲ့ ဆင်လောက် တော့ ဖြစ်ပါတယ်ကွ'

ခင်မောင်ထွန်းသည် ထင်ကျော်ဦးထံမှ ဆေးလိပ်ကို ယူဖွာလိုက်ရင်း-

'ငါ့ထွန်စက်ကို ဆင်ရုပ်ကြီးကပ်ပြီး နောက်တွဲကို ပန်းရထားဆင်ရမယ်ဆို

တော့ ဒီတစ်ပတ်လုံး ငါ့ထွန်စက်ကို အနားပေးထားရမှာလား၊ ကြည့်လုပ်ကြဦးနော်။ ငါ့မှာ အကြွေးတွေပိုင်းနေလို့ အကြွေးပူတွေ ဆပ်နိုင်အောင် ရသမျှသစ်တွေကို သယ်နိုင်သမျှသယ်မှ အလုပ်ဖြစ်မှာ'

ထင်ကျော်ဦးက ခေါင်းကုတ်ကာ စဉ်းစားလိုက်ပြီး-

'ဒီလိုလုပ်မယ်ကွာ။ မင်းထွန်စက်နဲ့ နောက်တွဲရဲ့ အတိုင်းအတာကို ယူထားမယ်၊ အဲဒီတိုင်းနဲ့ မှန်းပြီး ဆင်ရုပ်ချိုးမယ်၊ စက္ကူကပ် ဆေးခြယ်ထားမယ်ကွာ။ ပန်းရထားအတွက်လည်း တစ်ခါတည်း လုပ်မယ်။

'သောကြာနေ့ ဘိုးလေးဖိုးသစ် အိမ်အရောက်ဆိုတော့ ဗုဒ္ဓဟူးနေ့ နေ့လယ်ပိုင်းလောက်ရောက်မှ မင်းထွန်စက်ပေါ်တင်ပြီး အသေတပ်မယ်။

'ငါတို့က ဆင်ရုပ်နဲ့ ပန်းရထားကို မင်းသစ်ခုတ်တဲ့ တောထဲမှာပဲ လုပ်မယ်ကွာ။ အဲဒါဆိုရင် မင်းထွန်စက်ကို ဗုဒ္ဓဟူးနေ့ နေ့လယ်အထိ မင်းလုပ်ငန်းမှာ သုံးထားလို့ရပါတယ်ကွ။ အဲ ငါတို့ကျောင်းဆရာနှစ်ယောက်သာ ကျောင်းပိတ်ရမှာ'

ကျွန်တော်က အမြည်းတစ်ဖတ်ကို စားလိုက်ရင်း…

'ဒါက လွယ်ပါတယ်၊ အလှူပြီးတဲ့နေ့ကစပြီး ရက်စားထိုး ကျောင်းတက်ကြတာပေါ့။ မင်းလည်းသိတဲ့အတိုင်း ကျောင်းသားမိဘတွေက သူတို့လယ်ထဲကိုင်းထဲသွားအလုပ်လုပ်ရတော့ သူတို့ကလေးတွေ အထိန်းရလွတ်အောင် ငါတို့ကျောင်းအမြဲပို့ထားလို့ တို့မှာ ကျောင်းပိတ်ရက်မရှိ အမြဲတမ်း သင်နေရတဲ့ဟာပဲ'

ထင်ကျော်ဦးက ခင်မောင်ထွန်းထံမှ ဆေးလိပ်ကို ပြန်ယူ၍ ဖွာလိုက်ရင်း-

'ဒါဆိုလည်း ပြီးတာပဲ။ ခဏနေပြီးရင် ငါ့ရည်းစား မလှဲ့အိမ်ကို ဝတ်စုံတွေသွားပေးပြီး ဒီဝတ်စုံတွေအတွက် ငါဘယ်လောက် ကြိုးပမ်းလာခဲ့ရတယ်ဆိုတာ ပြောပြရင်း ငါ့နှလုံးသားကို လှစ်ဟ,ပြဦးမယ်၊ ဟီး ဟီး'

ကျွန်တော်က စားပွဲခုံကို လက်ဖြင့်ခေါက်ရင်း-

'မင်းကောင်မလေး မလှဲ့က ပြင်တတ်ဆင်တတ်တယ်ဆိုတော့ အလှူမှာ တော်တော်ချောမှာပဲ'

'အိုး ဟိုး ဟိုး၊ ချောဆို ခြင်ချော်လဲ ချောနည်း ချောတာကွ'

ခင်မောင်ထွန်းက သူ့နှာခေါင်းကိုပွတ်ရင်း-

'ဘာလဲကွ၊ ခြင်ချောလဲ ချောနည်းဆိုတာ'

ကျွန်တော်က သဘောကျစွာ ရယ်လိုက်ရင်း-

'ဟဲ ဟဲ၊ ဒီက ဒေသန္တရစကားကွ၊ ချောလွန်းအားကြီးလို့ လူပေါ်လာနားတဲ့ခြင်တောင် ချော်လဲရတယ်။ အဲဒီလောက် ချောတာလုတာကို ပြောတာကွ ဟီး ဟီး။ အဲ မလှပြန်ရင်လည်း သရဲဝိုရုပ်လို့ ပြောကြတယ်။ ခြောက်အောင်လှန့်အောင်

လာတဲ့ သရဲဟာ သူ့ထက်ရုပ်ဆိုးတဲ့ သူကို မြင်တော့ လန့်ပြီး ငိုသွားရတယ်။ အဲဒါကိုလည်း သရဲငိုရုပ်လို့ခေါ်တယ်'

ခင်မောင်ထွန်းသည် မျက်လုံးမပွင့်လောက်အောင် ရယ်နေပါသည်။ ထင်ကျော်ဦးက-

'မလှဲ့က ပြင်တတ်ဆင်တတ်တော့ ရှင်လောင်းတွေကိုပါ အလှဆင်ပေးရမှာကွ။ ပြီးတော့ ရှင်လောင်းဝတ်စုံတွေရော၊ သူ့ဝတ်စုံတွေရောပါ သိမ်းဆည်းရမယ့်တာဝန် သူ့ကိုပေးဖို့ ဘိုးလေးဖိုးသစ်ကို ပြောပြီးပြီကွ'

ထိုစဉ် ဘိုးလေးဖိုးသစ် ပြေးတက်လာပြီး-

'ဟောဟဲ ဟောဟဲ ရှေ့ ဆရာလေး၊ ကိုကြီးကျော်မှာမရှိလို့ ကိုယ်တော်လေး နှစ်ပါးဆီက မှုလာခဲ့ရတယ်၊ ဟောဟဲ ဟောဟဲ။ ဘိုးလေးလည်း တစ်လက်စတည်း ဆရာတော်ကို တွားလျှောက်လိုက်တာ ဆရာတော်က တဘောကျလွန်းလို့ ရှင်လောင်းတွေကို ကိုရင်ဝတ်ပေးပြီးရင် တူကိုယ်တိုင် ကိုရင်တွေ ခြံရံပြီး ရွာထဲကို လှည့်ဦးမယ်တဲ့ဗျား။

ဟောဒီမှာ ပုရပိုက်ကြီးပေးလိုက်တယ်။ လုပ်ရမယ့် ဆင်အမျိုးအစားနဲ့ ကြန်အင်လက္ခဏာတွေဗျား၊ ဟောဟဲ ဟောဟဲ'

ကျွန်တော်က လက်ကာရင်း-

'ပုလင်းကိုတော့ လက်မခံပါရစေနဲ့ ဘိုးလေးရယ်၊ ကိုယ်တော်လေး နှစ်ပါးသာ ပြန်ဆက်လိုက်ပါ။ ခင်မောင်ထွန်း ပုလင်းနဲ့တင် ကျွန်တော်တို့ ရပါပြီ'

ထင်ကျော်ဦးက ခေါင်းကုတ်ရင်း-

'ဟောဗျာ၊ ဘိုးလေးက ဆရာတော်ကို လျှောက်လိုက်ပြီလား၊ ကျွန်တော်က ဘယ်သူမှမသိအောင် ခင်မောင်ထွန်းရဲ့ သစ်လုပ်ငန်းလုပ်တဲ့ တောထဲမှာ ဆင်ရုပ်ကြီးကို သွားလုပ်ပြီး သောကြာနေ့မနက်မှ ဘိုးလေးရဲ့အိမ်ရှေ့ကို 'ဖြန်းခနဲ' ဆင်ဖြူဆွဲတဲ့ ပန်းရထားကြီး လာပို့လိုက်ရင် တစ်နယ်လုံးတော့ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်သွားပြီး ဘိုးလေးရဲ့ ဂုဏ်သတင်းဟာ ကုတ်နဲ့ကော်တင်လိုက်သလို မိုးပေါ်ပြောက်သွားမှာပေါ့'

'ဟာ ဟုတ်ပါရဲ့။ ကိစ္စမရှိဘူး ဆရာလေး၊ ဒီကိစ္စကို ဆရာတော်ပဲ သိတေးတာ၊ ဘယ်တူ့ကိုမှ ပြောမှာမဟုတ်ဘူး။ ဘိုးလေးလည်း ဘယ်တူ့ကိုမှ မပြောတော့ဘူး'

'ဒါဆိုလည်း ပြီးရောဗျာ၊ မနက်ဖြန်လုပ်ဖို့ ကောင်ညှင်းဆန် နှစ်ပြည်နဲ့ ဖျာကြမ်းငါးချပ်ရယ်၊ စက္ကူရယ်သာ ရှာပေးပေတော့။ ဝါးကတော့ တောထဲတင်ခုတ်ပြီး လုပ်ပေးမယ်။ ဘိုးလေးသာ စိတ်အေးအေးနဲ့နေ'

ဘိုးလေးဖိုးသစ်သည် ပြုံးပြုံးကြီး ခေါင်းညိတ်ရင်း-

'အားလုံး ရစေရမယ်။ ဒါနဲ့ ဆရာတော်ရဲ့ ပုရပိုက်ကို ဖတ်ကြည့်ပါဦး ဘယ်လိုဆင်အမျိုးအစား လုပ်ရမယ်ဆိုတာ တိအောင်ပါ'

ကျွန်တော်က ပုရပိုက်ကို ဖွင့်၍ဖတ်လိုက်သည်။

'ဆင်များကို အစွယ်ပေါက်ပုံလိုက်၍ (၁) အစွယ်လုံးဝ မရှိသော ဟိုင်းမျိုး (၂) အစွယ်တစ်ချောင်းသာရှိသော တည်မျိုး၊ (၃) သေးသောအစွယ် တိုသော အစွယ်ရှိသည့် ဟံမျိုး၊ (၄) အစွယ် နှစ်ချောင်းစုံရှိသော တံမျိုး ဟူ၍ လေးပါး သည်။

ထို့ပြင် ဗလအားခြားနားပုံကိုလိုက်၍လည်း ဆယ်မျိုး ခွဲခြားခေါ်ဝေါ်ပြ သည်။ ယင်းတို့မှာ အစဉ်အတိုင်း တစ်မျိုးထက်တစ်မျိုး ဆယ်ဆအားရှိလေရာ

(၁) လူဆယ်ယောက်အားရှိ၍ ညင်းညင်းအော်မြည်တတ်သော ဆင်မည် မျိုးဖြစ်သည့် ကာဠာဝကဆင်

(၂) ဂင်္ဂါမြစ်တစ်ဝိုက်၌ရှိကြသော ဂင်္ဂေယျဆင်

(၃) ဝါဖျော့ဖျော့အရောင်ရှိသော ပဏ္ဍရဆင်

(၄) ကြေးနီရောင်အဆင်းရှိသော တမ္ဗဆင်

(၅) ကြောင်သောအဆင်းရှိသော ပိင်္ဂလဆင်

(၆) အနံ့မွှေးသော ဂန္ဓဆင်

(၇) တင့်တယ်စွာ သွားတတ်သော မင်္ဂလဆင်

(၈) ရွှေရောင်အဆင်းရှိသော ဟေမဆင်

(၉) ဖြူသောအဆင်းရှိ၍ နှာမောင်း၊ အမြီးလှပရှည်သွယ်ပြီး ကောင်းကင် ကျက်စားတတ်သော ဥပေါသထဆင်

(၁၀) ဘော်ငွေအဆင်းရှိပြီး ညီညွတ်သော အစွယ်နှစ်ချောင်းမှ ရောင်ခြ ခြောက်မျိုးထွက်ကာ အမြီး ဦးခေါင်းရှည်သွယ်၍ အလုံးစုံကြ လက္ခဏာနှင့် ပြည့်စုံလျက် ကောင်းကင်၌ ပျံသွားနိုင်သည့် ဆဒ္ဒန် ဟူ၍ ဖြစ်ပေသည်တဲ့။

ဘိုးလေးက ဘယ်လိုဆင်အမျိုးအစားကို လုပ်စေချင်လို့လဲ'

ကျွန်တော် အာခြောက်သွား၍ တစ်ခွက်ကောက်မော့လိုက်ရာ ဘိုးလေး ဖိုးသစ်က-

'ဟို ဆရာလေး၊ ခင်ဗျားရဲ့ ထွန်စက်က ဘယ်နကောင်အား ရှိလဲ'

ခင်မောင်ထွန်းက ပြုံးတိပြုံးကြောင်ဖြစ်သွားပြီး-

'မြင်းကောင်ရေ ငါးဆယ်အားရှိတယ် ဘိုးလေးရဲ့၊ ဘာပြုလို့လဲ'

ဘိုးလေးဖိုးသစ်က ကွမ်းယာတစ်ယာ ငုံလိုက်ရင်း ကျွန်တော်တို့ဘက်လှည့်ကာ-

'ဆရာလေး မြင်းတစ်ကောင်ရဲ့ အားဟာ လူဘယ်နှယောက်နဲ့ ညီလဲ'

ကျွန်တော်နှင့် ထင်ကျော်ဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း-

'အဲ မြင်းတစ်ကောင်ရဲ့ အားဟာ ဘယ်လောက်ရှိတယ် ဆိုတာတော့ ငယ်ငယ်တုန်းက ရူပဗေဒသင်တုန်းက သင်ဖူးပါတယ်။ ဒါပေမဲ့ လူတစ်ကောင် အဲလေ၊ လူတစ်ယောက်ရဲ့အားဟာ ဘယ်လောက်ရှိတယ်ဆိုတာတော့ မသင်ဖူးဘူးဗျ'

'တင်ဖူးတယ် မတင်ဖူးတယ်ကို မေးတာမဟုတ်ဘူး၊ မြင်းတစ်ကောင်ရဲ့ အားဟာ လူဘယ်နှယောက်နဲ့ ညီမလဲလို့ မေးတာ။ ဥပမာဗျာ၊ ဆင်တစ်ကောင်ကို ကြိုးနဲ့ချည်ပြီး လူဆယ်ယောက်နဲ့ လွန်ဆွဲတလို ဆွဲရင် လူလည်းမဆွဲနိုင်၊ ဆင်လည်း မဆွဲနိုင် အဲတလိုဖြစ်နေရင် အဲဒါဟာ ကာဠာဝကဆင်မျိုးလေဗျာ။

အဲဒါဗျာ၊ ဟို ဟို တစ်ဆရာလေးရဲ့ ထွန်စက်က မြင်းကောင်ရေ ငါးဆယ် အားရှိတော့ လူဘယ်နှယောက်အားနဲ့ ညီမလဲ။ အဲဒီညီတဲ့ လူအင်အားကိုတွက်ပြီး ဘာဆင်လုပ်မလဲတီချင်လို့၊ ကျမ်းဂန်နဲ့အညီပေါ့ဗျာ'

အာဂ ဘိုးလေးဖိုးသစ်ကို ကြည့်ရင်း ကျွန်တော်တို့သုံးယောက် ပါးစပ်အဟောင်းသားဖြစ်နေကြသည်။ ခင်မောင်ထွန်းက စိတ်ရှုပ်စွာဖြင့်-

'မြင်းကောင်ရေနဲ့ လူကောင်ရေ ဘယ်လိုညှိရမလဲတော့ မသိဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ သိချင်ရင် ကျွန်တော့် ထွန်စက်နောက်မှာ ကြိုးချည်ပေးမယ်၊ ရွာထဲကလူတွေနဲ့ ဆွဲနိုင်းကြည့်လေ။ ထွန်စက် မရုန်းနိုင်တဲ့အချိန်မှာ ဆွဲထားတဲ့ လူအင်အားကိုကြည့်ပြီး မြင်းကောင်ရေ ငါးဆယ်ဟာ လူဘယ်နှယောက်နဲ့ ညီတယ် ဆိုတာ လက်တွေ့သိရမှာပေါ့'

ဘိုးလေးဖိုးသစ်က ခေါင်းညိတ်ရင်း-

'ကောင်းတာပဲ၊ စမ်းကြည့်ရအောင်လေ။ လူစုဖို့ တံချောင်း တွားခေါက်လိုက်မယ်'

ကျွန်တော်က ဟျာဟျာသလဲ ငြင်းလိုက်ရသည်။

'မလုပ်ပါနဲ့ ဘိုးလေးရယ်၊ လူတွေလွန်ဆွဲလို့ မိုးရွာရင် ဘိုးလေးအလှူ လှူမစည်ဘဲ ဖြစ်သွားမှာပေါ့'

'မိုးအတွက် စိတ်ချပါ၊ ဒေါစကို မိုးတားနိုင်းထားတယ်။ တူနတ်တွေက ပိုင်ပါတယ်'

နတ်တွေကို မည်ကဲ့သို့ ဒေါစ ပိုင်ကြောင်းကို အတွင်းသိ အစဉ်းသိဖြစ်သော ကျွန်တော့်မှာ ရင်ဖိုသွားသည်။ ထင်ကျော်ဦးက-

'ဒါတော့ မဖြစ်နိုင်ဘူး။ တော်ကြာ ဘာကိစ္စနဲ့ လူတွေက ထွန်စက်ကြီးနဲ့ ပြိုင်ဆွဲရလဲဆိုတဲ့အကြောင်း သိသွားရင် ကျွန်တော်တို့ ဆင်ရုပ်လုပ်မှန်း သိသွားမှာ ပေါ့။ ကဲပါ၊ မြင်းတစ်ကောင်ကို ဘယ်နှယောက် ဆွဲရင် ရမလဲဆိုတာသာ စဉ်းစားပါ'

ဘိုးလေးဖိုးသစ်သည် ကွမ်းသွေးကို 'ဖွတ်ခနဲ' ထွေးလိုက်ရင်း-

'ဆယ်နှစ်တားရှိတဲ့ ကျူပ်မြေးပေါက်တူးက မြင်းဇက်ကြိုးကို ဆွဲရင်တောင် မြင်းက မရုန်းနိုင်ဘဲ ပါလာတေးတာပဲ'

ခင်မောင်ထွန်းက နှာခေါင်းရှုံ့ရင်း-

'ဇက်ကြိုးဆွဲမှတော့ဗျာ၊ မြင်းတစ်ကောင် မဟုတ်ဘူး ဆယ်ကောင်ဆွဲရင် တောင်မှ မရုန်းနိုင်ဘဲ ပါလာမှာပဲ'

ထင်ကျော်ဦးက ကြားဝင်၍-

'ဟော့၊ ငါမှတ်မိပြီ။ မနှစ်က ဟိုဘက်ရွာက မြင်းသိုးကြီး ထွက်ပြေးတုန်းက လေးနိုင်နဲ့ စိုးကျော်တို့ ညီအစ်ကို ကြိုးကွင်းပစ် ဖမ်းတာ မရုန်းနိုင်ဘဲ ပါလာတယ် မဟုတ်လား။ လေးနိုင်တို့ ညီအစ်ကိုက ကျားကျားလျားလျား ဗလကြီးတွေနဲ့ စံထား လောက်တယ်။ အဲဒီတော့ မြင်းတစ်ကောင်ရဲ့ အားဟာ လူနှစ်ယောက်ရဲ့ညီတယ်လို့ သတ်မှတ်နိုင်တယ်'

ခင်မောင်ထွန်းက ပုရပိုက်ကို ကောက်ကိုင်လိုက်ရာ ကျွန်တော်က ဆွဲလု လိုက်ရင်း-

'ဒီမယ်၊ တို့ အခုလုပ်မယ့်ဆင်က အလှူတော်မင်္ဂလာအတွက် လုပ်ရမှာ မဟုတ်လား။ ကျမ်းဂန်အတိုင်းသာ လုပ်ရမယ်ဆိုရင် အမြီး အင်္ဂါက ဘယ်လို အစွယ်က ဘယ်ပုံ၊ နှာမောင်းက ဘယ်ညာနဲ့ ဆိုရင်တော့ တစ်ပတ်ဆိုတဲ့ အချိန် အတောအတွင်းမှာ ဘယ်လိုမှ လုပ်လို့ပြီးမှာ မဟုတ်တော့ဘူး။ ဒီတော့ ရိုးရိုးသာ သား အပြစ်လွတ်တဲ့ ဆင်ဖြူတော်တစ်စီးပဲ လုပ်ကြတာပေါ့ကွာ'

အားလုံး ငြိမ်သွားသည်။ ဘိုးလေးဖိုးသစ်က ခေါင်းညိတ်ရင်း-

'အင်းလေ၊ အပြစ်လွတ်တဲ့ ဆင်ဖြစ်ပေမဲ့ အလှူပြီးလို့ ဗျောခေါက်ပြီးချိန်မှာ ကိုရင်တွေနဲ့ ဆရာတော်ကိုပါ တင်ပြီး ရွာထဲလှည့်မှာဆိုတော့ ဆဒ္ဒန်ဆင်ဖြူတော် လုပ်တယ်လို့ပဲ ဆရာတော့်ကို လျှောက်လိုက်တော့မယ်။ ကဲ မနက်ဖြန်အတွက် တွားပြီး စီစဉ်လိုက်ဦးမယ် ဆရာရေ'

□□□

# အခန်း - ၇

တောထဲရှိ ခင်မောင်ထွန်း၏ သစ်စခန်းတွင် ကျွန်တော်တို့ အုပ်စုသည် ထွန်စက်ကြီး၏ အတိုင်းအထွာကို ယူ၍ ဝါးလုံးများကို ခွဲစိတ်ကာ အချောသတ်ပြီး ဆင်ရုပ်ကြီး၏ ပုံကြမ်းကို ဖော်ယူသည်။

ထိုအပေါ်မှ ဖျာကြမ်းများအား ဓားဖြင့်လှီးဖြတ်ကာ အုပ်၍ ကြိုးဖြင့် ချည်နှောင်သည်။ ထိုအပေါ်မှ စက္ကူကြမ်းများကို ကော်သုတ်၍ ကပ်ပြန်သည်။

တစ်ဖန် စက္ကူချောများကို ကော်သုတ်၍ကပ်ခြင်း၊ ချောမွေ့စေရန် ပုလင်းခွံဖြင့် ဖိ၍ ပွတ်ခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်နေကြသည်။

ဘိုးလေးဖိုးသစ်၏သား မောင်ကွကြီးမှာလည်း သူ့ဖခင်၏ အမျက်တော်ပြေစေခြင်းငှာ အားကြိုးမာန်တက် ဝင်ရောက် လုပ်ကိုင်ပေးသဖြင့် ကျွန်တော်တို့မှာ များစွာ အထောက်အကူရပါသည်။

ဤလုပ်ငန်းအဆင့်ဆင့်ကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် သတင်းအမှောင်ချကာ လုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြသော်လည်း ထိပ်ပိုင်းမှ သတင်းတာဝန်ယူရသော ဘိုးလေးဖိုးသစ်နှင့် ဆရာတော့် ကောင်းမှုကြောင့် လူများတဖွဲဖွဲ လာရောက်ကြည့်ရှုကြသည်။

'မပြီးခင် မြန်မာမမြင်စေနဲ့' ဆိုသော စကားပုံမှာ မှန်ကန်လှပေသည်။ လာရောက်ကြည့်ရှုကြသော လူများသည်လည်း မြန်မာလူမျိုးပီပီ ကူညီရိုင်းပင်းချင် စိတ် အပြည့်ဖြင့် နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းတို့ကြောင့် ကျွန်တော်တို့ ဆင်လုပ်သားတစ်စု တော်တော် ဒုက္ခရောက်ရသည်။

ယခုလည်း ခါးဇက်ရှာက 'ဒူကြီး' ခေါ် စိုးစိုးတစ်ယောက် ရောက်ရှိလာ ရာ-

'ဟေ့ ကွကြီး၊ မင်းတို့ အလုပ်တွေရှုပ်နေလို့ ကူအောင်လာခဲ့တာဟေ့။ ငါ အရင်က အစိုးရတစ်စခန်းမှာ နေ့စားလုပ်ခဲ့ဖူးတော့ ဆင်အကြောင်းတော့ နော ကျေနေအောင် တီထားတော့ ပိုအဆင်ပြေတာပေါ့၊ ဘယ်မှာလဲ မင်းတို့ဆင်ကြီး'

ကွကြီးက ဒူကြီးကို ပြေးဖက်လိုက်ပြီး-

'ဟာ ဒူကြီး၊ ချစ်တူငယ်ချင်း၊ မင်းလာတာ ဝမ်းသာတယ်ဟေ့။ ဘာမှ ကူလုပ်စရာမလိုဘူး၊ ငြိမ်ငြိမ်လေးထိုင်နေ၊ ညနေကျရင် ဝိုင်းရှိတယ်'

စိုးစိုးက ကွကြီးကို ဂရုမစိုက်ဘဲ ဆင်ရုပ်ကြီးကိုကြည့်ကာ ကျွန်တော့်ဘက် လှည့်ပြီး-

'ဟာ ဆရာတို့ဆင်ရဲ့ နားရွက်ကလည်း ဘယ်လိုကြီးလဲ။ ဘုန်းကြီးယပ် တောင်ကြီးတွေအတိုင်း ဝိုင်းဝိုင်းကြီးတွေပါလား။ တကယ့် ဆင်နားရွက်က အဲဒီလို မဟုတ်ဘူး။ ကျွန်တော်လုပ်ပြမယ် ကြည့်နေ၊ ဟောဒီလိုပုံမျိုးဗျ'

ပြောပြောဆိုဆို ဒူကြီးက ကတ်ကြေးဖြင့် ဆင်နားရွက်ကြီးအား ကိုက်ချ လိုက်ရာ တားချိန်ပင် မရလိုက်ပါ။ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာ ပါးစပ် အဟောင်းသားဖြင့် အံ့အားသင့်ကာ မှင်တက်နေစဉ် ကွကြီးက ဝါးရင်းတုတ်ကို ပြေးဆွဲသဖြင့် ကျွန်တော်က ကွကြီးကို ပြေးဖက်လိုက်ပြီး ထင်ကျော်ဦးက ဝါးရင်း တုတ်ကို ဆွဲယူထားလိုက်သည်။

ဤတွင် ဒူကြီးခေါ် စိုးစိုးမှာ သူ့လုပ်ရပ် မှန်ကန်သဖြင့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ယောက်က ကွကြီးအား ဝင်ရောက် တားမြစ်သည်ဟု ထင်သွား ကာ-

'ဒီမယ် ကွကြီး။ ငါက မင်းတို့ဆင် လှပါစေ၊ တဘာဝယုတ္တိ ရှိပါစေတော့ ဆိုပြီး စေတနာနဲ့ လုပ်ပေးတာကွ။ မင်း ငါ့စေတနာကို မစော်ကားနဲ့။ ငါ့ရဲ့စေတနာ ကို ဆရာတွေတိတယ်၊ ငါလုပ်တာကို ပြီးအောင်ကြည့်ဦး'

ပြောပြောဆိုဆို နောက်နားရွက်တစ်ဖက်ကို လှီးဖြတ်လိုက်ရာ ကျွန်တော်၏ ဆင်ကြီးမှာ ကြည့်ရင်း ကြည့်ရင်း ဝက်နှင့် တူသွားလေတော့သည်။ ဒူကြီးက ဆက်၍-

'ကဲ မြင်လား။ ဘယ်လောက် ကျက်တရေ ရှိသွားတလဲ။ ကြည့်စမ်း၊ ဒါမှ ရွာဦးကျောင်းက အောင်ခြင်းရှစ်ပါး ပန်းချီကားထဲက နာဠာဂီရီဆင်နဲ့ တူသွားတယ်၊ မြင်လား'

ကျွန်တော်တို့မှာ အံ့အားသင့်ခြင်းများစွာဖြင့် ကွကြီးအား လွှတ်ပေးလိုက်မိသည်။ ကွကြီးက-

'မြင်တယ် မြင်တယ်။ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီး ဝင့်ကြွေးဆပ်တုန်းက နိုးတားစားပြတွေက ဘယ်လိုရိုက်နှက်ခဲ့တယ်ဆိုတဲ့ ပုံကိုရော တီတယ်မဟုတ်လား။ အဲဒီအတိုင်း တူစေရမယ်၊ ကဲဟာ ကဲဟာ'

ပြောပြောဆိုဆို ဝါးရင်းတုတ်ဖြင့် လိုက်ရိုက်လေရာ စိုးစိုးလည်း ပြေးလေတော့သည်။

ကျွန်တော်တို့မှာ တော်တော် စိတ်ဓာတ်ကျသွားသည်။ ဤဆင်ရုပ်ကြီးအား တစ်ခါမှ မလုပ်ဖူးဘဲ မှန်းသန်း၍ အင်္ဂါစုံသော ဆင်တစ်ကောင်ဖြစ်အောင် လုပ်ရသည်မှာ မလွယ်ရသည့်အထဲတွင် နားရွက်နှင့် အစွယ်မှာ အခက်ခဲဆုံးဖြစ်သည်ဟု ဆိုရပါမည်။

သေသေချာချာ ချည်နှောင်ပြီး တပ်လိုက် ပြုတ်ကျလိုက်ဖြင့် ခေါင်းမူးအောင်၊ စိတ်ညစ်အောင် အသည်းအသန် ကြိုးစား၍ တပ်ထားရသော နားရွက်နှင့်အစွယ်တွင် နားရွက်ကြီးများကို ပြန်လည် ပြင်ဆင်ရပေတော့မည်။

နားရွက်နှစ်ဖက်ကို သီးသန့်ပြုလုပ်၍ မူလနားရွက် ငုတ်တိုပေါ်တွင် ကပ်၍ချည်နှောင်ရန် သဘောတူ ဆုံးဖြတ်ပြီး နားရွက်အသစ်ကို လုပ်ကြရပြန်တော့သည်။

နားရွက်အသစ်ကို လုပ်ပြီးချိန်တွင်တော့ ညနေစောင်းသွားပေပြီ။ တိမ်တောက်ချိန်တွင် ရုပ်ဆိုးသူတောင် လှသည်ဟု ဆိုရိုးစကား ရှိသော်လည်း ဖြောင့်တန်းသော နှာမောင်း၊ ရှည်လျားသော အစွယ်နှင့် သေးငယ်သော ငုံးတိတိ နားရွက်ရှိနေသည့် ဆင်မင်းခများတော့ ဘယ်လိုမှ မတင့်တယ်နိုင်ပါ။ အချိန်မရှိတော့သဖြင့် နားရွက်အသစ်ကို မနက်ဖြန်မှ တပ်ပေးတော့မည်ဟု ဆုံးဖြတ်ကာ အလုပ်သိမ်းလိုက်ကြတော့သည်။

ခင်မောင်ထွန်း၏ သစ်လုပ်သားများ သုတ်ကိုင်းထောင်၍ ရလာသော ဂျီသားကို ခင်မောင်ထွန်းကိုယ်တိုင်ပင် အထူးစပါယ်ရှယ် နုပ်၍ တစ်မျိုး၊ ကြော်၍တစ်ဖုံ ချက်ထားသော ဟင်းကြောင့်လည်းကောင်း၊ မီးတောက်ကလေးနှစ်လုံးကြောင့်လည်းကောင်း ထမင်းမှာ ပို၍ စားလို့ မြိန်စေပါသည်။

ထိုစဉ် ထင်ကျော်ဦး၏ တစ်ဖက်သတ် ကျိတ်ပိုးခြင်းကို ခံရသော မလှဲ၏ ငါးဝမ်းကွဲအစ်ကို သို့မဟုတ် ထင်ကျော်ဦး၏ မတော်တဆ တော်ခဲ့ရသည်ရှိသော်

ငါးဝမ်းကွဲ ယောက်ဖလောင်းအဖြစ် တော်ရမည့် ရှိန်ကြီး ရောက်ရှိလာပြန်ပါသည်

ထင်ကျော်ဦးက သွားကိုဖြဲရင်း သူ့ယောက်ဖ အလောင်းအလျာကြီးအား

'ရှိန်ကြီး လာကွာ တစ်ခွက်တစ်ဖလားလောက်ချရင်း ထမင်းစားသွားပါဦး'

ရှိန်ကြီးက ဆင်ကြီးကို သေသေချာချာကြည့်ရင်းမှ ခေါင်းခါပြသည်

ကျွန်တော်က ထင်ကြီးတို့ သမီးယောက်ဖ အဆင်ပြေသွားစေရန်အတွက်-

'ဟော့ကောင် ရှိန်ကြီး၊ လာစမ်းပါကွ၊ မိုးအေးအေးနဲ့ တစ်ခွက်လောက် လုပ်သွားပါဦး။ မသောက်ချင်ရင်လည်း ခေါင်းခါပြမနေနဲ့၊ ထမင်းစားသွားကွ ဒီမှာ ဂျီသားနှပ်ရှိတယ်'

ရှိန်ကြီးက ဖောင်းကားနေသော သူ့ပါးကြီးနှစ်ဖက်ကို အထက်တက်သွား အောင်မဲ့ရင်း-

'ခေါင်းခါပြတာက ထမင်းမစား၊ အရက်မသောက်ဘူးလို့ ပြောတာ မဟုတ် ဘူး။ အရက်လည်း သောက်မယ်၊ ထမင်းလည်း စားမှာပဲ။ ခေါင်းခါပြရတဲ့အကြောင်း က ဒီဆင်ကြီးရဲ့ နားရွက်နဲ့ အစွယ်။ ဒီအစွယ်ကြီးနဲ့ ဟောဒီနားရွက် ဘယ်လို မလိုက်ဘူး။ ဒီအစွယ်ကြီးဟာ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ထဲကလို 'ခြေ ပါးရောင် ဟုံ စွယ်တော်စုံ' ကဲ့တို့တော ဆင်စွယ်ကြီးပါပဲ။ တော်တော်လည်း လက် မြောက်ပေတယ်။

'ဒါပေမဲ့ ဆင်နားရွက်နဲ့က လုံးဝ မလိုက်ဘူး။ အစွယ်က အုန်းတီးကြွက်ပြ လောက်ရှိနေပြီး နားရွက်က အုန်းတီးပေါ် ယင်နားတလောက်ပဲရှိတော့ ဘယ်လို ကြည့်မကောင်းဘူး။ ဒါပေမဲ့ ကျုပ်က ခင်ဗျားတို့အရက်ကို သောက်ပြီး ထမင်း မှာဆိုတော့ တစ်ခွက်သောက်ဖူး တူ့ကျေးဇူး၊ တစ်လုတ်စားဖူး တူ့ကျေးဇူးဆိုတဲ့ ကျေးဇူးတိတတ်မှ ဖြစ်မှာပေါ့။ ကဲ ကဲ ခင်ဗျားတို့ စားလက်စ စားနှင့်ကြ၊ ဒီဆင် ကို ကျုပ်ပဲ ပြင်ပေးလိုက်မယ်'

ပြောပြောဆိုဆိုဖြင့် အနားရှိလွှဖြင့် ဆင်ကြီး၏ အစွယ်များမှနေ၍ တိုက် လိုက်ရာ တားချိန်ပင် မရလိုက်ပါ။

*'မုဆိုးညစ်ထွေး ငမိုက်ခွေးလည်း၊ လေးစွန်တောင်နှင့် အာပေါင်ကို ဒိုင်းထောက်၍ကန်ပြီးလျှင်၊ ထက်သန်မြမြ ကြောက်မက်ဖွယ်လွှကြီးနှင့်၊ အာစကို ဦးနှောက်ကို နိုက်လုအောင်၊ အလျားလိုက်ထိုးသွင်း စွယ်ရင်းကိုပွတ်သည်တွင်*

ဟူသော ဦးပုည၏ **ဆဒ္ဒန်ဆင်မင်း** ဝတ္ထုထဲမှ သောနုတ္တိုရ်မုဆိုး ရှိန်ကြီးက အရမ်းကာရော ပြုလုပ်လိုက်လျှင် ဝါးနီးကို ဖျာ၍ ရက်လုပ်ပြီး အ စက္ကူကိုကော်သုတ်၍ ကပ်ထားသော ဆင်စွယ်ကြီးမှာ တိခနဲ ပြတ်ကျသွား လွှ၏ တုန်ခါမှု၊ လက်၏ အတင်းအားစိုက်၍ ဆွဲမှုတို့ကြောင့် ဆင်စွယ်ကြ

အရင်းမှနေ၍ ပြုတ်ထွက်ကျသွားပုံမှာလည်း-

*'စွယ်တော်မြတ်အစုံသည်၊ နိတုံရောင်စို၊ ရွှေတောင်ကြီး ပြိုသကဲ့သို့၊ မြတ်တို တုံး၍၊ ဖုန်းဖုန်းမြေသို့ ကျလေ'*

ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်တော့်မှာ စားလက်စ ထမင်း လည်ပင်းနင်သွားသလို ကျွန်လူများမှာလည်း အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။

ရှိန်ကြီးကတော့ ပြုတ်ကျသွားသော ဆင်စွယ်ကို ကောက်ကိုင်၍ အံ့ဩသလို ကြည့်လိုက်ပြီး မူလဆင်စွယ်တပ်ထားသော အပေါက်ထဲသို့ ပြန်ထိုးသွင်းလိုက်သည်။ *'ထွက်ပြီးသား ဆင်စွယ် ဝင်တယ်လို့မရှိ'* ဟူသော စကားပုံမှာ ရာနှုန်းပြည့် မှန်ကန်ကြောင်း သက်သေပြလိုက်သည့်အလား ဆယ်စွယ်အုံမှာ ပြုတ်ထွက်သွားပြီး နှာမောင်းတစ်ဖက်မှာလည်း ပဲ့ထွက်သွားလေတော့သည်။

ဒါသကြောင့် ပြောင်လက်စူးရဲနေသော ကျွန်တော်တို့ အုပ်စု၏ မျက်လုံးအစုံများကြောင့် ခေတ်သစ် သောနတ္တိုရ်၊ ရှိန်ကြီးမှာ ဒူးတုန်၍ နေပေပြီ။ သူ၏ကြောက်ရွံ့အားငယ်နေသော ပုံသဏ္ဍာန်မှာလည်း *'အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော် ကြံဖော်ကြံဖက် ဤသုံးယောက်အနက်မှ ကံကွက်ကျား၍ ငမိုက်သားမှဆိုးလေ၊ နင့်ချည်းပင်သေချေတော့ဟု ငွေတောင်ကြီးအပာန် ဆဒ္ဒန်မင်းမြတ် ကျွန်တော့်အား သတ်လျှင်လည်း မလွတ်နိုင်ရာ သေရပါတော့မည်'* ဟု တောင်းပန်နေသယောင်ယောင်ပင်။

ကွကြီးသည် လက်ကိုပင် မဆေးဘဲ သူ၏ လက်သုံးတော် ဝါးရင်းတုတ်ကို ကောက်ကိုင်လိုက်လျှင် ထင်ကျော်ဦးက သူ၏ ရှုမငြီးသော မလှဲ၏ မောင်ယောက်ဖကောင်ကို ဘေးမသင့်စေသောငှာ ကွကြီး၏ လက်ကိုဆွဲရင်း-

'ဟဲ့ ကွကြီး လွှန်မယ်၊ လွှန်မယ်။ ဆဒ္ဒန်ဆင်မင်းတောင်မှ သူ့အသက်ကိုသတ်ပြီး အစွယ်ကိုဖြတ်တဲ့ သောနုတ္တိုရ်ကိုတောင် ခွင့်လွှတ်နိုင်သေးတာပဲ။ ရှိန်ကြီးဆိုတာ မင်းရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပဲ၊ မလုပ်ပါနဲ့ကွာ၊ ခွင့်လွှတ်လိုက်ပါ'

ဤကဲ့သို့ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလိုက်သော်လည်း ကွကြီးက-

'မရဘူး၊ မရဘူး။ ဆင်မင်းက ဘုရားအလောင်းမို့လို့ ခွင့်လွှတ်နိုင်တာ။ ကျုပ်က တတို့တားလောင်း၊ လုံးဝ ခွင့်မလွှတ်နိုင်ဘူး။ ဒီဆင်ရုပ်ကြီးပြီးမှ ကျုပ်အဘက ကျုပ်ကို အမျက်ပြေပြီး မိန်းမတောင်းပေးမှာဗျ။ ကျုပ်ကို လုပ်တွားရင် ကျုပ်ခံနိုင်တေးတယ်။ ဒီဆင်ကြီးကိုလုပ်တာတော့ ကျုပ် မခံနိုင်ဘူး။ ကျုပ် မိန်းမရ

မှာကို မနာလိုလို့ ဖျက်လိုဖျက်ဆီးလုပ်တဲ့ကောင် တူငယ်ချင်းရော ဘာရော နား မလည်ဘူး၊ တွေ့မယ်'

သောနတ္တိုရဲ့ မုဆိုးသည် ဆဒ္ဒန်ဆင်မင်းကိုသတ်၍ အစွယ်ကို ယူရန်အတွက် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက် သွားခဲ့ရသော ခရီးကို အပြန်တွင် အဘယ်ကြောင့် ခုနစ်ရက်တည်းနှင့် ပြန်နိုင်ခဲ့ပါသနည်းဟု ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ဤအသက်အရွယ်အထိ မရှင်းလင်းခဲ့သော ပုစ္ဆာ၏အဖြေသည် ယခုအခါ၌ အထင် အရှား ပေါ်လွင်လာခဲ့ပေတော့သည်။

ခေတ်သစ် သောနုတ္တိုရဲ့ ရှိန်ကြီးသည် သူ့ခန္ဓာကိုယ် အတွဲဘောကြီးနှင့် မလိုက်အောင် ပြေးလိုက်ပုံမှာ နောက်မှ လိုက်ရိုက်သော ကွကြီးပင် မျက်ခြည်ပြတ် သွားရပါသည်။

ဤကဲ့သို့သော ဖြစ်ကြောင်းကုန်စင်ကို ဆရာတော်နှင့် ဘိုးလေးဖိုးသစ်တို့ သိသွားပြီးနောက် ကျွန်တော်တို့၏ ဆင်ရပ်လုပ်သည့် ခင်မောင်ထွန်း၏ သစ်စခန်း နေရာသို့ ရွာသူရွာသားများ ဖြတ်သန်းသွားလာခွင့်ကို ပိတ်ပစ်လိုက်ပါသည်။

ကျွန်တော်တို့ နေရာသို့ သွားသော လမ်းခွဲတွင်ရှိသည့် မန်ကျည်းပင်ကြီး၌ ဖျာကြမ်းကြီးကိုကပ်ထားပြီး အောက်ပါအတိုင်း ရေးသားထားသည်ကို အဝေးကပင် မြင်တွေ့နိုင်ပါသည်။

**သတိ**

*မည်သူမဆို မည်သည့်ကိစ္စကြောင့်မှ ဤနေရာသို့ ဖြတ်သန်းသွားလာခြင်း ကို ခွင့်မပြု၊ တွေ့ရှိပါက ရွာဦးကျောင်းတွင် ရေဒဏ်တစ်ထောင်၊ သဲဒဏ် တစ်ထောင် ဒဏ်ခံရမည်။*

***ပုံ/ဆရာတော်***
***သတ္တုယ်မြောင်ကျေးရွာ***

ဤဆိုင်းဘုတ်ကြီးတင်ပြီးမှ ကျွန်တော်တို့ဆင်လုပ်သား တစ်စုလည်း စိတ် အေးချမ်းသာစွာဖြင့် ဆဒ္ဒန်ဆင်မင်းကို အသက်သွင်းရလေတော့သည်။

□□□

# အခန်း - ၈

ယနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် ဆင်ရုပ်ကြီးအား ထွန်စက်ပေါ်တွင် အစမ်း တပ်ဆင်ရမည့်နေ့ ဖြစ်သည်။

'ဟော့ကောင် ထင်ကြီး၊ ခင်မောင်ထွန်းရဲ့ ထွန်စက်ကို ဒီနေ့လယ် ဒီကို ရောက်အောင် လာခဲ့ပါလို့ ပြောပြီးပြီလား'

'ပြောပြီးပါပြီကွာ၊ ခင်မောင်ထွန်းရဲ့ တပည့် ကြည်မြင့် သစ်ဆွဲပြီး အပြန် ရွာကိုဝင်ပြီး ဘိုးလေးဖိုးသစ်ဆီက ဒီဇယ်ဝင်ထည့်လာလိမ့်မယ်။ ခင်မောင်ထွန်းက တော့ ဟိုဘက်သစ်ကွက်ကို သွားတယ်ကွ'

ဆင်ရုပ်ကြီးအား အပြီးသတ်အချောကိုင် ဆေးသုတ်၍ ကော်ဇောနှစ်ချပ် အား ကျောကုန်းပေါ်တင်ကာ ပြုတ်မကျစေရန် ကြိုးဖြင့်ခိုင်ခိုင်ချည်နေစဉ် ခင်မောင် ထွန်းတစ်ယောက် မောကြီးပန်းကြီးဖြင့် ရောက်လာပြီး ဆင်ရုပ်ကြီးအားကြည့်ကာ ညစ်ညစ်ပတ်ပတ် ဆဲရုံမျှမကဘဲ တုတ်ဖြင့် ရိုက်မည်လုပ်နေသဖြင့် ကျွန်တော်နှင့် ထင်ကျော်ဦးလည်း ပြေး၍ ဆွဲထားရင်း-

'ဟ ဘာဖြစ်လာလို့လဲ သူငယ်ချင်းရဲ့၊ ဒီဆင်ကြီးက မင်းအပေါ်ကို ခါချဉ် တွေပါတဲ့ အင်ကြင်းပန်းကို ကြဲချလိုက်လို့လား'

'ခါချဉ် အကိုက်ခံရတာထက် ဆိုးတယ်ကွ၊ ဆိုးတယ်။ ဘယ့်နှယ်ကွာ တစ်နေ့က ငါ့ဆီကို သစ်ကုန်သည်တွေ သစ်ဝယ်ရအောင်လာတယ်။ သူတို့က ငါ့ သစ်တွေ အားလုံးကို တစ်လုံးမကျန် ပုတ်ပြတ်နဲ့ ဝယ်ချင်လို့ လာတာကွ။ ဈေးတည့် ရင် ငွေ အကျေချေမယ်ဆိုပြီး လိုက်လာတာ။ အခုတော့ကွာ၊ တောက်၊ လမ်းခုလ မန်ကျည်းပင်က ဆိုင်းဘုတ်ကို မြင်သွားပြီး ပြန်သွားကြပြီတဲ့ကွ ဟင်း'

'ဒါလေးများကွာ၊ ဖြစ်နေလိုက်တာ။ မင်းတပည့် ကြည်မြင့်ကို ထွန်စက် လွှတ်ပြီး ပြန်ခေါ်ခိုင်းလိုက်ကွာ။ နောက်နေ့မှ ထွန်စက်ပေါ်ကို ဆင်ရုပ်ကြီးတင်ရင် လည်း ဖြစ်ပါတယ်'

'မရတော့ဘူးကွ။ အဲဒီသစ်ကုန်သည်တွေက ဟိုဘက် သစ်ကွက်က ကောင်တွေဆီမှာ ဈေးတည့်သွားလို့ ငွေချေပြီးပြီတဲ့။

'ငါ့မှာတော့ သစ်လိုင်စင် လိုက်တော့လည်း မိဘရဲ့ငွေ၊ သစ်တွေခုတ်တော့ လည်း မိဘရဲ့ငွေ၊ သစ်တွေကို လမ်းပေါ် ဆွဲတင်တော့လည်း မိဘရဲ့ငွေ၊ ဘာကြေး ညာကြေးပေးတော့လည်း မိဘငွေ၊ ငါ့မိဘတွေကလည်း ငါ့ကို ငွေပေးရလွန်းလို့ ငါ အိမ်ပြန်လာမှာတောင် ကြောက်နေတဲ့ဘဝ ရောက်နေပြီကွ။ ဒါကြောင့် ငါ့မှာ သူများတွေဆီက အတိုးနဲ့ ငွေချေးပြီး အလုပ်လုပ်နေရတာ။ လုပ်ငန်းကလည်း မလည်ပတ်နိုင်သေးတော့ အကြွေးရှင်တွေကလည်း သူတို့ငွေ ပြန်ဆပ်ဖို့ ပူဆာလွန်းလို့ ငါ့မှာ တောထဲ လာရှောင်နေရတာ။

'သစ်ကုန်သည်တွေနဲ့ တွေ့ပြီး သစ်နည်းနည်းပါးပါးလောက် ရောင်းလိုက် ရရင် ငါ့မှာ အကြွေးတွေရှင်းပြီး စိတ်အေးလက်အေးနဲ့ နေနိုင်မှာ။ အခုတော့ကွာ တောက်။ ဒီဆင်ကြီးနဲ့ ကျောင်းဆရာ အရူးတွေကြောင့် ငါ မပြောလိုက်ချင်ဘူး'

ပြောပြောဆိုဆိုပင် ခင်မောင်ထွန်းတစ်ယောက် သက်ပြင်းရှည်ကြီးကိုချရင်း တဲထဲသို့ ဝင်သွားကာ လက်ကျန်ပုလင်းကို အပြတ်ရှင်းနေသည်။ ကျွန်တော်တို့ နှစ်ယောက်မှာလည်း ခင်မောင်ထွန်းကို သနားသွားကြသည်။

မကြာခင်မှာပင် ခင်မောင်ထွန်း၏ တပည့် ကြည်မြင့်တစ်ယောက် ထွန် စက်ကြီးဖြင့် ရောက်လာသည်။ ထွန်စက်ကို ဆင်ရုပ်ကြီးနားကပ်၍ ရပ်လိုက်ပြီး

'ဗျို့ ကိုထင်ကြီး၊ ကိုခင်မောင်ထွန်း ရောက်ပြီလား'

'အေး ရောက်ပြီ၊ ဟိုတဲထဲမှာ။ ဒါနဲ့ မင်းရော အဆင်ပြေခဲ့ရဲ့လား'

'ပြေပါတယ်ဗျာ။ ဘိုးလေးဖိုးသစ်က ဒီဇယ်လေးဂါလန်ခွဲ ထည့်ပေးလိုက် တယ်။ ရော့၊ ဒီမှာ လူဆီက တစ်ဂါလန်(ခြောက်ပုလင်း)။ ဟောဒီမှာက ယုန်သား ကြပ်တိုက်နှစ်ကောင်။ အဲဒါတွေက ဒူကြီးခေါ် စိုးစိုးနဲ့ ရှိန်ကြီးတို့က ပေးလိုက်တာ ဗျား။ ကွကြီးကိုလည်း ကျေနပ်ပါလို့ တောင်းပန်လိုက်တယ်'

ခင်မောင်ထွန်းက တဲထဲမှ ထွက်လာကာ အရက်ပုံးကိုယူကာ သူ့ဝါးဆစ်ခွက်ထဲသို့ ငှဲ့ထည့်ကာ တစ်ကျိုက်တည်း မော့သောက်ရင်း ယုန်သားခြောက်ကို ဖဲ့စားလိုက်သည်။ ကြည်မြင့်က-

"ကိုခင်မောင်ထွန်း ဟောဒီမှာ သစ်တောရုံးက ပေးခိုင်းလိုက်တာတဲ့။ ဒီကို ဘယ်သူမှ မလာရဲကြလို့ ကျွန်တော်လာမှ ပေးလိုက်တာ"

ခင်မောင်ထွန်းက သူ့ခွက်ထဲသို့ အရက်ငှဲ့ထည့်ရင်း ကျွန်တော့်ကို မေးငေါ့ပြသဖြင့် ကျွန်တော်က စာကိုယူဖတ်လိုက်သည်။

*အကွက်အမှတ် ( )တွင် သစ်လုပ်ကိုင်ခွင့်ရရှိ၍ သစ်လုပ်ကိုင်နေသော ဦးခင်မောင်ထွန်း သိစေရန်မှာ ..... နေ့တွင် မြို့နယ်သစ်တောရုံးသို့ လူကြီးမင်း၏ သစ်ကွက်နှင့် ပတ်သက်သော တိုင်ကြားစာ ရောက်ရှိလာပါသည်။ ထိုစာမှာ လူကြီးမင်း သစ်ကွက်ထဲသို့ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားကြောင်းကို တွေ့ရှိရ၍ မြို့နယ် သစ်တောရုံးသို့ တိုင်ကြားခြင်းဖြစ်ပါသည်။ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ သွားလာခွင့် ပိတ်ထားရခြင်းအကြောင်းကို ထုချေရှင်းလင်းရန်အတွက် ဤစာရရချင်း မြို့နယ် သစ်တောရုံးသို့ လာရောက်ရန် အကြောင်းကြားပါသည်။*

ကျွန်တော်၏ စာဖတ်သံအဆုံးတွင် "အဟွတ် အဟွတ်"ဖြင့် ခင်မောင်ထွန်း အရက်သီးသွားသည်။ ထင်ကျော်ဦးနှင့် ကွကြီးက ကျောကိုထုပေး နှိပ်ပေးလိုက်ရာ ခင်မောင်ထွန်းသည် မျက်ရည်တလည်လည်ဖြင့်-

"ကောင်းကြသေးရဲ့လား ကျောင်းဆရာစုတ်တွေရဲ့။ မင်းတို့ပဲ စဉ်းစားကြည့်ကြပါဦး။ ငါ့ကို မနာလိုတဲ့ကောင်တွေက အကွက်ချောင်းနေကြတာ။ ဟော အခုတော့ ငါ့သစ်ကွက်ထိပ်မှာ ဖြတ်သန်းသွားလာခွင့် ပိတ်ထားတဲ့ ဆိုင်းဘုတ်ကြီးကို အကြောင်းပြပြီး မြို့နယ်ရုံးကို တိုင်စာပို့လိုက်တော့ မြို့နယ်ရုံးကလည်း ငါက တရားမဝင်သစ်တွေ ခိုးထုတ်နေသလိုလို၊ ဥပဒေမဲ့တွေ လုပ်နေသလိုလို ထင်ကြမှာပေါ့"

ထင်ကျော်ဦးက အရက်ငှဲ့ပေးလိုက်ပြီး-

"ထင်ကြမှာပေါ့ကွာ၊ ရော့ သောက်လိုက်ဦး"

ခင်မောင်ထွန်းက "ဂွပ်"ခနဲ မော့သောက်လိုက်ပြီး-

"အခု ငါ မြို့ကို သွားရှင်းရတော့မယ်။ ငါ့ရှင်းလင်းချက်ကို သူတို့မယုံလို့ ငါ့သစ်ကွက်ကို လိုက်လာပြီး ငါခုတ်တဲ့သစ်လုံးတွေရဲ့ အရင်းဖြတ်ထားတဲ့ လွှရာနဲ့ မြေကြီးပေါ်မှာ ကျန်နေတဲ့ သစ်ငုတ်ရဲ့ လွှရာကို ပေကြိုးတိုင်းပြီး ကြည့်ကြတော့မယ်"

ထင်ကျော်ဦးက အရက်ကိုထပ်ငှဲ့၍ ခင်မောင်ထွန်းကို အားပေးလိုက်ပြန်ရင်း-

"သူတို့က ဘာပြုလို့ ပေကြိုးနဲ့ တိုင်းမှာတဲ့လဲ"

ခင်မောင်ထွန်းကလည်း ပေးသမျှကို ကန်းမော့ပြီး-

'မင်းတို့ကောင်တွေဟာ စာသင်ဖို့ကလွဲပြီး ဘာမှမသိတဲ့ အလကားကောင်တွေ။ သစ်တောအဖွဲ့က ပေကြိုးနဲ့ တိုင်းပြီးရင် ငါခုတ်ထားတဲ့ သစ်တွေဟာ ငါ့အကွက်ထဲက ဟုတ်မဟုတ် ဆုံးဖြတ်ပေးမှာပေါ့။ အဲဒီလိုသာ တစ်ပင်ချင်း လိုက်တိုင်းနေရင်တော့ ငါလည်း ဒီတစ်မိုးလုံး ဗွက်တောထဲက ထွက်နိုင်မှာ မဟုတ်တော့ဘူး။ အမေရေ့၊ ကျွန်တော်ကတော့ လူပေါင်းမှားပါပြီ အမေရဲ့။ အီး အီး။ ဒီသစ်တွေသာ မြို့ကိုမရောက်ရင် ကျွန်တော် ဘယ်လိုလုပ်ပြီး အကြွေးတွေ ဆပ်နိုင်တော့မှာလဲ အမေရဲ့၊ အီး အီး။ ကျွန်တော်တော့ ဆရာပေါင်းမှားလို့ ဆရာမကောင်း တပည့်ပန်းကောင်းအညွန့်ကျိုးပါပြီဗျား။ အီး အီး'

ခင်မောင်ထွန်းတစ်ယောက် အမူးလွန်ပြီး အော်ဟစ်ငိုယိုရင်း ဝါးကွပ်ပျစ်ပေါ်သို့ မှောက်ခုံကြီး ကျသွားလေတော့သည်။ ကွကြီးနှင့် ကြည်မြင့်အား ခင်မောင်ထွန်းကို အိပ်ရာထဲ လိုက်ပို့ရန် ထင်ကျော်ဦးက ပြောလိုက်ပြီး ကျွန်တော့်အား…

'ဒီကောင် စိတ်ပူလွန်းလို့ပါကွာ'

'ဟ ထင်ကြီးရ၊ သူပြောတာလည်း ဟုတ်သားပဲ။ သစ်တောအဖွဲ့အနေနဲ့ကလည်း တားမြစ်နယ်မြေ သွားလာခွင့်ပိတ်ထားတော့ မကောင်းမှုတစ်ခုခု လုပ်နေပြီလို့ ထင်သွားစရာပေါ့။ တကယ်လို့ ခင်မောင်ထွန်းကိုယ်တိုင် ထုချေပါလျက်နဲ့ မကျေနပ်ခဲ့လို့ သစ်တောအဖွဲ့ကသာ ကိုယ်တိုင် ကွင်းဆင်းပြီး သစ်တွေကို တစ်ပင်ချင်း စစ်ဆေးနေရင် ဒီမိုးတွင်းတစ်တွင်းလုံး သူ့လုပ်ငန်းတွေ ရပ်ထားရမှာပေါ့။

'အလိုလိုမှ အကြွေးတွေပိုင်းနေလို့ သူ့မှာ မြန်မြန်ငွေပေါ်အောင် လုပ်နေရတဲ့ကြားထဲမှာကွာ ဟိုသစ်ကုန်သည်တွေနဲ့ လွဲသွားတာလည်း သူ့အတွက် တွေးကြည့်ရင် စိတ်ညစ်စရာကြီးပဲပေါ့'

'ဒီသစ်ကုန်သည်တွေကလည်း ခင်မောင်ထွန်း ဗိုက်နာနေမှန်းသိလို့ အောက်ဈေးနဲ့ ရလောက်တယ်ဆိုပြီး ဈေးနှိမ်ဝယ်ရအောင်လာတဲ့ ကောင်တွေပါကွာ။ ဒါကထားပါတော့။ သစ်တောအဖွဲ့ကလည်း ခင်မောင်ထွန်း တရားမဝင်အလုပ်တွေ လုပ်နေတယ်လို့ ထင်ရုံထင်သေးတာ။ အတိအကျ စွပ်စွဲတာမှ မဟုတ်သေးဘဲနဲ့။ ဒါကြောင့် ထုချေလွှာ တောင်းတာပေါ့။

'စွပ်စွဲပြီဆိုရင် သူ့သစ်ကွက်ကို တန်းပြီး ချိပ်ပိတ်ပစ်မှာပေါ့ကွ။ မပူပါနဲ့၊ တို့ရွာက ဥက္ကဋ္ဌတွေနဲ့ ဆရာတော်ရော၊ ဘိုးလေးဖိုးသစ်ကိုပါ ခေါ်သွားပြီး အဖြစ်မှန်ကို ရှင်းပြရင်ရပါတယ်။ ငါ့မျက်စိထဲမှာတော့ ကြိုပြီးမြင်ယောင်သေးတယ်ဟေ့'

'ဘာမြင်ယောင်တာလဲ ချိပ်ပိတ်ခံရမှာကိုလား'

'ဘယ်ကလာ၊ ဘိုးလေးဖိုးသစ် ကိုယ်တိုင် လိုက်ရှင်းရင်တော့ သူ့ဆင်ရပ်

ကြီးအကြောင်းကို ငြိကာချဲ့ပြီး အာပေါင်အာရင်းသန်သန်နဲ့ ကြွားတော့မှာကို မြင်ယောင်တာပါ'

ကျွန်တော်လည်း ထင်ကျော်ဦးစကားကြောင့် စိတ်ပေါ့သွားပြီး-

'လောလောဆယ်တော့ အကြောင်းစုံကို စာရေးပြီး ဥက္ကဋ္ဌနဲ့ ဘိုးလေးဖိုးသစ်ဆီကို ငါစာရေးပေးလိုက်မယ်။ ခင်မောင်ထွန်းကို လှည်းပေါ်တင် ခေါ်သွားကွာ။ ကွကြီးကို လှည်းပြင်ခိုင်းလိုက်'

'ထွန်စက် မပေးလိုက်ဘူးလား'

'ဒီထွန်စက်ကြီးကို ပေးရမှာစိုးလို့ ခင်မောင်ထွန်းကို အမူးလွန်သွားအောင် ငါက အရက်တွေအများကြီး တိုက်ထားရတာ။ ဒီကောင်သာ မမူးရင် မြို့ကိုသွားဖို့ အကြောင်းပြပြီး ဒီထွန်စက်ကြီးကို ယူသွားမှာကွ။ ငါကလည်း ဒါမျိုးဆို ကြိုသိတယ်။ ဟီး ဟီး'

'ထင်ကြီးရာ မင်းဟာလေ မဟာပညာကျော်ကြီးပါပဲ။ တကယ်တော်တဲ့ကောင်ကွာ။ ဘာပြဿနာဖြစ်ဖြစ် မင်းရှင်းလိုက်ရင် တန်းပြီးသွားတာပဲ။ ဟဲ ဟဲ ရော့ကွာ ချလိုက်ဦး တစ်ခွက်'

'နေဦး၊ စာရေးပြီးမှချမယ်။ ဟော့ကွကြီး၊ လာဦး။ မင်းက ခင်မောင်ထွန်းကို လှည်းပေါ်ကိုတင်ပြီးခေါ်သွား၊ အခု ငါရေးပေးမယ့်စာကို ဥက္ကဋ္ဌနဲ့ မင်းအဘကိုပြလိုက်။ သူတို့သဘောတူရင် ဆရာတော်ကိုပါ ခေါ်သွားပြီး အခုညနေ လမ်းပေါက်ကို အရောက်သွားခိုင်း။

'အခု ဟိုမှာ လမ်းအဖွဲ့က ကားတွေ ညတွင်းချင်း မြို့ကိုသွားဖို့ရှိတယ်လို့ သတင်းရထားတယ်။ အဲဒီကားနဲ့ မြို့ကိုသွားပြီး ခင်မောင်ထွန်းကိစ္စကို ရှင်းပေးလိုက်လို့လည်းပြော။ မင်းက အပြောကောင်းတော့ ဒီကိစ္စဟာ အကွက်ပဲ။ မင်းရဲ့အဘက မင်းကို တွယ်ချင်နေတာ အခုလို မင်းက သူ့ကိစ္စကြီး မပျက်မစီးရအောင် ကြားက ဝင်ပြီး ဆောင်ရွက်ပေးတာမြင်ရင် မင်းအဘက မင်းကို စိတ်ပြေသွားလိမ့်မယ်။ ဒါဆိုရင် မင်းမိန်းမရဖို့ကိစ္စကို ငါကိုယ်တိုင် စီစဉ်ပေးမယ်၊ ကဲ လှည်းသွားပြင်တော့'

ကွကြီးက ဝမ်းသာအားရဖြင့် လှည်းကိုပြင်သည်။ ခင်မောင်ထွန်းကို လှည်းပေါ် ပွေ့တင်၍ စာကိုယူပြီး အသော့ မောင်းသွားလေတော့သည်။

'ကဲဟော့ ဆင်ရုပ်ကြီးကို နောက်ဆုံး အချောသတ်ကြ၊ မနက်ဖြန် ကြာသပတေးနေ့ မနက်မှ ထွန်စက်ပေါ်တင်တော့မယ်။ အခု ပန်းရထားပုံစံလုပ်ထားတဲ့ဟာတွေကို ထွန်စက်နောက်တွဲမှာ ပြုတ်မကျအောင် အပြီးတပ်မယ်။ ကြည်မြင့် ရေ၊ မင်းထွန်စက်ရဲ့ နောက်တွဲကို ဖြုတ်ထားလိုက်ကွာ'

□□□

# အခန်း - ၉

ကြာသပတေးနေ့ မနက်ပိုင်းကတည်းက ဆင်ရုပ်ကြီးကို ထွန်စက်ပေါ်သို့ တင်ခဲ့ကြရာ ညနေပိုင်းမှသာ ပြီးသွားသည်။ ထို့နောက် ကြည်မြင့်ကို ဆင်ရုပ်ထဲဝင်စေ၍ အစမ်းမောင်းနိုင်းကြည့်ရာ-

'အဟွတ် အဟွတ်၊ သေပါပြီ ဆရာရဲ့၊ အဟွတ် အဟွတ် လုပ်ကြပါဦး'

ဟူသော အသံကြီးက ထွန်စက်သံကို ကျော်လွှမ်းပြီး ထွက်ပေါ်လာသဖြင့် ကျွန်တော်နှင့် ထင်ကျော်ဦးတို့ အပြေးအလွှား ဆင်ရုပ်နားသို့ သွားလိုက်စဉ်တွင် ဆင်ရုပ်ကြီး၏ ဝမ်းဗိုက်ပြိသွားပြီး အတွင်းမှ ကြည်မြင့်တစ်ယောက် ချောင်းတဟွတ်ဟွတ် ဆိုးရင်း ခုန်ထွက်လာသည်။

'အောင်မလေး လေး၊ ကံကောင်းလို့ အသက်ရှူကျပ်ပြီး သေတော့မလို့။ ဆရာတွေ ဆင်ရုပ်ကြီးကို အလုံပိတ်လုပ်ပြီး ထွန်စက်ပေါ်အုပ်ပြီး တင်ထားတော့ ကျွန်တော်လည်း စက်ကိုနှိုးလိုက်ရော မီးခိုးခေါင်းတိုင်က ထွက်လာတဲ့ မီးခိုးတွေက ထွက်ပေါက်မရှိဘဲ ဆင်ရုပ်ကြီးထဲမှာ တန်းပြည့်သွားလို့ ကျွန်တော့်မှာ မနည်းအသက်ရှူရတယ်။

'ထွက်ပေါက်ကိုလည်း မမြင်ရတော့ဘဲ မျက်စိလည်း စပ်ပြီး မျက်ရည်တွေ

ထွက်လာလို့ ဆင်ရုပ်ဗိုက်ကို ဖြတွက်လာရတာပါ ဆရာရယ် အဟွတ် အဟွတ်
ထင်ကျော်ဦးက ဗိုက်ပြဲနေသော ဆင်ရုပ်ကြီးအား ကြည့်ပြီး-
'မင်းကလည်းကွာ၊ စက်ရုပ်လိုက်ရင်ပြီးရောပေါ့ကွာ၊ အခုတော့ ဆင်ဗိုက်ပြဲကြီးကို ပြန်လုပ်ရဦးမယ်'
'ဆရာက ပြောတော့ လွယ်လိုက်တာ။ ထွန်စက်က စက်နှိုးနှိုးချင်း ထွက်လာတဲ့မီးခိုးတွေက မီးပုံးပျံသာဆို ဟိုးတိမ်တိုက်အထိ ရောက်အောင် တက်သွားနိုင်တယ်။ ပြီးတော့ ဆင်ရုပ်ကြီးကို အလုံပိတ်ထားတော့ ဘယ်အပေါက်ကနေ ကြည့်ပြီး ကျွန်တော် မောင်းရမှာလဲ။ ရှေ့မှာ အပေါက်ဖောက်ပေးပါဦး'
ဟုတ်ပါသည်။ အတွေ့အကြုံ မရှိသောကြောင့် မီးခိုးထွက်ရန် အပေါက်နှင့် ရှေ့ကိုကြည့်ပြီး မောင်းနှင်ရန်အတွက် ချောင်းကြည့်ပေါက်များကို မဖောက်ဘဲ သည်အတိုင်း အလုံပိတ်ကြီးလုပ်ကာ ထွန်စက်ပေါ်တင်၍ စက်နှိုးခိုင်းလိုက်သည့်အတွက် မောင်ကြည်မြင့်တစ်ယောက် အလူးအလဲ ခံလိုက်ရသည်။
မျက်မြင်ကိုယ်တွေ့ မြင်တွေ့လိုက်ရမှ သမိုင်းသင်ခန်းစာထဲတွင် ပါသော 'နာဇီ'များက 'ဂျူး'များကို မော်တော်ကား 'အိပ်ဇော'ပိုက်မှ အငွေ့များဖြင့် သတ်ဖြတ်စဉ်က 'ဂျူး'များ မည်ကဲ့သို့ ခံစားရမည်ဖြစ်ကြောင်းကို တွေးမိပြီး ကိုယ်ချင်းစာ လာမိလာသည်။
မီးခိုးကုန်မှ ကျွန်တော်နှင့် ထင်ကျော်ဦး ထွန်စက်ထဲ ဝင်ကြည့်သည်။ ထင်ကျော်ဦးက-
'ထွန်စက် မီးခိုးခေါင်းတိုင်ကို အဆစ်ဖောက်ထားတဲ့ ဝါးပိုးဝါး စွပ်မယ် ကွာ။ အဲဒီ ဝါးပိုးဝါးရဲ့ ထိပ်တည့်တည့်မှာ ဆင်ဦးကင်းရှိတော့ အဲဒီနေရာ အပေါက်ဖောက်လိုက်၊ ဝါးပိုးဝါးရဲ့ အစွန်းလက်လေးလုံးလောက်ကို ဆင်ဦးကင်း မှာရှိတဲ့ အပေါက်ပေါ်မှာ ထုတ်ထားလိုက်ရင် မီးခိုးကိစ္စက အိုကေသွားပြီ။ ဆင် ခေါင်းအောက် ရင်ဘတ်နေရာမှာ အပေါက်ဖောက်လိုက်ရင် ရှေ့ကို မြင်ရမှာ ဒါဆိုရင် ကြည့်စရာ အပေါက်လည်း ရသွားပြီကွ'
ပြောပြောဆိုဆို ထွန်စက်ထဲမှ ပြန်ထွက်လာပြီးနောက် ဝါးပိုးဝါးကို ခုတ် အဆစ်ထုတ်သူထုတ်၊ ချောင်းကြည့်ပေါက် ဖောက်သူက ဖောက်၊ ဆင်ဗိုက်ပြဲ အား ပြင်သူကပြင်ဖြင့် အလုပ်ရှုပ်သွားကြသည်။
ပြုပြင်ပြီးသော ဆင်ရုပ်ကြီးကို ကြည်မြင့်အား အစမ်းမောင်းနိုင်းကြည့် အဆင်ပြေသွားသည်။ အားလုံးပြီးဆုံးချိန်တွင် ညနေစောင်းသွားပြီဖြစ်သည်။
ထင်ကျော်ဦးက ဆင်လုပ်သားများ အားလုံးကို ခေါ်လိုက်ပြီး-
'ကဲ မင်းတို့မြင်ကြရတဲ့အတိုင်းပဲနော်။ ထွန်စက်နောက်တွဲကို ပန်းရထား

ရတာက ဘာမှမခက်ဘူး။ ပြုတ်မကျအောင် ချည်နှောင်လိုက်ရင်ပြီးရော။ ဒါပေမဲ့ ဟောဒီ ထွန်စက်ကြီးပေါ်ကို ဆင်ရုပ်ကြီး တင်ရတာက တကယ် လက်ဝင်တာ အခု အားလုံးပြီးသွားပြီ။

ဒီဆင်ကြီး တစ်ခုခုဖြစ်သွားရင် ပြန်ပြင်ဖို့ လုံးဝ အချိန်မရှိတော့ဘူး။ ဒီတော့ ကွကြီးနဲ့ ကြည်မြင့် မင်းတို့နှစ်ယောက် ဒီဆင်ကြီးကို အသက်နဲ့လဲပြီး ကာကွယ်ပါ။

ကျန်တဲ့သူတွေနဲ့ ငါတို့ ဆရာနှစ်ယောက် ရွာကိုပြန်မယ်။ ထွန်စက်သော့ ကိုလည်း ငါယူသွားမယ်။ မနက်အစောကြီးကျမှ သော့ကို ပို့ခိုင်းလိုက်မယ်။ မနက် မင်းတို့လာလို့ရှိရင် လမ်းဘေးက သစ်ကိုင်း သစ်ခက်တွေနဲ့ ဆင်ရုပ်ကြီး မပျက်စီး ရအောင်လို့ အခု ငါတို့ ရွာကိုပြန်ရင်း လမ်းမှာ ခုတ်စရာရှိတာ ရှင်းစရာရှိတာတွေ ခုတ်ထွင်းရှင်းလင်းပြီးသွားမယ်၊ ကြားလား'

အားလုံးက တစ်ပြိုင်တည်း 'ဟုတ်ကဲ့'ဟု ဖြေလိုက်ကြသည်။ ထင်ကျော် ဦးက ကွကြီးကို ကြည့်ရင်း-

'ဟော့ကောင်၊ ဟိုတောင်ပေါ်ရွာက ခေါင်ရည်အိုး လာပို့မယ်ဆိုတာ မလာ သေးပါလားကွ'

'အခုညနေ လို့တော့ မှာထားတာပဲ။ ဘာဖြစ်လို့ မလာသေးတာလဲ မတိ ဘူး'

'အဲဒီတောင်ပေါ်သားတွေက စကားကို တစ်ခွန်းတည်း ပြောတဲ့သူတွေ။ သူတို့တွေက လာပို့မယ်ဆိုရင် လာကိုပို့မှာ။ လမ်းမှာ ကျားတွေ၊ ဆင်တွေ ရှိနေရင် တောင် အဲဒီကျားနဲ့ဆင်ကို သတ်ပြီး မရောက်ရောက်အောင် ပို့မယ့်လူတွေကွ။ မင်း ရက်ချိန်းမှားသလား'

'မမှားပါဘူး ဆရာလေးရဲ့'

'ဒါဆိုရင်လည်း နောက်ကျနေပြီကွ၊ လာပို့ရင် အဲဒီခေါင်ရည်အိုးကို သိမ်း ထားလိုက်၊ မနက်ဖြန်ညရောက်မှ တို့တွေ ပျော်ပွဲစားကြတာပေါ့။ ကဲ ငါတို့သွား မယ်ဟေ့'

မှောင်ရီပျိုးချိန်တွင်တော့ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးလည်း ဘိုးလေး ဖိုးသစ်အိမ်ရှေ့ရှိ အလှူမဏ္ဍပ်သို့ သွားကာ ကူညီလုပ်ဆောင်ပေးနေရသည်။

ဘုရားပွဲ၊ တရားပွဲ၊ သံဃာပွဲများတွင် သုံးမည့်၊ လှူမည့် ပိုက်ဆံများကို ပုံစံအမျိုးမျိုးချိုး၍ လုပ်ကိုင်ရင်း ကျွန်တော် လက်မအားနိုင်အောင် အလုပ်ရှုပ်နေချိန် တွင် ဆရာလေး ထင်ကျော်ဦးကလည်း အမျိုးသမီးဝိုင်းထဲမှ မလဲ့ထံသို့ သွားကာ သူ၏ မေတ္တာပန်းကို ကမ်းလင့်နေသည်။

ဘိုးလေးဖိုးသစ်ကတော့ ညနေ သုံးနာရီလောက်ကတည်းက ရွာပြန်ရောက်ပြီဖြစ်၍ အာပေါင်အာရင်းသန်သန်ဖြင့် ခင်မောင်ထွန်း၏ ကိစ္စမှာ အဆင်ပြေသွားကြောင်း၊ ထို့အပြင် မြို့ပေါ်သို့ ရောက်ရှိလာသော သစ်ကုန်သည်ကြီးများနှင့် တွေ့ဆုံသွားသည့်အတွက် သစ်ရောင်းဝယ်ရေးကိစ္စဖြင့် မြို့တွင် အလုပ်ရှုပ်နေသောကြောင့် ယခု အလှူပွဲကို မလာရောက်နိုင်တော့သဖြင့် အားနာပါသည်ဟု ပြောကြောင်း။

သစ်တောရုံးတွင်လည်း ဆင်ကြီးအကြောင်းကို ပြောဆိုထားသဖြင့် သစ်တောဌာနမှ လူများကလည်း ဆင်ဖြူတော်ကြီးကို အလွန်ကြည့်ချင်နေကြကြောင်း၊ ထို့ကြောင့် ယခုအလှူသို့ ဖိတ်မန္တက ပြုထားပါကြောင်း။

တစ်မြို့လုံးရှိ လူအပေါင်းကို ဖိတ်ထားသဖြင့် တရားနာအောင်ဖြစ်စေ၊ အလှူတွင် အသုံးပြုမည့် ပန်းရထားနှင့် ဆင်ဖြူတော်ကြီးကို ကြည့်ရှုရန်အတွက်ဖြစ်စေ ကြိတ်ကြိတ်တိုးမျှ လာကြလိမ့်မည်ဖြစ်ကြောင်း။

လာသမျှကိုလည်း ဧည့်ဝတ်ကျေပွန်စွာ ကျွေးမွေးနိုင်ရေးအတွက် အားလုံးစီစဉ်ထားပြီးဖြစ်ကြောင်းများကို မဏ္ဍပ်သို့ လာရောက်ကြကုန်သော ပရိသတ် လူအပေါင်းအား တစ်ယောက်ချင်းကိုလိုက်ပြီး ပြောပြနေသည်မှာ ပါးစပ်မှ အမြှုပ်ထွက်မတတ်ပင် ဖြစ်နေပါသည်။

အလှူကို တရားနာလာကြလေသလား၊ ဆင်နှင့် ပန်းရထားကိုပဲ ကြည့်အောင် လာကြလေသလားမသိ မှောင်ရီပျိုးချိန်အထိ လှည်းတပ်ကြီးများဖွဲ့၍ ရွာတွင်းသို့ အလျှိုအလျှို ဝင်လာကြသည်မှာ ရွာတွင်းပင် မဆံ့တော့သဖြင့် ရွာပြင်တွင် လှည်းဝိုင်းကြီးများ ပြုလုပ်၍ နေရာချထားရသည်။

ရွာလယ်ရှိ ဗီဒီယိုပြသနေသော နေရာတွင်လည်း ကြိတ်ကြိတ်တိုး စည်ကားနေသကဲ့သို့ မဏ္ဍပ်ရှိ ဧည့်ခံဆိုင်းနေရာတွင်လည်း ကြက်ပျံမကျ စည်ကားနေရသည့်အထဲ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးထံသို့လည်း ဆဒ္ဒန်ဆင်မင်းအကြောင်း အင်တာဗျူးနေသူ အပေါင်းမှာလည်း ခြေချစရာမရှိအောင် များပြားနေပါသဖြင့် ဆဒ္ဒန်ဆင်မင်းနှင့် ပန်းရထားမှာ ပြီးစီးသွားပြီဖြစ်ကြောင်း၊ မနက်ဖြန် မနက် ခြောက်နာရီခွဲအချိန်တွင် အရှင်လတ်လတ်ကြီး ရောက်ရှိလာမည်ဖြစ်၍ ထိုအခါမှပင် ကြည့်ရှုကြစေလိုကြောင်း။

အကျယ်တဝင့် သိရှိလိုပါက ဘိုးလေးဖိုးသစ်ကို မေးမြန်းကြစေလိုကြောင်းဖြင့် ဖြေဆိုလိုက်ရာ ဘိုးလေးဖိုးသစ်ကလည်း ပြောချင်ဇောကြီးလွန်းသဖြင့် ကွမ်းသွေးကိုပင် ထွေးမထုတ်ဘဲ မျိုမျိုချရင်း ထိုဆင်ကြီးသည် လူအယောက်တစ်ရာအားရှိကြောင်း၊ ဆင်၏ ခြေထောက်မှာ မည်ကဲ့သို့၊ ဆင်နှာမောင်းမှာဘယ်ပုံ၊ အစွယ်မှာ ဘယ်လိုရှိကြောင်း၊ အရောင်မှာ အဖြူရောင်ရှိ၍ အမျိုးအမည်မှာ ဆဒ္ဒန်ဆင်

မင်းမျိုးဖြစ်ကြောင်းကို ကျမ်းဂန်အကိုးအကားဖြင့် ခိုင်ခိုင်မာမာ ပြောဆိုရုံမျှမကသေးဘဲ ဆင်၏ ကျောတွင် လွှမ်းထားသော ကော်ဇောနှစ်ချပ်မှာလည်း တစ်ခုလျှင် တစ်ထောင့်ငါးရာကျပ်တိတိ တန်ဖိုးရှိကြောင်းနှင့် ပန်းရထားမှာလည်း ဒဿဂီရိက မယ်သီတာကို ခိုးသော ပန်းရထားပုံစံဖြစ်ကြောင်း၊ ခြူးပန်းခြူးနွယ်များမှာလည်း ဆရာတော်အား နတ်သိကြားများက အိပ်မက်ပေး၍ ရရှိသော ပုံစံအတိုင်း တည်ဆောက်ထားသဖြင့် အလွန်တရာ ဆန်းကြယ်ကြောင်းများကို ဆင်ရုပ်နှင့် ပန်းရထားကို လုံး၀ မမြင်ဖူးဘဲနှင့် အရမ်းအရမ်းကို ကြွား၀ါနေပါသည်။

ကျွန်တော့်မှာတော့ ဤမဏ္ဍပ်သို့ ကူညီအောင်မလာဘဲ ဆင်ရုပ်ကြီးသာ စောင့်၍ အိပ်ရမည်ဆိုလျှင် ကြည်မြင့်၊ ကွကြီးတို့နှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ နားချမ်းသာ၊ ပါးစပ်ချမ်းသာစွာဖြင့် အေးအေးဆေးဆေး နေရမည့်အကြောင်းကို တွေးရင်း နားထဲတွင်လည်း ထွန်စက်သံကို ကြားလိုက်မိသယောင်ယောင် ဖြစ်နေသည်။

□□□

# အခန်း - ၁၀

ကျွန်တော်တို့၏ ဆင်ရုပ်ကြီး တည်ရှိသော နေရာတွင်တော့ ကြည်မြင့်နှင့် ကွကြီးတို့ ရေချိန်လွန်နေကြသည်။ သူတို့၏ ခွဲတမ်းအရက်ကို သောက်၍ ကုန်ရုံမျှမက သေး မှောင်စပျိုးမှ လာ၍ပို့သွားသော ခေါင်ရည်အိုးကို ဆရာစားမချန်ဘဲ တွယ်၍နေကြပေပြီ။ အရက်တန်ခိုး၊ ခေါင်ရည်တစ်အိုးဖြင့် မူးချင်တိုင်းမူးကာ စကားတွေဖောင်နေ ကြသည်။

'မင်းပဲ စဉ်းစားကြည့်ပါဦး ကြည်မြင့်ရာ။ မနက်ဖြန် ငါတို့အလှူက ဝါဆိုလပြည့်နေ့ဆိုတော့ နောက်တစ်ရက်ဆိုရင် ဝါဝင်တွားပြီ။ ငါတို့ မြန်မာတွေ ထုံးစံအရ ဝါတွင်းတုံးလပတ်လုံး မင်္ဂလာဆောင်လို့ မရဘူးကွ။ နောက်ပြီး ဒီနှစ်က လည်း ဝါထပ်တယ်ကွာ၊ ဒီတော့ ငါ့မှာ တော်တော်နဲ့ မိန်းမရဖို့ မလွယ်တော့ဘူးကွ'

'မင်းပြောလို့ ပြောရဦးမယ် ကွကြီးရဲ့။ တို့မြန်မာလူမျိုးတွေကလည်း ကိုယ်နဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် မိန်းမခိုးသွားမယ်ဆိုရင် အရမ်းကူညီချင်တဲ့ဝါသနာ အလွန်ပါကြတာ။ မင်းသာ မိန်းမခိုးမယ်ဆိုရင် ငါ့ကိုလက်တို့ဖို့ မမေ့နဲ့နော် အေ့'

'မင်း တကယ်ပြောတာလား'

'နှစ်ကယ်၊ နှစ်ကယ် ပြောတာ။ တတ်နိုင်ရင် ဟောဒီ ထွန်စက်ကြီးနဲ့ကို

နိုးပေးမယ်။ ဟဲ ဟဲ ဟဲ'

ကွကြီးမှာ တွေဝေသွားပြီး ဆင်ရုပ်ကြီးကို ငေးကြည့်နေပြီးမှ…

'ကြည်မြင့်၊ မင်းတို့မြို့မှာ မိန်းမခိုးရင် ဘာနဲ့ခိုးကြလဲ'

'ကြုံရာနဲ့ပေါ့ကွ၊ ကားနဲ့ခိုးတာတော့ များတယ်ကွ။ အောင်မယ် ကားနဲ့ခိုးလို့ကတော့ ဘာနာမည်ကြီးသလဲ မပြောနဲ့မောင်။ မိန်းကလေးတွေ ကိုယ်တိုင်က ဒီကိစ္စကို ပြောလို့ကို မဆုံးတော့ဘူးဗျာ။ ဟား ဟား ဟား'

'တကယ်လို့ ဆင်နဲ့ ခိုးရင်ကောကွာ'

'ဟ ကားနဲ့ခိုးတာတောင်မှ ဂုဏ်ရှိရင် ထူးထူးခြားခြား ဆင်နဲ့ခိုးလို့ကတော့ကွာ ပိုပြီးတော့ ဂုဏ်ရှိမှာပေါ့ကွ အေ့'

ကွကြီးက ဆုံးဖြတ်ချက်တစ်ခုကို သေသေချာချာ ချလိုက်ပြီး-

'ကဲ ကြည်မြင့်၊ မင်းကျေးဇူးကို ငါတစ်သက်လုံး ဘယ်တော့မှ မမေ့ပါဘူးကွာ၊ ငါ ငါ မိန်းမခိုးချင်တယ်။

'ဟောဒီနယ်တစ်လွှားမှာ ဦးဖိုးတစ်ရဲ့တားဟာ မိန်းမခိုးတာတောင်မှ ဆဒ္ဒန်ဆင်ဖြူတော်ကြီးနဲ့မှ ခိုးတာဟေ့ဆိုပြီး ပြောမဆုံးပေါင် တောတုံးထောင်နဲ့ ဟိုးဟိုးကျော်ကျော်တွားအောင် ဒီဆင်ကြီးနဲ့ ခိုးမယ်၊ မင်း ကူညီကွာ'

'အေး ကောင်းပြီ။ ငါ လုံးဝ ကူညီမယ်။ မနက်ဖြန် အလှူပြီးပြီးချင်း မင်းနဲ့ငါ သွားခိုးကြတာပေါ့'

'ဟ မနက်ဖြန်က ဝါဝင်ပြီကွ မဖြစ်ဘူး၊ မဖြစ်ဘူး။ အခုည ခိုးမှ ဖြစ်မယ်။ မင်းကူညီပါကွာ၊ ဒီနေရာကနေ ငါ့ကောင်မလေးရွာကိုတွားရင် အတွားအပြန် မိုင်လေးဆယ်ပဲရှိတော့ အခုအချိန်တွားရင် မနက် မိုးမလင်းခင် အစောကြီး ပြန်ရောက်မှာကွ။ အလှူမလှည့်ခင် ပြန်ရောက်နေမှာပဲ၊ အချိန်မီပါတယ်ကွ လုပ်ပါကွာ'

ပြောပြောဆိုဆို ကွကြီးက အရိုးထွင်ပြီးသား ကြက်သားတစ်တုံးကို ကြည်မြင့်ထံ ပေးရင်း ပြောလိုက်ရာ-

'ဆရာတွေ သိသွားရင် မလွယ်ဘူး၊ မဖြစ်ပါဘူးကွာ။ မနက်ဖြန် ညကျမှ နိုးပါ'

ကွကြီးက ကြက်သားတစ်တုံးကို ကြည်မြင့် ပါးစပ်ထဲ ခွံ့လိုက်ရင်း-

'ငါ့ ဆရာတွေကို ငါပိုင်ပါတယ်ကွ။ မင်းဆရာ ကိုခင်မောင်ထွန်းလည်း ဒီမှာမှမရှိဘဲ၊ ဘယ်တူမှ မတိပါဘူးကွာ။ အခု မင်းနဲ့ငါ ဒီဆင်ကြီးနဲ့ တွားခိုးမယ်ကွာ။ မနက်မိုးမလင်းခင် ပြန်ရောက်တော့ တန်းပြီး အလှူလှည့်အောင် တွားရုံပဲ၊ ဘယ်တူမှ မတိပါဘူး'

ကွကြီး၏ အစီအစဉ်မှာ အကွက်စေ့လှသဖြင့် ကြည်မြင့် တွေဝေသွားသည်။

ထို့ကြောင့် ကြက်သားတုံးကို ဝါးမနေဘဲ မျိုချလိုက်ရင်း-

'မင်းကောင်မလေးကရော တန်းလိုက်ပါ့မလား'

'အောင်မလေးလေး၊ မင်းမို့လို့ မေးရက်တယ်။ ငါ့ကောင်မလေးက ငါ့ကို တိတ်ချစ်တာကွ။ အခုအချိန်လောက်ဆို ဟိုမိုးပေါ်က စန္ဒေလမင်းကြီးကြည့်ပြီး ဖိုးရွှေလမင်းကြီးရယ် ကိုကိုကွကို တွေ့ရင် ပြောလိုက်စမ်းပါ။ ဒီမှာဖြင့် အရမ်းအရမ်းကို ခံစားနေရပြီ။ စားရင်လည်း ကိုကိုကွမျက်နှာ၊ ထိုင်ရင်လည်း ကိုကိုကွမျက်နှာပဲ၊ အိမ်သာတက်ရင်တောင်မှ ကိုကိုကွမျက်နှာ၊ နေရာတိုင်းမှာ ကိုကိုကွမျက်နှာပဲ စိုးမိုးနေတယ်ကွယ်။ ချစ်စိတ်၊ လွမ်းစိတ်၊ တမ်းတစိတ်တွေနဲ့ အိပ်မရ၊ စားမရ ဒုက္ခပါပဲ။ ဒီဒုက္ခကို ကယ်တင်နိုင်တဲ့သူက ကိုကိုကွမှတစ်ပါး အခြားဘယ်တူမှမရှိပါဘူး။

'နေ့နေ့ညည မေ့မရလို့ ကိုကိုကွရေ အမြန်လာခဲ့ပါနော်လို့ ပြောလိုက်စမ်းပါ ဖိုးရွှေလမင်းကြီးရယ်၊ ဘာညာဘာညာဆိုပြီး ဗီလင်တက်နေမှာကို မြင်ယောင်မိပါတေးတယ်ကွာ'

စကားအများကြီး ပြောလိုက်ရသဖြင့် အာခြောက်သွားသည်ထင်သည်။ ကွကြီးတစ်ယောက် ခေါက်ရည်တပြွတ်ပြွတ်စုပ်လိုက်ရာ အဝင်လွဲ၍ သီးသွားပြီး ချောင်းတဟွတ်ဟွတ်ဆိုးကာ မျက်ရည်များပင် ထွက်သွားသည်။

ကြည်မြင့်က ကျောကုန်းကို ထုပေးရင်း-

'သတိထားသောက်မှာပေါ့ ကွကြီးရယ်၊ ဒါမျိုးက အဝင်လွဲရင် သေတတ်တယ်'

ကြည်မြင့်၏ အားနာတတ်သော၊ သနားတတ်သော စိတ်ကို သိထားသော ကွကြီး၏ မျက်လုံးများ အရောင်လက်သွားသည်။ ထို့နောက်-

'တေတေကွာ၊ ချစ်တဲ့တူနဲ့ ရှင်ကွဲကွဲနေရတဲ့ဘဝ ကိုယ့်ချစ်တူ ကောင်းစားရေးအတွက် ဘာတစ်ခုမှ စွမ်းဆောင်မပေးနိုင်တဲ့ဘဝ၊ ငါလိုလူမျိုး တေတာကောင်းပါတယ် ကြည်မြင့်ရဲ့။ ရွှတ် ရွှတ် အီး'

ကွကြီးကတော့ အရက်မူး၊ ခေါင်မူး၊ အချစ်မူး ဟူသော မူးခြင်းပေါင်းစုံဖြင့် မူး၍ ကြည်မြင့်ကိုဖက်ကာ သည်းထန်စွာ ငိုကြွေးလေတော့သည်။

'အီး အီး ကြည်မြင့်ရဲ့၊ တစ်လောကလုံးအတာထား ဟောဒီ တောထဲမှာ ငါ့ရဲ့အခင်ဆုံးဟာ မင်းပါ ကြည်မြင့်ရယ်။ နောက်ပြီး မင်းဟာ ငါ့ရဲ့ ကိုးကွယ်ရာဆိုရင်လည်း မမှားပါဘူး။ အီး အီး။ ဒါပေမဲ့ ကြည်မြင့်၊ မင်းရဲ့ နှလုံးတားဟာ တံတွက်နဲ့ လုပ်များထားလေတာလားကွာ။ ရွှတ် ရွှတ်။ မင်းမှာ ကိုယ်ချင်းစာနာစိတ်ဆိုတာကလေးရော ရှိမှ ရှိတေးရဲ့လား ကြည်မြင့်ရဲ့။ ကိုယ့်တူငယ်ချင်းတစ်ယောက် မင်းရဲ့ခြေရင်းမှာ ဝပ်စင်းပြီး ယောကျ်ားကြီးတန်မဲ့ ရှိုက်ကြီးတငင် ငိုကျွေးနေတာ

ကို မင်း ဒီအတိုင်းကြည့်နေရက်တယ်နော်။ အီး အီး'

သူ့ကို ဖက်၍ သည်းထန်စွာ ငိုကြွေးနေသော ကွကြီးကို ကြည့်ကာ ကြည်မြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ ထို့ကြောင့်-

'ဒီအတိုင်း ကြည့်မနေရက်ပါဘူးကွာ၊ မင်းမျက်ရည်သုတ်ဖို့ မျက်နှာသုတ်ပဝါလေး ယူပေးမယ်နော်။ တိတ် တိတ် မငိုပါနဲ့ကွာ'

ကြည်မြင့် ချော့မှ ကွကြီးမှာ ပို၍ ကျယ်လောင်စွာငိုရင်း-

'အီး ငါ့ရဲ့ ပါးပြင်ပေါ်စီးကျနေတဲ့ မျက်ရည်မြစ်ကိုသာ မင်းရဲ့ မျက်နှာသုတ် ပဝါနဲ့ တုတ်လို့ရရင်ရမယ်၊ ငါ့ရင်ထဲက နူးညံ့တဲ့ ငါ့နှလုံးတားလေး ငိုကြွေးနေတာကိုရော မင်း ဘာနဲ့တုတ်ပေးမှာလဲ။ ငါ့နှလုံးတား အငိုတိတ်အောင် မင်းဘာနဲ့ စွမ်းဆောင်မှာလဲ ကြည်မြင့်ရဲ့။ အီး အီး'

ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုကြွေးနေသော ကွကြီးကို ကြည့်၍ ကြည်မြင့်ပင် မျက်ရည်များ စို့လာသည်။ ထို့ကြောင့် ကွကြီး စိတ်ပြောင်းစေရန် လေပြေကလေးဖြင့်-

'ငါ့မှာလည်း နူးညံ့ပြီး ခံစားလွယ်တဲ့ နှလုံးသား ရှိပါတယ် ကွကြီးရယ်။ အခုဟာက ထွန်စက်သော့ကို ဆရာတွေယူသွားတယ်လေကွာ။ ဘယ်လိုလုပ်ပြီး မောင်းလို့ရမလဲ'

'တူတို့လည်း မိန်းမမရ၊ တူများ မိန်းမရမှာကိုလည်း မလိုလား၊ လူပျိုဆိုတဲ့ ဂုဏ်သိက္ခာကြီးကို တေတဲ့အထိ ဖက်တွယ်ထားမယ့် ဆရာတွေအကြောင်း ငါ မကြားချင်ဘူး ကြည်မြင့်။ မင်းဆရာတွေအကြောင်းကို လုံးဝ မပြောနဲ့။ အီး အီး'

ကြည်မြင့်က ခေါင်းယမ်းရင်း-

'မင်းအကြောင်းကိုလည်း သိသလို ငါ့ကိုလည်း စိတ်မချလို့ ထွန်စက်သော့ကို ဆရာတွေ ယူသွားတာပဲကွာ၊ ဘယ့်နှယ်လုပ်ကြမလဲ'

'မင်း ဒီတောထဲကို ရောက်စကပြောတဲ့ စကား မှတ်မိတေးရဲ့လား။ ဒီ ထွန်စက်ကိုမပြောနဲ့ ကူဘိုတာ ရေစုပ်စက်နဲ့ လုပ်ထားတဲ့ လက်တွန်း လယ်ထွန်စက်တောင်မှ 'တော့'မပါဘဲနဲ့ မင်း နှိုးတတ်တယ်ဆိုကွ'

'ဒါ ဒါကတော့ ကူဘိုတာ လက်တွန်းထွန်စက်က သော့မှမပါတာ၊ ဂေါက်နဲ့ လှည့်နှိုးရတဲ့ အမျိုးအစားပဲကွ'

'ဘာမဟုတ်တဲ့ ဘီးနှစ်ဘီးပဲ ရှိတဲ့ လက်တွန်းထွန်စက်တောင် 'တော့'မပါဘဲ 'ဂေါက်'နဲ့ နှိုးလို့ရရင် ဟောဒီမှာ ဘီးလေးဘီးပါတဲ့ ထွန်စက်ကြီးကိုလည်း 'တော့' မတုံးဘဲ 'ဂေါက်'နဲ့ နှိုးလို့ရရမှာပေါ့ကွ။

'အခုတော့ မင်း ငါ့ကို မကူညီချင်လို့ လျှောက်ပြောနေတာ မဟုတ်လား

ကြည်မြင့်ရဲ့။ အီး အီး၊ အမေရေ အမေတားမှာ တကယ် အရေးကျတော့ ကူမယ့်တူ၊ အားကိုးရမယ့်တူ မရှိပါဘူး အမေရဲ့။ အီး အီး'

ကြည်မြင့်တစ်ယောက် ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း အကြံထုတ်နေသည်။ ထို့နောက် ဒီကောင့်ကို မဖြစ်နိုင်တာခိုင်းပြီး စိတ်ပြောင်းအောင်လုပ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး-

'ကဲ ကဲ မငိုပါနဲ့တော့ကွာ၊ သော့မရှိပေမဲ့ နှိုးလို့ရတဲ့နည်း ရှိပါသေးတယ်ကွ။ ဒါပေမဲ့ ငါလိုချင်တဲ့ ပစ္စည်းတစ်ခုကိုတော့ မင်း ရအောင်ရှာပေးရမယ်နော်'

ကွကြီးက ငိုကြွေးခြင်းကို ဘရိတ်အုပ်၍ စူးရှသော မျက်ဝန်းအစုံဖြင့် မျက်တောင်မခတ်ဘဲ ကြည်မြင့်ကို ကြည့်ရင်း-

'ဘာပစ္စည်းလိုတာလဲ ပြောစမ်းပါ။ ရာမနဲ့ လက္ခဏာ လိုချင်တဲ့ ဆေးမြစ်အတွက် ဟန်နုမာန်မျောက်ကတောင် ဟိမဝန္တာတောင်ကြီး ဖွဲ့ယူလာပေးတေးတာပဲ။ မင်းအတွက်ဆိုတော့ ဟောဒီ ရိုးမတောကြီးကို ပြောင်းပြန်လှန်ပေးရမလားပြော၊ ငါ အခုချက်ချင်း လုပ်ပေးမယ်'

'ဟင့်အင်း၊ ရိုးမတောကြီးကို ပြောင်းပြန်လှန်ပေးစရာ မလိုပါဘူး။ ငါလိုချင်တာက ဆယ်ပြားစေ့တစ်စေ့တည်းရယ်'

ကြည်မြင့် စကားအဆုံး ကွကြီးက ဝါးခနဲ အော်ငိုလိုက်ရင်း-

'အီး အီး ဝါး။ ကြည်မြင့် မင်းရက်စက်ပါပေ့ကွာ။ ကြည့်ပါဦး အမေရဲ့ ဟောဒီမှာ တားရဲ့ အခင်ဆုံး၊ အချစ်ဆုံး တူငယ်ချင်းကြီးက တားတေရင် လူတကာလို ကူးတို့ခ တစ်မတ်ထည့်မပေးချင်လို့ ဆယ်ပြားစေ့တစ်စေ့ တောင်းနေပြီ အမေရဲ့ ဝါး…ဝါး…။

'လူတကာက တားကို ကျပ်မပြည့်ဘူး၊ ကျပ်မပြည့်ဘူးလို့ ပြောကြတာကို အမေ့တားခံနိုင်ပေမဲ့ ဟောဒီ တူငယ်ချင်းအရင်းခေါက်ခေါက်ကြီးက မတ်မပြည့်အောင်လုပ်တာကိုတော့ တား မခံနိုင်ဘူး အမေရဲ့ အီး ဝါး ဝါး'

'ဟဲ့ကောင် ဟဲ့ကောင်၊ မင်း အသံပြဲကြီးနဲ့ အော်ငိုမနေနဲ့။ ငါလိုချင်တဲ့ ဆယ်ပြားစေ့က ကူးတို့ခထည့်ဖို့ မဟုတ်ဘူး၊ ထွန်စက်သော့ပေါက်ဝမှာ ထည့်ပြီး လှည့်နှိုးရင် ထွန်စက်နှိုးတယ်ကွ'

ကွကြီး အငိုတိတ်သွားပြီး-

'တကယ် တကယ်လားဟင်။ ဆယ်ပြားစေ့နဲ့ လှည့်နှိုးရင် ထွန်စက်ကြီးက စက်နိုးတယ် ဟုတ်လား'

ကြည်မြင့် ရင်ကော့ရင်း-

'ဟုတ်တယ်၊ ဆယ်ပြားစေ့ထောင့်ကလေးနဲ့ လှည့်နှိုးရင် ရတယ်။ အဲ

ဒါပေမဲ့ ငါလိုချင်တဲ့ ဆယ်ပြားစေ့က ခြင်္သေ့ပုံပါတဲ့ 'အလေးစေ့' မဟုတ်ဘူးနော်။ ဗိုလ်ချုပ်ပုံပါတဲ့ ဒန်နဲ့လုပ်ထားတဲ့ 'အပေါ့စေ့'နဲ့မှ ရမှာ။ မင်း အဲဒါကို အချိန်မီရှာ လာခဲ့ပါ။ ဒါပဲ'

တွေဝေနေသော ကွကြီးကိုကြည့်ရင်း ကြည်မြင့်တစ်ယောက် ပြုံးရွှင်စွာဖြင့် ခေါင်ရည်အိုးကို တပြွတ်ပြွတ်စုပ်လိုက်သည်။

ကောက်ရိုးပုံထဲက အပ်ရှာရတာကမှ သံလိုက်တုံးနှင့်ရှာလျှင် အလွယ်တကူ ရချင်ရမည်။ အနီကဲ့သို့သော ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ဆယ်ပြားအပေါ့ စေ့ကိုတော့ ရွာကို ဇကာ(ဆန်ခါ)ဖြင့် တိုက်ပြီး ရှာလျှင်တောင်မှ ရကောင်းမှ ရပေမည်။ ဘာဖြစ်ဖြစ် အချိန်အခါမဟုတ် ကွကြီးတစ်ယောက် ရွာထဲသို့ ပြန်ရောက် လာတာကို ဆရာတွေ တွေ့သွားလျှင် တန်းပြီး သဘောပေါက်ပေလိမ့်မည်။ ကြည်မြင့် ကြည်မြင့် မင်းအကြံပိုင်သကွာဟု ကိုယ့်ကိုယ်ကို ဂုဏ်ပြုရင်း ခေါင်ရည်ကို တပြွတ် ပြွတ်စုပ်လိုက်စဉ်-

'အဲ အဲဒီ ဆယ်ပြားစေ့ရဲ့ အလယ်ကောင်မှာ အပေါက်ရှိနေရင်ကော ရမလား ကြည်မြင့်'

ခေါက်ရည်သီးမတတ် ဖြစ်သွားသော ကြည်မြင့်က ကွကြီးကို ကြည့်လိုက် ရင်း-

'အေး အဲ ရတယ်၊ ရတယ်။ အလယ်က အပေါက်က ပြဿနာမရှိဘူး။ ဒါပေမဲ့ ဆယ်ပြားစေ့ရဲ့ထောင့်ကိုတော့ မထိခိုက်စေနဲ့နော်'

ကြည်မြင့် စကားအဆုံး တဖြည်းဖြည်း ဝင်းပလာသော ကွကြီးမျက်နှာကို ကြည့်၍ ကြည်မြင့် ကတုန်ကယင်ဖြစ်လာသည်။

ဒီ ဒီကောင်ရွာထဲက ကလေးတစ်ယောက်ယောက် လည်ပင်းမှာ အပေါက် ဖောက်ပြီး ဆွဲထားတဲ့ 'ခမဲ'ပေးတဲ့ ဆယ်ပြားစေ့ကို သတိရသွားတာဖြစ်မယ်။ အချိန်မီ စည်းကမ်းချက် အသစ်ထုတ်ပြီး တားဦးမှပဲဟု တွေးနေစဉ်-

'လာ'

ဟူသော စကားတစ်ခွန်းကိုသာ ပြော၍ ကွကြီးက ကြည်မြင့် လက်ကို ဆွဲခေါ်လိုက်သည်။

ကြည်မြင့်က ခေါင်းခါရင်း-

'ဒီမယ်ကွကြီး၊ မင်းစဉ်းစားဦးနော်။ အခုအချိန်ရောက်မှ မင်းနဲ့ငါက ရွာထဲကို သွားပြီး ဆယ်ပြားစေ့ ရှာယူနေရင် အသွားအပြန် နှစ်နာရီခွဲလောက် ကြာမှာနော်။ အဲဒါဆိုရင် ငါတို့တွေ မိန်းမသွားခိုးဖို့ အချိန်မလုံလောက်တော့ဘူး။ မနက်မိုးလင်းအမီ ပြန်ရောက်မှာ မဟုတ်ဘူးကွ'

ကွကြီးက စကားတစ်ခွန်းမျှ မပြောဘဲ ခင်မောင်ထွန်း အိပ်လေ့ရှိသော တဲဘေးရှိ ခုထောက် ထောက်ထားသော လှည်းကို သုံးတောင့်ထိုး ဓာတ်မီးဖြင့် ထိုးပြလိုက်သည်။

'လှည်းနဲ့ သွားမလို့လား၊ ပိုပြီး အချိန်ကြာမှာပေါ့'

ကွကြီး လှည်းနားကိုသွားပြီး လှည်းထမ်းပိုး(နွားနှစ်ကောင် ကပ်သော နေရာ)တစ်လျှောက်ကို တယုတယပွတ်သပ်ရင်း-

'ငါ့ရဲ့ လှည်းထမ်းပိုးတစ်လျှောက်မှာ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ တစ်မတ်စေ့၊ ငါးမူးစေ့တွေကို တံနဲ့ဖောက်ရိုက်ပြီး အလှဆင်ထားတာကွ ကြည်မြင့်ရ။ အားလုံး ဒန်နဲ့လုပ်ထားတဲ့ အပေါ့စေ့တွေကြီးပဲ။ ဟား ဟား ဟား။ ကြိုက်တဲ့ ဆယ်ပြားစေ့ကို ရွေး။ အဲဒီဆယ်ပြားစေ့ကို မထိခိုက်ရအောင် လှည်းထမ်းပိုးကြီးတစ်ခုလုံးကို နုပ်နုပ်စဉ်းပြီး ယူပေးမယ်'

လှည်းထမ်းပိုးတစ်လျှောက် သံနှင့်ရိုက်၍ အလှဆင်ထားသော အကြွေစေ့များကို ကြည့်ရင်း ကြည်မြင့်တစ်ယောက် ငုတ်တုတ်မေ့သွားသည်။

□□□

စာအုပ်များ ရေစို ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအတိုင်း
ပေးလျော်ရမည်။
ပညာတန်ဆောင်စာကြည့်တိုက်

# အခန်း - ၁၁

မတင်လှတို့ ရွာထိပ်မလှမ်းမကမ်း တောင်စောင်းပေါ်တွင် စက်သပ်၍ ရပ်ထားသော ဆဒ္ဒန်ဆင်မင်းကြီးကို သမင်လည်ပြန် တစ်ချက်လှည့်ကြည့်လိုက်ရင်း ကွကြီးတစ်ယောက် ကျိတ်ပြုံးလိုက်သည်။

နဖူးစာမှန်လို့ ကံက စီမံပေးနေပြီ မတင်လှရေ၊ အဆင်ပြေချက်ကတော့ ကမ်းကုန်နေပါရောလားကွာ။ မင်းတို့ရွာကလည်း ရွာကြီးဆိုတော့ ညအခါ ရွာတံခါး ပိတ်တဲ့ ဓလေ့ကလည်း မရှိတော့ မောင်ကြီးရဲ့ အဝင်လမ်းကလည်း ဖြောင့်တန်းလို့ပေါ့ ကွယ်။ တစ်ရွာလုံးလည်း ရွာလုံးကျွတ် ဗီဒီယိုရုံမှာ ရောက်နေကြပြီထင်ပါရဲ့။ လမ်းတစ်လျှောက် တိတ်ဆိတ်လို့ပေါ့၊ ဟော မောင်ကြီးရဲ့ အောင်သွယ်တော် အေးမိ ရဲ့ အိမ်မှာလည်း အေးမိတစ်ယောက်တည်း ဗိုင်းငင်လို့ပါလား၊ တစ်အိမ်လုံးလည်း တိတ်လို့။ အပိုင်ပဲပေါ့။

ကွကြီးက ဝင်တံခါးနားမှနေ၍ လှလုံးပြခေါ်လိုက်ရာ အေးမိတစ်ယောက် အပြေးဆင်းလာပြီး-

'အလို၊ ကိုကွကြီးပါလား။ ဘာလဲ ရှင်ရဲ့ ခန်းဝင်ပစ္စည်းတွေနဲ့ ခဲဖိုးငွေ လာတောင်းတာလား၊ ကျွန်မအိမ်မှာ အားလုံးရှိတယ်'

'အာ အေးမိနှယ်၊ အပေါ့ဟာ။ ကွကြီးတို့က ထွက်ပြီးတား ဆင်စွယ် ဝင်တယ်လို့မရှိဘူးဆိုတလို အခုလည်း ပေးပြီးတား ခဲကြေးနဲ့ ခန်းဝင်ပစ္စည်းကို ပြန်တောင်းရအောင် လာတာ မဟုတ်ဘူး။ လူကြီးစုံရာနဲ့ မိတားဖတားပီပီ လာတောင်း တာမရလို့ ခိုးယူရအောင် မိန်းမ လာခိုးတာ။ ကဲ ကဲ အေးမိရယ်၊ မတင်လှကို သွားပြောချေပါဟာ။ တူ့ကို ခိုးရအောင် ငါရောက်နေတယ်လို့။ နောက်ပြီး ဒီနယ်မှာ တတင်းကြီးတွားအောင် ဆင်ဖြူတော်ကြီးနဲ့ လာခိုးတာလို့ ပြောလိုက်ဟာ နော်၊ တွား တွား တွားပြောချေ'

အေးမိသည် ကြောင်တောင်တောင် ဖြစ်သွားပြီး-

'ဘာ၊ ဆင်ဖြူတော်ကြီး ဟုတ်လား'

'အေး၊ ဆင်ဖြူတော်ကြီး၊ ဆဒ္ဒန်ဆင်မင်းကြီးနဲ့ကို လာခိုးတာလို့လည်း ပြောခဲ့ပါဦး၊ အချိန်မရှိဘူး၊ မြန်မြန်တွားပါဟ'

'သွားမှာပေါ့တော်၊ သူလည်း အခုအချိန်ဆို ဗိုင်းငင်တုန်းရှိမှာပါ။ ဒါနဲ့ တော့် ဆင်ဖြူတော်ကြီး ကျုပ်ကြည့်ချင်လိုက်တာတော်၊ ဦးပုည ဇာတ်တော်ထဲက ဆဒ္ဒန်ဆင်မင်းကြီးလိုလား'

'အောင်မလေး ဟုတ်တယ်၊ ဟုတ်တယ် တွားတော့'

အေးမိလည်း ဇဝေဇဝါဖြင့် ခေါင်းညိတ်ရင်း မတင်လှတို့အိမ်ဘက်သို့ သွားလေတော့သည်။

ကွကြီးမှာလည်း အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် စောင့်နေသည်။ စိတ်ထဲမှာလည်း ကျေးဇူးရှင်အဘနှင့် ဆရာနှစ်ယောက်အားလည်း ယခုကဲ့သို့ ဤနယ် တစ်လွှားတွင် ဆင်ဖြူတော်နှင့် မိန်းမခိုးသော ဘွဲ့ကိုရရန် ဖန်ဆင်းပေးခဲ့ကြ၍ အကြိမ်တစ်ရာထက်မနည်း ရှိခိုးနေမိသည်။

ကွမ်းတစ်ယာညက်ခန့် အကြာတွင် အေးမိသည် သုတ်သုတ်သုတ်သုတ်ဖြင့် ပြန်ရောက်လာပြီး-

'ကိုကွကြီးရေ၊ မတင်လှက မလိုက်ရဲဘူးတဲ့တော့။ သူ့အစ်ကိုတွေ၊ မောင် တွေက အလစ်မပေးဘူးလို့ ပြောတာပဲ။ ဒါပေမဲ့ ကျုပ်အထင်ပြောရရင်တော့ တောင် ဘက်ရွာက တမစာရေး ဝင်းလှိုင်ဦးဘက်ကို စိတ်ညွတ်နေပြီထင်တယ်'

ကွကြီးမှာ နတ်ပူးသကဲ့သို့ တုန်လှုပ်သွားပြီး-

'ဟာ··· ဘယ်··· ဘယ်က တမစာရေး ဝင်းလှိုင်ဦးလဲ၊ ငါဘာမှ မတိရပါလား'

အေးမိက ခေါင်းကုတ်လိုက်ရင်း-

'ဟောတော့၊ ကျုပ်က ယောင်ပြီး ပြောမိတာ။ ပြောမိလက်စနဲ့ မထူးတော့

ပါဘူး။ မတင်လှက ရုပ်ရည်ကလေးကလည်းရှိတော့ ရည်းစားတွေ မှိုလိုပေါက်နေတာတော့။ အခု ရှင်က လိုက်ခဲ့လို့ ခိုးအောင်လာခေါ်တော့ သူ မလိုက်ရဲဘူးလေ။ သူ့မိဘမောင်ဖွားတွေ ကြောက်ရတာက တစ်ဖက်၊ နောက်ဆုံး သူ့ရည်းစား ဝင်းလှိုင်ဦးကို အချစ်ပိုရတာက တစ်ဖက်နဲ့ပေါ့'

ကွကြီး မေးကြောကြီးများ ထောင်အောင် အံကြိတ်ရင်း ငှူငှူကြီး တွေဝေနေသည်။ ဉာဏ်နီ ဉာဏ်နက်များကိုလည်း အပြင်းအထန် ထုတ်နေသည်။ ပြီးမှ မချင့်မရဲလေသံဖြင့် -

'ဒီမှာ အေးမိရဲ့၊ ငါကလည်း နင် တူနဲ့တွဲပြီးလာတာ မြင်ကတည်းက နင့်ကို ပိုပြီး စိတ်ဝင်စားမိတာပါဟာ။ ဒါပေမဲ့ တူက မူရာမာယာများပြီး တိမ်းညွတ်လွယ်တော့ ငါ တူ့ဘက် ပါတွားတာပါ။

'ငါကတော့ မေတ္တာစစ် မေတ္တာမှန်နဲ့ အနောက်ကနေဝင်၊ အရှေ့ကနေထွက်၊ တောင်ထိပ်ကြာပေါက်၊ မြမြင်းမိုရ် ပြိုကာအက်ပါစေတော့ တွေမပျက်ပါဘူးဆိုတဲ့ ယောက်ျားတစ္စာနဲ့ စောင့်စားရင်း ရွှေပင်လယ် ဘယ်လိုကာဆီးပေမဲ့ မောင်ကြီးနီးအောင် ကြံပါ့မယ်ဆိုပြီး မလျှော့တော ဖွဲလုံ့လနဲ့ ကြိုးစားခဲ့ပေမဲ့ သူက အချစ်ပလ္လင်ကို စစ်ဘုရင်လို တဘောမှာထားပြီး ဆုတ်တက်လှုပ်ရှား ကစားတွားခဲ့တာပါဟာ'

'ကိုကိုကွကြီး၊ ရှင် သီချင်းဆိုနေတာလားဟင်'

ကွကြီးက ဖြည်းညင်းစွာ ခေါင်းယမ်းလိုက်ပြီး ရွှမ်းလဲ့သော မျက်ဝန်းအစုံဖြင့် အေးမိကိုကြည့်ကာ-

'တချင်းဆိုတာ မဟုတ်ပါဘူး အေးမိရယ်၊ ငါ့ရဲ့ မှန်ကန်သော တစ္စာတရားကို ရင်ဖွင့်ပြနေတာပါ။ နင်ယုံမလားတော့ မတိဘူး။ တကယ်ဆိုရင် နင်ဟာ တူနဲ့ ယှဉ်လိုက်ရင် အတားညီတာတစ်ခုကလွဲလို့ ရုပ်ရည်ရော၊ အတံရော၊ အလီမွှာရော အို အစစ အရာရာ တူ့ထက် အများကြီးတာ၊ အများကြီး လှပါတယ် အေးမိရယ်'

မှုးမှူးဖြင့် ကွကြီး၏ မြှောက်ပင့်သံကြောင့် အေးမိ ရက်သွေးဖြာသွားသည်။

'အိုတော်၊ ကျုပ် ဒီလောက် မလှပါဘူးတော့'

'တကယ်ပါဟာ။ နင်နဲ့ ဥမ္မာဒန္တီတို့ ပပဝတီတို့ အမြွာပူးဆိုရင် ယုံလောက်တယ်။ နင့်ရဲ့ မျက်လုံးလေးတွေဟာ တမင် မျက်လုံးလို ရွှန်းလဲ့တောက်ပနေတယ်။ နင့်ရဲ့ အပြုံးလေးဟာလည်း ငါးတလောက်ပြုံးလေးအတိုင်းပဲ။ ပြီးတော့ နင့်ရဲ့ တွားပုံလာပုံဟာလည်း ဆင်မယဉ်တာပုံမျိုးလေးပါ အေးမိရယ်။ ကိုယ်လုံးလေးကလည်း ငါးရံ့ကိုယ်လုံးလို ပြောစရာမရှိအောင် လှပါတယ်'

'ဒီမယ် ကွကြီး၊ တော် ကျုပ်ကို အဲဒီလိုကြီး တိရစ္ဆာန်တွေနဲ့ မနှိုင်းပါနဲ့တော့'

ကွကြီးက ခေါင်းကိုကုတ်၍ စဉ်းစားရင်း ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်ပြီး-

'နင့်ရဲ့အလှကို ငါ တင်စားတာပါ အေးမိရယ်။ ငါ့ရဲ့ စကားလုံးလေးတွေက နူးညံ့ပြီး အဆင့်မြင့်နေတော့ နင့်ရဲ့နားထဲ တစ်မျိုးဖြစ်တွားလို့ နေမှာပါ။

'နင် နားလည်အောင် ငါ ပြောပြရရင် ဒီမှာ အေးမိ၊ နင့်ရဲ့ လုံချည်တိုတိုဝတ်ထားတဲ့ပုံဟာ ယော့ရှော့ပဲ။ အဲဒီပုံစံက အရမ်းမိုက်တယ်။ ဒီတော့ နင့်ရဲ့အလှကြောင့် ငါ ရေရေလည်လည် ကျွေပြီဟာ။ ငါ့ရင်ထဲမှာလည်း အမည်မဖော်နိုင်တဲ့ရောဂါတွေရနေပြီ။ နင့်ကို ငါ အပြတ်ခိုက်နေပြီ။ နင့်ရဲ့ အကြင်နာပန်းလေး တစ်ပွင့်လောက် ကမ်းလင့်လိုက်ပါလား အေးမိရယ်။ နင့်ရဲ့ ပက်ဖျန်းလိုက်တဲ့ အကြင်နာမိုးရေစက်ဟာ ခြောက်သွေ့ပြီး အက်ကွဲ အထီးကျန်နေတဲ့ ငါ့ရင်ခွင် မီးလောင်ပြင်ကြီးကို ငြိမ်းတွားစေမှာပဲ။ မေတ္တာတရားနဲ့ တစ္စာထားတဲ့ အချစ်ငတ်တမားကို အကြင်နာဆေးလေး တိုက်ကျွေးပါတော့လား အေးမိရယ်။ ငါ အပြတ်ခံစားနေရလို့ပါကွယ်'

ကွကြီး၏ မူးမူးဖြင့် အပြောကောင်းသောကြောင့်လည်းကောင်း၊ အကာလညအခါဖြစ်သောကြောင့်လည်းကောင်း ပထမဦးဆုံးအကြိမ် ရည်းစားစကားအပြောခံလိုက်ရ၍လည်းကောင်း ရွှေရင်သိမ်းသစ် ပျိုမြစ်နုနယ် လှသွေးကြွယ်သော အေးမိတစ်ယောက် အပြတ်ကြွေသွားသည်။

'ကို ကိုကွကြီးရယ်၊ ရှင်ပြောတာတွေ ဘာတွေမှန်းမသိတော့ ကျွန်မလည်း နားမလည်ပါဘူး။ ဒါပေမဲ့ ကျွန်မ အရမ်းရင်တွေ ခုန်နေတယ်တော့'

'အို... အေးမိရယ်၊ ငါ့စကားတွေဟာ နင်နားလည်အောင် ဘာတာပြန်ဖို့ မလွယ်ပေမဲ့ နင့်ရဲ့ နှလုံးတားကတော့ လုံးဝ နားလည်တွားပြီ အေးမိ၊ လုံးဝကို နားလည်တွားပြီ။ ဒါကြောင့် နင် ရင်ခုန်တာ၊ ရင်ခုန်တယ်ဆိုတာဟာ အချစ်ရဲ့ တကော်တပဲ၊ ပေါ်တင်ပြောရရင်တော့ ရင်ခုန်တာ အချစ်'

အေးမိတစ်ယောက် ကွကြီးကို ငေးကြည့်ရင်း-

'ရင်ခုန်တာ အချစ်ဆိုရင် ဟိုတလောက ဘကြီးကိုဘုန်းနိုင်ကို နွားလိုက်ခွေ့တာ မြင်တုန်းကလည်း ကျုပ် ရင်ခုန်မိတာ။ ဒါဆိုရင် ဘကြီးကိုဘုန်းနိုင်ကို ကျုပ်ကချစ်နေမိလို့လား။ ရှင်နော်၊ စကားပြောရင် ကြည့်ပြော။ ဘကြီးကိုဘုန်းနိုင်မှာ သားကြီးမယားကြီးနဲ့တော့'

ကွကြီးတစ်ယောက် သူ၏ တိုက်စစ်ကို အရှိန်မြှင့်ကာ အေးမိ လက်ကလေးကို ဖြည်းညင်းစွာ ဆွဲယူလိုက်ရင်း-

'ဒီမယ် အေးမိလေးရဲ့၊ အဲဒီနွားခွေ့တုန်းက အန္တရာယ်ကို မြင်ရလို့၊ အန္တရာယ်ကို နင် ကြောက်လို့ ရင်ခုန်တာ။

အခု ငါက နင့်ကို အန္တရာယ်ပေးမယ့်တူမှ မဟုတ်ဘဲ။ တံတရာ ဘဝခရီး လမ်းတစ်လျှောက်မှာ နင်ကြုံတွေ့ရမယ့် အန္တရာယ်တွေကို ရှေ့ကနေ ရင်ဆိုင်ပြီး ရှင်းပေးမယ့် မင်းရဲ့ တူရဲကောင်း ငါပါကွ။

'ငါ့ကြောင့် အခု နင်ရင်ခုန်နေတာက အချစ်ကြောင့် ရင်ခုန်တာ အေးမိရဲ့။ ကြာပါတယ် အေးမိရယ်၊ တစ်ခါတည်းတာ လိုက်ခဲ့ပါ။ ငါ့မှာလေ မိန်းမခိုးဖို့အတွက် ဆင်ကြီးနဲ့လာရတာ၊ ဒီဇယ် တော်တော်ကုန်တယ်ဟ'

'ဟော တော်၊ ရှင့်ဆင်ကြီးက ဒီဇယ်သောက်လို့လား'

ကွကြီးသည် ကျားတို့၏မာယာကို အပြတ်သုံးရန် ဆုံးဖြတ်လိုက်ပြီး-

'ဒီမယ် အေးမိ၊ ငါ့ဆင်ကြီးကို နင်ကြည့်ချင်တယ်ဆို၊ ငါ့ ဆင်ကြီးနဲ့ နင်လိုက်ခဲ့ပါလားဟင်။ ဒါဆိုရင် ဟောဒီတစ်နယ်လုံးမှာ ဆင်ဖြူတော်နဲ့ အခိုးခံရတဲ့ ဂုဏ်ဟာ နင်ကလွဲရင် ဘယ်တူမှရှိမှာ မဟုတ်ဘူး။

'နင်နဲ့ ထိုက်တန်လို့ နင့်ဘုန်း နင့်ကံကြောင့် အခု နင့်အတွက် စီးတော်ဆင် တစ်စီး နင့်ရှေ့မှာ ဝပ်စင်းနေပြီ အေးမိရဲ့'

တွေဝေငြိမ်သက်နေသော ပျိုအေးမိ၏ လက်ကလေးကို ကွကြီးက ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး-

'နင်ပဲ စဉ်းစားကြည့်လေ။ မြန်မာရာဇဝင်မှာ 'ရနောင် မောင်မောင်တုတ်' က ဓာတ်မင်းသမီးကို ဆင်နဲ့တင်ပြီး ခိုးပြေးလို့ 'ဆင်ခိုးမလေး' ဆိုပြီး ဟိုး ဟိုး ကျော်ကြားခဲ့တာ မဟုတ်လား။

'နောက်ပြီး ဆင်တွေအားလုံးကိုနိုင်တဲ့ 'ဥဒိန္နမင်း' ဟာလည်း ဘုရင့်တမီး တော်ကို ဆင်နဲ့တင်ခိုးပြီး ပြေးခဲ့လို့ ရာဇဝင်မှာ စာတင်သွားရတယ် မဟုတ်လား။

'ငါဟာ ရနောင်မောင်မောင်တုတ်လို မိန်းမရှုပ်တဲ့ လူစား မဟုတ်တလို၊ ဥဒိန္နမင်းလို ဆင်တွေ အားလုံးကို မနိုင်ပေမဲ့ အလွန်လိမ္မာတဲ့ ဆဒ္ဒန်ဆင်ဖြူတော်ကြီး တစ်စီးကိုတော့ ပိုင်တဲ့နိုင်တဲ့ တူပါဟာ။

'အဲဒါကြောင့် ဟော ဒီနယ်တစ်ရိုးမှာ ဆင်ဖြူတော်နဲ့ အခိုးခံရတဲ့ဘွဲ့ကို နင်ခံယူပြီး ငါတို့ရဲ့ နလုံးတားရာဇဝင်မှာ ကမ္ပည်းတင်လိုက်ပါတော့လား အေးမိရယ်။

'နင့်အနေနဲ့ ဘာမှပူစရာမလိုဘူး။ နင့်ရွာကို ပေးဖို့အတွက် ကာလတားကြေး တွေရော၊ ခန်းဝင်ပစ္စည်းတွေရော၊ ကန်တော့ပွဲတွေရော အားလုံးဟာလည်း နင့်အိမ်ပေါ် မှာပဲ ရှိတေးတာမဟုတ်လား။

'စဉ်းစားမနေပါနဲ့ အေးမိရယ်၊ ကိုကွကြီးနဲ့အတူ ဘဝအတာစ်ကို စ,ဖို့ အတွက် မင်္ဂလာဆင်ဖြူတော်ဆီ အရောက်လှမ်းကြစို့လား အေးမိရယ်၊ လာ အတူ တွားကြစို့နော်'

ပြောပြောဆိုဆို ကွကြီးက အေးမိ၏လက်ကို အတင်းဆွဲ၍ သူ့ဆင်တော် မင်္ဂလာဆီသို့ ခပ်သုတ်သုတ်လှမ်းလိုက်ရာ ပျိုအေးမိလည်း ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

□□□

# အခန်း - ၁၂

တိမ်သလ္လာကင်းစင်သော ဘော်ငွေရောင် စန္ဒာလမင်းကြီး၏ အလင်းအောက်တွင် လူနှစ်ယောက် ရှေ့မှ အပြေးလာနေသည်။

ရွာတံခါးဘက်ဆီမှလည်း လူတစ်အုပ်က ဓာတ်မီး တဝင်းဝင်းဖြင့် လာနေကြသည်ကို မြင်လိုက်ရသောကြောင့် ကြည်မြင့်လည်း အခြေအနေကို သုံးသပ်ပြီး ထွန်စက်ကို စက်မနှိုးသေးဘဲ တောင်စောင်းအတိုင်း လိမ့်ချလိုက်ကာ ရှေ့မှ ပြေးလာသူနှစ်ဦးထံ ဦးတည်လိုက်သည်။

'ဟော့တော်၊ နောက်မှာလည်း ဓာတ်မီးတဝင်းဝင်းနဲ့ လိုက်လာကုန်ကြပြီ။ အဘတို့ သိသွားပြီထင်တယ်၊ ကြောက်တယ်တော့။ ကျုပ် မလိုက်ရဲတော့ဘူး၊ နေခဲ့တော့မယ်'

ချပြီးသား ဆုံးဖြတ်ချက်ကို ဖြစ်အောင် အကောင်အထည်ဖော်လေ့ရှိသော ကွကြီးကတော့ လက်တွဲမဖြုတ် အပြေးလုံးဝမပျက်ဘဲ ပျို့အေးမိကို ချော့တစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် စည်းရုံးရေး ဆင်းနေပြန်သည်။

'ဟဲ့၊ အေးမိရဲ့၊ အခုအခြေအနေမှာ နင့်ကိုမိတွားရင် တက်တာမယ် မထင်ဘူးနော်။ ဒီလောက် လူအုပ်ကြီးကို ငါတစ်ယောက်တည်းနဲ့ တားနိုင်မှာ မဟုတ်ဘူး။

ငါ့ကို တူတို့တတ်လို့ တူတို့ ဒေါတတွေ ပြေကုန်ပြီး နင့်ကို ဒုက္ခမပေးဘူးဆိုရင် ငါ လည်စင်းခံရပါတယ်ဟာ။ ဒါပေမဲ့ မင့်အဘရဲ့ ရှက်ဒေါတက နင့်ကိုပါ ချမ်းတာ ပေးမှာ မဟုတ်ဘူး။ အဲဒါကြောင့် နင်နေခဲ့လို့ မဖြစ်ဘူး၊ ကြိုးစား ပြေးထားပါဟ။ ဟော ဟော ဟိုမှာ ငါ့ဆင်ကြီး လာနေပြီ။ ပွတာပဲဟေ့၊ တူတို့တွေ ရှေ့မှာ နင်ဟာ ဆင်ဖြူတော်ကြီးနဲ့ လိုက်တွားတာကို တူတို့တွေတာ မျက်ဝါးထင်ထင် မြင်လိုက်ရရင် အေးမိရေ ရပ်လုံးတိ၊ ရွာလုံးတိ နင့်နာမည်ရဲ့ ဂုဏ်တိက္ခာကတော့ ဟိုးဟိုးကျော်တွား မှာပဲ လာ လာ'

ကြည်မြင့် ဆင်ကြီးကို ရပ်ပေးလိုက်လျှင် -

'အို ကိုကွကြီး၊ ရှင့်ဆင်ကြီးက အမြင့်ကြီးပဲ။ အပေါ်ကို ဘယ်လိုတက်ရ မှာလဲ'

'ဟဲ့၊ ငါ့ဆင်က အပေါ်တက်စီးရတာ မဟုတ်ဘူး၊ ဗိုက်အောက်ထဲက စီးရတာဟ'

'ဟယ်တော် အံ့ဩပါရဲ့၊ ဆင်ဗိုက်အောက်ကနေ စီးရတယ်လို့ ကြံကြံဖန် ဖန်။ ဒါနဲ့ ဆင့်ရှင်ကြီး အဲလေ၊ ရှင့်ဆင်ကြီးက အထီးလား၊ အမလား တော့'

'စကားများလိုက်တာ အေးမိရယ်။ အချိန်မရှိတော့ဘူးဟ၊ လာ လာ။ ဒီအောက်ကနေဝင်။ အထဲရောက်မှ အထီးလား အမလား ကြည့်ပေတော့'

ကွကြီးတို့နှစ်ယောက် ဆင်ဗိုက်အောက်မှနေ၍ ထွန်စက်ပေါ်သို့ တက်လိုက် သည်။

'ဟောတော့၊ ဆင်ကိုယ်လုံးထဲမှာ ဘာကြီးလဲ။ အမယ်လေး၊ ဆင်ဦးစီးက လည်း ဗိုက်ထဲမှာပါလား'

'ကဲ ကဲ မရွှေစာတို့ မြန်မြန်တက်ကြဟဲ့၊ ဟိုမှာ လူတွေ နီးလာပြီ'

ကြည်မြင့်က ပြောပြောဆိုဆို သူ့ထိုင်ခုံနောက်ရှိ ဘီးနှစ်လုံးကြားတွင် ခင်းထားသော ပျဉ်ချပ်ပေါ်သို့ အေးမိနှင့် ကွကြီးကို ဆွဲတင်ပေးလိုက်ပြီး စက်နှိုး လိုက်ရာ ထွန်စက်ကြီးမှာ ဂရီး··· ဂရီး··· ဂစ်··· ဂစ်···ဟု မော်တာသံကြီး မြည်သွားရုံမှတစ်ပါး စက်က နိုးမသွားပေ။

ဓာတ်မီးတဝင်းဝင်းဖြင့် လိုက်လာကြသော သူများမှာလည်း လဆန်း '၁၄' ရက်ည၏ လရောင်အောက်၌ သူတို့ဆီသို့ အသံမထွက်ဘဲ တရွေ့ရွေ့လာနေသော ဖြူဖြူဖွေးဖွေးကြီးကို မြင်ကြသောအခါ -

'ဟ ဘာကြီးလဲဟ၊ ဖြူဖြူကြီး'

'ဟာ အကြီးကြီး၊ အမြင့်ကြီးပါလား'

'ငါ့သမီးကို အဲဒီဖြူဖြူကြီး တက်နင်းသွားပြီလား၊ လုပ်ကြပါဦး ဟ'

အားလုံး တအံ့တသြ ဖြစ်ကုန်ကြ၍ ခြေလှမ်းများ နှေးကုန်သည်။ ခတ်မီး တစ်ကမ်းရောက်လာ၍ ထင်ထင်ရှားရှား မြင်လိုက်ရသောအခါတွင်တော့-

'ဟာ ဆင်ကြီးပါလား'

'အိမ်လောက်ကြီးကို ရှိတယ်ဟေ့'

'ဒါ ဆင် ဆင်သရဲ ထင်တယ်'

'ငါ့သမီး ငါ့သမီးလေးကို ရှာကြပါဦး'

စသည် စသည်တို့ဖြင့် အာမေဋိတ်မျိုးစုံ ထွက်ပေါ်နေစဉ် ထွန်စက်ကြီးမှ ဂရီး ဂရီး ဂစ် ဂစ် ဟု မော်တာသံကြီး မြည်ဟည်းသွားသောအခါ-

'ပြေးကြဟေ့၊ ပြေးကြ'

'လုပ်ကြပါဦးဟ'

'ငါ့ကို စောင့်ကြပါဦးဟ'

အော်သံမျိုးစုံပေးကာ ပြေးကြလေတော့သည်။ ထိုစဉ် ထွန်စက်ကြီးမှာ 'တဂျုံးဂျုံး'မြည်သံပေး၍ စက်နိုးသွားသောအခါ ပြေးသူအပေါင်း တုံ့ခနဲ ရပ်၍ သမင်လည်ပြန် လှည့်ကြည့်ကြပြန်သည်။

'ဒါ ထွန် ထွန်စက်သံကြီးကွ'

'ဒါ ဒါဆို ဟိုဆင်ဖြူကြီးက...'

'ဟာ ထွန်စက်ပေါ်မှာ ဆင်ရုပ်ကြီး တင်ထားတာနေမှာပေါ့'

'ကြံကြံဖန်ဖန် ဘယ်တေလေဂျပိုးက လုပ်ထားတာလဲ'

'နေ နေဦး၊ အဲဒီဆင်ရုပ်ကြီးထဲမှာ ငါ့သမီးနဲ့ ဟိုခွေး တကောင်းစား ရှိလိမ့်မယ်၊ လုပ်ကြပါဦးကွ'

ဓားများ၊ တုတ်များ၊ လက်နက်များဖြင့် ဒေါသတကြီး ရန်ပြုရန် ပြန်၍ လှည့်လာကြသော သူအပေါင်းကို မြင်ရသည်တွင် ကြည်မြင့် ဒူးတုန်နေသည်။

လမ်းက ကျဉ်းသဖြင့် သူ့ထွန်စက်ကို ရှေ့သို့မောင်းပြီး လမ်းအနည်းငယ် ကျယ်သောနေရာတွင် ကွေ့မည်ဆိုပါက ဓားမိုး၊ လှံမိုး၊ ခဲမိုး ရွာကြမည့် သူတွေထံ ရောက်သွားမည်ဖြစ်၍ အရိုးတခြား၊ အသားတခြား ဖြစ်သွားမည်။

နောက်ဆုတ်၍ ကွေ့ရအောင်ကလည်း ဆင်၏နောက်တွင် အပေါက်မရှိ တော့သဖြင့် နောက်ကို မမြင်ရပေ။ စီးကျလာသော ချွေးများကို သုတ်ရင်း-

'ဟဲ့ ကွကြီး၊ ရှေ့မှာတော့ ငါတို့ကို ဆော်ပလော်တီးဖို့ ပြေးလာနေကြပြီ။ ထွန်စက်ကို နောက်ဆုတ်ပြီး ပြန်ကွေ့မှဖြစ်မယ်။ အဲဒါ ဒီဆင်ရဲ့ ဖင်မှာ အပေါက်မရှိ လို့ ငါ နောက်ကိုကြည့်လို့ မမြင်ရဘူး၊ မင်း အပေါက်ရှာကြည့်ပြီး ငါ့ကိုလမ်းပြ'

ကွကြီးက လျင်မြန်စွာ နောက်ကိုလှည့်၍ ဆင်၏ အတွင်း၌ အမြီးတပ်ဆင်

ထားသော အမြီးအရင်းနေရာကို ဆွဲဆောင့်လိုက်ရာ အမြီးကြီးပြုတ်၍ ပါလာပြီး ဆင်ကြီး ဖင်ပြိသွားသဖြင့်-

'ကဲ ရှေ့ ပျိုအေးမိ၊ ဟောဒီမှာ ငါ့ဆင်အမြီးကြီး ခဏကိုင်ထားဦး၊ ငါ့ ဆင်ဦးစီးကို လမ်းပြလိုက်ဦးမယ်'

'ဟောတော့်၊ ရှင့်ဆင်အမြီးကလည်း ဂုန်နီကြိုးနဲ့ လုပ်ထားတာကြီးပါလား။ ဆင်မြီးလက်စွပ်လုပ်လို့ ဘယ်ရမလဲ ကိုကိုကွရဲ့'

'အောင်မလေး၊ နောက်မှ ဆင်မြီးလက်စွပ် လုပ်ကြပါ။ ဟဲ့ ကွကြီး၊ ငါ 'ဘက်ဂီယာ'ထိုးပြီးပြီ လမ်းကြောင်းကို မြန်မြန်ပြောပါတော့ဟ'

ကွကြီးက ဆင်အမြီးအပေါက်မှနေ၍ လမ်းကိုကြည့်ရင်း-

'တည့်တည့်သာ ဆုတ်ပေရှော့၊ မင်းကျောင်လည်တလို အားရပါးရဆုတ်၊ နောက်မှာ လမ်းကြီးက ရှင်းလို့။

'ဆုတ် ဆုတ်၊ တအားဆုတ်၊ ဘာပြတနာမှ မရှိဘူး။ ငါက ကွေ့လို့ပြောရင် မင်း ညာဘက်ကို ချိုးပြီးတာကွေ့။ အဲ ဘယ်ဘက်မှာတော့ လယ်စောင့်တဲနဲ့ ခွ ဒေါက်ထောက်ထားတဲ့ လှည်းတစ်စီးပဲရှိတယ်၊ ဆုတ်ထား ဆုတ်ထားကွ'

ကြည်မြင့် ကွကြီးပြောသည့်အတိုင်း နောက်ကိုဆုတ်သည်။ ထွန်စက်ကြီး နောက်သို့ ဆုတ်သွားသည်ကို မြင်ရသဖြင့် ရွာသားများလည်း အတင်းပြေးလာပြီး ခဲဖြင့် ပစ်ကြသည်။

ကြည်မြင့်က စက်ရှိန်ကို ပို၍ မြှင့်လိုက်ရင်း-

'ကွေ့ရခါနီးပြီလား၊ ကွေ့ရခါနီးပြီလား'

'ဆုတ်ဦး၊ ဆုတ်ဦး၊ ရပြီ။ ညာဘက်ကို တအားခေါက်ကွေ့လိုက်တော့'

ကွကြီးက ညာဘက်ကို ချိုး၍ ကွေ့ခိုင်းသည်။ ကြည်မြင့်ကလည်း ညာ ဘက်သို့ အရှိန်ဖြင့် ချိုး၍ နောက်ပြန်ကြီးကွေ့လိုက်ရာ-

လယ်စောင့်တဲ တစ်ခြမ်းနှင့် ဒေါက်ထောက်ထားသော လှည်းကို တန်းတန်း ကြီး နောက်ဘီးဖြင့် တိုက်ချလိုက်လေတော့သည်။

'ဟဲ့ ကြည်မြင့်ရ၊ ညာဘက်ကို ချိုးကွေ့ပါဆို၊ ဘာလို့ ဘယ်ဘက်ကို ချိုးကွေ့ရတာလဲ။ တဲနဲ့လှည်းကို ဝင်တိုးမိပြီ၊ တော်ပါသေးရဲ့၊ လယ်စောင့်တဲထဲမှာ လူမရှိလို့ဟေ့'

ကြည်မြင့်ကလည်း ဒေါသတကြီးဖြင့်-

'ဟဲ့ ခွေးသားရဲ့၊ မင်းက ညာချိုးဆိုလို့ ငါလည်း ညာချိုးတာပဲကွ'

'မင်းချိုးကွေ့တာ ဘယ်ဘက်ကြီးဟ၊ ဒီအတက်အရွယ်အထိ ဘယ်နဲ့ညာ မကွဲပြားတဲ့ကောင်ရဲ့'

ကြည်မြင့်က ပြန်မပြောအားသေးဘဲ ဂီယာကို ပြောင်း၍ ထွန်စက်ကို ပြန်ကွေ့ရင်း သဘောပေါက်သွားသည်။

'ဟာ မင်းနဲ့ငါနဲ့က ကျောချင်းကပ်ဖြစ်နေတော့ ငါ့ရဲ့ညာဘက်က မင်းရဲ့ ဘယ်၊ မင်းရဲ့ဘယ်ဘက်က ငါ့ရဲ့ညာဖြစ်ကုန်တာပဲကွ။ ကိစ္စမရှိဘူး၊ ကွေ့လို့ရသွားပြီ။ ဒါနဲ့ ငါဝင်တိုးမိတာ ဘာဖြစ်သွားလဲ ကြည့်ပါဦး'

'အင်း တဲကတော့ တစ်ခြမ်းပြိုပြီး လှည်းကတော့ ဘီးတစ်ဖက်ကြေတွားတာ ပဲ။ ဒါပေမဲ့ ငါတို့ဆင်ရဲ့ ညာဘက်မှာ နောက်ခြေထောက်တစ်ချောင်းမှ မရှိတော့ဘူး ကွ၊ ပြုတ်ကျကုန်နေခဲ့ပြီ'

'ဟေ'

'ဟေ မနေနဲ့ မြန်မြန်မောင်း၊ ဟိုမှာ လူတွေနီးလာပြီ၊ လုပ်ပါဟ'

ကြည်မြင့်က ထွန်စက်ကို မိုင်ကုန်တင်၍ မောင်းလိုက်စဉ် ဆင်ရုပ်ကြီး၏ နောက်ဘက်မှာလည်း 'တဘုန်းဘုန်း'ဖြင့် ခဲများ၊ တုတ်များ လာမှန်သံကို ကြားလိုက် ရသည်။

ထိုစဉ် ကွကြီး စိုးရိမ်စွာဖြင့် -

'ကြည်မြင့်ရေ၊ ဟိုရှေ့မှာ တောင်စွယ်ရောက်ရင် လမ်းအတိုင်း မမောင်းနဲ့။ ဘယ်ဘက်မှာ လျှိုထဲသွားတဲ့ လမ်းခွဲရှိတယ်။ အဲဒီကနေတာ ဖြတ်မောင်းဟေ့။ နောက်ကလူတွေက ဖြတ်လမ်းကနေ တို့ကိုဆီးပြီး ဆော်ဖို့ ကြိုးစားနေကြတယ်'

ကွကြီးက ပြောသည့်အတိုင်း ကြည်မြင့်လည်း တောင်စွယ်၏ ဘယ်ဘက်ရှိ လျှိုထဲသို့ ထွန်စက်ကြီးကို မောင်း၍ ဝင်သွားလေတော့သည်။

❑❑❑

# အခန်း - ၁၃

အလှူတော် မင်္ဂလာနံနက်ခင်း၊ မနက်မိုးမလင်းမီကပင် ဘိုးလေးဖိုးသစ်၏ အိမ်ရှေ့ရှိ မဏ္ဍပ်တွင် အလှူပွဲလာ ပရိသတ်အပေါင်းက ကြိတ်ကြိတ်တိုး ကြက်ပျံမကျ စည်ကား၍နေသည်။

ကွမ်းတောင်၊ ပန်းတောင်ကိုင်ကြမည့် လှပဂေးလေးများမှာလည်း မိုးမလင်းမီ လှသွေးကြွယ်နေကြသည်ကို ရင်သပ်ရှုမောဖွယ် တွေ့ရသလို လိမ်းပြီးခြယ်ပြီးသား ရှင်လောင်းများမှာလည်း မျောက်လောင်းစိတ်ဝင်ပြီး တစ်ယောက်နှင့်တစ်ယောက် နပန်းလုံးနေကြသဖြင့် ဆရာလေးထင်ကျော်ဦးကိုယ်တိုင် ကြိမ်စကြာကို ဝှေ့ယမ်းရင်း ထိန်းသိမ်းနေသည်ကို တအံ့တသြ မြင်တွေ့ရမည်ဖြစ်သလို မိုးမလင်းသေး၊ ရောင်နီပင် မသန်းသေးသော်လည်း နေကာမျက်မှန်အမည်းကြီး တပ်၍ တပြုံးပြုံးဖြင့် ဂိုက်ပေးကြမ်းနေသော ဘိုးလေးဖိုးသစ်ကိုလည်း မျက်စိနောက်စရာ မြင်ရမည်ဖြစ်ပါသည်။

ခြောက်နာရီခွဲသော်လည်း စီးတော်ဆင်က ပေါ်မလာ။ ခုနစ်နာရီထိုးသော်လည်း ဆဒ္ဒန်ဆင်မင်း၏ အရိပ်အယောင်ကိုမျှပင် မမြင်ရသေးပေ။ ထို့ကြောင့် ဘိုးလေးဖိုးသစ်က ခဏခဏ လာမေးနေသဖြင့် ကျွန်တော်နှင့် ထင်ကျော်ဦးမှာ အလွန်ကို စိတ်ရှုပ်နေပါသည်။

ယခုလည်း အကြိမ်သုံးဆယ်မြောက် လာမေးနေသဖြင့်-

'ဘိုးလေးရေ၊ သူတို့မှာ နာရီမရှိတော့ ဘယ်အချိန်ရှိပြီလဲဆိုတာ မသိလို့နေ ပါလိမ့်မယ်။ ခဏစောင့်ကြည့်ပါဦးဗျာ'

ဘိုးလေးဖိုးသစ်က ခေါင်းကုတ်ရင်း-

'မနက်လေးနာရီလောက်ကတည်းက ချစ်အောင်နဲ့ မျိုးထွဋ်တို့ တားအဖကို လွှတ်ပြီး ထွန်စက်မောင်းဖို့ 'တော့'ပေးခိုင်းလိုက်တယ် မဟုတ်လား'

ထင်ကျော်ဦးက စိတ်ပျက်လက်ပျက်အသံဖြင့်-

'ဟုတ်တယ်လေဗျာ။ ထွန်စက်သော့ကို ညက ကျွန်တော်တို့ ယူထားတာ ဘိုးလေးသား ကွကြီး ကမြင်းကြောထမှာ စိုးလို့ဗျ။ အခု မနက် အရုဏ်ဆွမ်းကပ် ခါနီးရောက်မှ ချစ်အောင်နဲ့ မျိုးထွဋ်တို့ သားအဖကို သော့ပေးခိုင်းလိုက်ရတာ။ သူတို့သွားတာ နှစ်နာရီနီးနီးလောက်တော့ရှိပြီ'

'ဒီတားအဖကလည်း ချေချေရာရှိတာ မဟုတ်ဘူး။ လမ်းမှာများ တော့ကျ ပျောက်ပြီလား မတိပါဘူး ဆရာလေးတို့ရယ်'

'ချစ်အောင်က သော့ကိုယူပြီး သူ့သား မျိုးထွဋ်လည်ပင်းမှာ ကြိုးနဲ့ သေသေ ချာချာ ဆွဲပေးလိုက်တာ ငါမြင်သားပဲ၊ ကျပျောက်မှာတော့ မဟုတ်ဘူး။ ဟိုရောက် ရောက်ချင်း စောသေးတယ်ထင်လို့များ တစ်ရေးလောက် ပြန်အိပ်နေကြသလားမှ မသိတာ'

ကျွန်တော်ကလည်း စိတ်ညစ်စွာဖြင့်-

'ကဲပါကွာ၊ ဒီလောက်ရှိလှတာ အဲဒီကို ငါလိုက်သွားမယ်၊ စီစဉ်စရာရှိတာ တွေသာ မင်း စီစဉ်ထားလိုက်တော့'

ကျွန်တော့် စကားမဆုံးခင်မှာပင် ရွာ၏ အနောက်ဘက်မှ ထွန်စက်သံသဲ့သဲ့ ကို ကြားလိုက်ရ၍ အားလုံး နားစွင့်လိုက်စဉ် ဘိုးလေးဖိုးသစ်မှာ ပျာပျာသလဲဖြစ်သွား ပြီး-

'တေချာပြီ၊ တေချာပြီ၊ ဒါထွန်စက်တံ အစစ်ပဲ'

ဒရောသောပါးပြေးပြီး အသံချဲ့စက်ဆရာ အောင်မြင့်နိုင်ထံ အပြေးသွားကာ မိုက်ခရိုဖုန်းကိုယူ၍ အသံဖွင့်ခိုင်းလိုက်ပြီးနောက်-

'ဟဲ့ လှည်းတမားတွေ ထွန်စက်လာနေပြီ။ အဲလေ၊ ဆဒ္ဒန်ဆင်မင်းကြီးဆွဲတဲ့ နတ်ပန်းရထားကြီး လာနေပြီနော်။ အဲဒီဆင်မင်းကြီးက လက်ရာမြောက်လွန်းတော့ မင်းတို့နွားတွေ လန့်ပြေးကုန်မယ်၊ ကိုယ့်နွားကို ကိုယ်ဂရုစိုက်ဖို့ တတိပေးပါရစေ'

'ဟိုကောင် နေဝင်းတို့အဖွဲ့ကလည်း ဟိုလမ်းထိပ်ကနေ တွားပြီး လမ်းရှင် ထားကြ၊ လူတွေတိပ်များနေလို့ ငါ့ဆင်ကြီး လာစရာလမ်းမရှိဘဲနေဦးမယ်။

'ဟို ဝင်းလိုက်ဓာတ်ပုံဆိုင်က ဓာတ်ပုံဆရာတွေ ငါ့ဆင်ကြီးကို တေတေချာချာ မိမိရရ ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားကြ။

'ဆိုင်းဆရာဂဒိုး၊ ရွာစားကျော်ဂဒိုး ဘယ်ရောက်နေတလဲ။ မင်းတို့ ဆိုင်းအဖွဲ့ကလည်း စည်တော်ရွှမ်းတော့လေ၊ ဘာလုပ်နေကြတာလဲ။

'ဟိုကောင် ဟိုကောင် မင်းကိုခေါ်နေတာ၊ တွား တွား ရေတစ်ခွက်မြန်မြန်ခပ်ခဲ့စမ်း။ ဟူး မောလိုက်တာ၊ ကဲ ကဲ စက်ဆရာအောင်မြင့်နိုင် မင်းစက်မှာရှိတဲ့ အတံချဲ့စက်တွေ အကုန်လုံးကို အင်အားအပြည့် ဖွင့်ပြီး ရွာစားကျော်တို့ဆိုင်းဝိုင်းမှာ တပ်ပေးလိုက်တော့'

ဘိုးလေးဖိုးသစ်၏ မရပ်မနား စီမံခန့်ခွဲမှုကြောင့် အားလုံးလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

စည်တော်ရွှမ်းသံနှဲ့အတူ ထွန်စက်သံလည်း တဖြည်းဖြည်း ကျယ်လောင်လာသည်။ လူများမှာလည်း ကြိတ်ကြိတ်တိုးနေကြရာ ပြည်သူ့စစ်အဖွဲ့ကပင် ဝင်ရောက်တားမြစ် လမ်းရှင်းပေးနေရသည်။

မကြာမီပင် ဖုန်လုံးကြီး တလိမ့်လိမ့် လွှမ်းခြုံလျက် ဆင်ဖြူတော်ကြီးမဏ္ဍပ်ရှေ့သို့ ဆိုက်ရောက်လာသောအခါ ရွာသူရွာသားအပေါင်းနှင့် အလှူလာသူပရိသတ်ကြီး တစ်ခဲနက် ကောင်းချီးသြဘာ ပေးသံကြီးများ၊ စည်တော်ရွှမ်းသံကြီးများက တစ်မိုးလုံးဟိန်း၍ နေပေတော့သည်။

ဖုန်လုံးကြီးများ ငြိမ်သက်သွားသောအခါ အားလုံးသော ပရိသတ်အပေါင်း၏ အသံကြီးများလည်း တဖြည်းဖြည်း တိုးတိတ်သွားသလို စည်တော်အဖွဲ့၏အသံသည် လည်း ရပ်ဆိုင်းသွားသည်။

အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်သက်နေသော ပရိသတ်၏ အံ့သြသော မျက်ဝန်းအစုံများက ဘိုးလေးဖိုးသစ်နှင့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦး၏ထံသို့ ရောက်ရှိလာချိန်တွင်တော့-

ဝမ်းသာဂုဏ်ယူခြင်း အပြည့်ဖြင့် မဏ္ဍပ်တိုင်တက်ပြရန် ဟန်ပြင်နေကြသော ဘိုးလေးဖိုးသစ်နှင့် ကျွန်တော်တို့ကျောင်းဆရာနှစ်ဦးပေါင်း၊ သုံးဦးသား ဆဒ္ဒန်ဆင်မင်းကြီးကို ကြည့်ရင်း မျက်လုံးပြူးကာ ကြက်သေ သေသွားကြလေတော့သည်။

ဆဒ္ဒန်ဆင်မင်း၏ ခြောက်ပါးရောက်ဟုန် စွယ်တော်စုံ 'တို' တစ် 'ရှည်' တစ်ဖြစ်၍နေပေပြီ။ ညာဘက်နားရွက်မှာလည်း ထက်ဝက်ခန့် ပါမလာတော့ပေ။

ဆင်မင်း၏ ရှေ့ခြေနှစ်ချောင်းမှာ အခြေအနေကောင်းသေးသော်လည်း နောက်ဘယ်ခြေမှာ အမျိုးအမည် မခွဲခြားတတ်သော အရောင်အဆင်းနှင့် ထင်လင်းနေပြီး နောက်ညာခြေကတော့ မိုးကြိုးပစ်ရစ္စေဟု ကျိန်တွယ်ပြောမှ ယုံရမည့်ဆင်

ခြေထောက်မျိုး ဖြစ်နေကာ တွဲလျားကြီး ကျနေပုံမှာလည်း ခြေကျိုးနေသလိုလို၊ ပိုလီယိုဖြစ်နေသလိုလို။

ဆင်ဖြူတော်၏ တစ်ကိုယ်လုံးမှာလည်း ဖာရာဗရပ္ပဖြင့် ရောင်တော်စုံ ကွန့်မြူးနေသလိုလို။ ကျောပေါ်၌ လွှမ်းထားသော ကော်ဇောနှစ်ချပ်အနက် တစ်ချပ်မှာ ပါမလာတော့ဘဲ ထိုနေရာတွင် ရောင်စုံစက္ကူများ၊ သတင်းစာစက္ကူများဖြင့် ဖြစ်သလို ဖာထေးထားသည်ကို အဝေးကပင် မြင်နိုင်ပါသည်။

အထူးခြားဆုံးကတော့ ဝက်မြီးကဲ့သို့ တွန့်လိမ်ကောက်ကွေး၍ ဖြစ်ချင်တိုင်း ဖြစ်နေသော ငုံးတိတိအမြီး၊ ထိုအမြီး ဝန်းကျင်ဒေသတစ်ပိုက်ကတော့ တစ်စုံတစ်ခု သော ပယောဂကြောင့် မရှိသေ့စကား ဆင်မင်းကြီးတော့ အပျိုရည်၊ လူပျိုရည် ပျက်ခဲ့ကြောင်းကို ဆေးစစ်စရာမလိုဘဲ မြင်ရုံနှင့်ပင် သိနိုင်ပါသည်။

ဘိုးလေးဖိုးသစ်သည် နေကာမျက်မှန်ကြီးကို ချွတ်၍ သူ့ဆင်တော်မင်္ဂလာကို ကြည့်သည်။ အားမရသေး။ သူ့စက္ကူနှစ်ကွင်း ပိုမို၍ ထင်လင်းခြင်းရှိစေရန် ဘယ်ညာလက်နှစ်ဖက်နှင့် ပွတ်၍ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်ဖြင့် အသေအချာ အနုစိတ်ကြည့်ရှုပြီးသကာလ သူ့မျက်နှာ ရှုံ့ပဒေါင်းခတ်သွားပြီး-

'ဒါ ဒါ ဆရာလေးတို့ရဲ့ လက်စွမ်းလက်ရာပဲလား၊ ကြည့်ကြပါဗျာ။ ပြောလိုက်တော့ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဆို။ အခုတော့ နှင်းရောင်ဝါဝါထိန်ထိန် နဲ့ ဆဒ္ဒန်ဆင်မင်း လုပ်ခိုင်းတာကို 'စူဠတုဘဒ္ဒါ'နဲ့ 'မဟာတုဘဒ္ဒါ'ဆင်မများ မှားလုပ် မိကြလေရော့တလား။

'တစ်ကိုယ်လုံးမှာလည်း တက်တက်ရောင်စုံတွေ ကွန့်မြူးပြီး အဖာရာ ဗရပွ ဖာတစ်ရာဖိုလ် ဖြစ်နေပါပကောလားဗျာတို့ရဲ့။

'ကျုပ်ကိုလည်း ရှင်းပြကြပါဦး ကျောင်းဆရာတွေရဲ့။ ညတွင်းချင်းပဲ 'တောနတ္တိုရ်'က လေးနဲ့လာ 'ပစ်'တွားလို့လား။

'ဒါမှမဟုတ် ညတွင်းချင်း တောဆင်ရိုင်းက မုန်ယိုပြီး အလေလိုက်တွား တာကို ခံလိုက်ရလို့ မြင်မကောင်း ရှုမကောင်း ဖြစ်တွားရတာလား။

'ဒါ ဒါ ကျုပ်ကို တက်တက် အရှက်ခွဲတာ၊ လူတောထဲမှာ ကျုပ်မျက်နှာ ကို မည်းအောင်လုပ်တာ'

ဆရာတော်ကလည်း ဘိုးလေးဖိုးသစ်ကို ဝင်ထိန်း၍-

'မျက်နှာကို အိုးမဲတုတ်တာပါ မောင်ဖိုးတစ်ရဲ့၊ ကဲ ကဲ စိတ်ကိုလည်း ထိန်း စမ်းပါဦး၊ အနိစ္စတရားဆိုတာ မြဲတယ်မှမရှိဘဲ ဒကာကြီးရဲ့'

မရပါ။ ဘိုးလေးဖိုးသစ်ကိုတော့ အခုအချိန် သိကြားမင်း ဆင်းလာပြီး တရားချလျှင်တောင် ရနိုင်စရာအကြောင်း မရှိတော့ပါ။

ငွေခါးပတ်ခေါင်းဖြင့် အသေအချာပတ်ထားသော ရေညှိရောင် ဘန်ကောက်ပုဆိုးကြီးကို ဒူးပေါ်ပေါင်ပေါ်မ၍ ဆင်ရုပ်ကြီးရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း-

'အိုဗျာ၊ အိုးမဲ တုတ်တုတ်၊ ကဗ္ဗရာတုတ်တုတ် 'မည်း' တာက အဓိကပဲ။ ဆရာတော်ကိုတော့ ဦးတင်ပါရဲ့ဘုရား။ ဘယ့်နှယ်ဗျာ၊ ညကပြောတော့ ဆင်မင်းကြီးက မိုးပေါ်ပျံတော့မယ့်အတိုင်းပဲတဲ့။ အခုတော့ ထ ထ,ပြီး ကန်ချင်စရာ ကောင်းနေပြီဗျ။

'အနိစ္စကလည်း ညတွင်းချင်းကိုပါပဲလား။ ရှက်တယ်၊ ရှက်တယ်၊ တိပ်တိပ်ပြီး ရှက်ဖို့ကောင်းတာပဲ။

'ကျုပ် တစ်ခုပဲပြောမယ်။ အခုကတော့ အချိန်မရှိတော့ဘူး၊ အခုပုံအတိုင်း ရှင်လောင်းလှည့်ရတော့မှာပဲ။

'ဒါပေမဲ့ နေ့လယ် တရားနာအပြီးမှာ ကိုရင်တွေနဲ့ ဆရာတော်ကို ပန်းရထားပေါ်တင်ပြီး တစ်ခါပြန်လှည့်ဦးမယ်။

'အဲဒီအချိန်အတွင်းမှာ ဒီဆင်ကြီးကို ရအောင်ပြင်ပေးပါ။ ပြင်မပေးနိုင်ရင်တော့ ဆရာလေးတို့ကို ပေးစရာရှိတဲ့ငွေ တစ်ပြားမှ မပေးဘူး'

ပြောပြောဆိုဆို ဘိုးလေးဖိုးသစ် ထွက်သွားသည်။

ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာလည်း ညတွင်းချင်း ဘဝပြောင်းသွားသော ဆဒ္ဒန်ဆင်မင်းကြီးကို ကြည့်ရင်း အံ့အားသင့်နေကြစဉ် ဘိုးလေးဖိုးသစ်၏ နောက်ဆုံးစကားကြောင့် ကျွန်တော်တို့နှစ်ဦး ငုတ်တုတ်မေ့သွားလေတော့သည်။

ထိုစဉ် ဓာတ်ပုံဆရာက အနားကပ်လာပြီး မဝံ့မရဲ လေသံဖြင့်-

'ဘယ် ဘယ်လိုမှ မအောက်မေ့ပါနဲ့ ဆရာလေးရယ်၊ ရှင်လောင်းတွေနဲ့ ကွမ်းတောင်ပန်းတောင်ကိုင်တွေကိုတော့ ပန်းရထားကို နောက်ခံထားပြီး ပုံစံအမျိုးမျိုးနဲ့ ဓာတ်ပုံရိုက်လို့ရပါတယ်။ အဲ အဲ သူတို့တွေနဲ့အတူ အပြင်လူတွေကပါ ဆင်ရုပ်ကြီးနဲ့ ဓာတ်ပုံရိုက်ပေးပါဆိုပြီး စရန်တွေပေးထားကြတာ အများကြီးပဲ။ အဲ အဲ အားတော့နာပါရဲ့၊ ဒီဆင်ကြီးကို ဘယ်ရှုထောင့်က ရိုက်ရင်ကောင်းမလဲလို့ ဆရာလေးတို့ကို အကြံဉာဏ် လာတောင်းတာပါ'

ထင်ကျော်ဦးက ဒေါသစိတ်ကို ကြိတ်မှိတ်၍ မျိုသိပ်ရင်း-

'အဲဒီလူတွေကို ဒီဆင်ကြီးရဲ့ အမြီးမှာ ယီးလေးခိုစီးခိုင်းပြီး ရိုက်ပေးလိုက်ဗျို့'

ဟု ပြောဆိုကာ အနားတွင် ယောင်ပေပေလုပ်နေသော ကြည်မြင့်၏ လည်ကုပ်ကိုဆွဲ၍ လူရှင်းသော မဏ္ဍပ်နောက်သို့ခေါ်လာပြီး အကြောင်းစုံကို မေးမြန်း

ရလေတော့သည်။

မျက်နှာပင် သစ်ရသေးပုံမပေါ်သော၊ အရက်နံ့၊ ခေါင်နံ့၊ ချွေးနံ့ အနံ့ပေါင်းစုံ တထောင်းထောင်းထ,နေသော ကြည်မြင့်က မျက်ရည်လေး တလည်လည်ဖြင့်-

'..... အဖြစ်ကတော့ ဒါပါပဲ ဆရာလေးရယ်။ ကျွန်တော့်မှာ အခုအချိန် ထိ မအိပ်ရသေးပါဘူး။ သစ်စခန်းကို ပြန်ရောက်ကတည်းက ဆင်ရုပ်ကြီးကို ဖာထေးနေရပါတယ်။

'အမှောင်ထဲမှာ မီးတုတ်အလင်းရောင်နဲ့ လုပ်ရတော့ ဆေးရောင်တွေ ကလည်း ရောပြီးနေတာ။ ညက အမှောင်ထဲတုန်းက တစ်ရောင်၊ မနက် မိုးလင်း နေထွက်လာတော့ တစ်ရောင် ဖြစ်ကုန်တာပေါ့။ တတ်နိုင်သမျှ ဆင်ရုပ်ကြီးကို ဖာထေးပေမဲ့ အစွယ်နဲ့ နားရွက်ကတော့ လုံးဝ မထိရဲလို့ ဒီအတိုင်းထားလိုက်ရတာပါ။

'အမြီးကလည်း ချည်စရာ နှောင်စရာ အတွင်းက အငုတ်ကို မရှိတော့လို့ ဖြစ်သလို ကော်နဲ့ကပ်ပြီး ဖာထေးထားရတာပါ။

'နောက်ပြီး ညက လှိုဏ်ထဲမှာ မမြင်မစမ်းနဲ့ မောင်းဝင်ရတော့ သစ်ကိုင်းတွေ နဲ့ ငြိပြီး ကော်ဇောတစ်ချပ်ဟာလည်း ဘယ်မှာကျနေခဲ့မှန်း မသိခဲ့ပါဘူး။

'ကျွန်တော့်အပြစ်ပါ၊ ကျွန်တော့်ကိုသာ ကြိုက်သလို အပြစ်ပေးကြပါတော့ ဗျာ။ အီး... အီး... ရှုတ်'

ထင်ကျော်ဦးက 'တောက်'ခေါက်ရင်း-

'တောက်။ ငါက ကွကြီးအကြောင်းကိုသိလို့၊ အားနာတတ်တဲ့ မင်းရဲ့ အကြောင်းကိုလည်းသိလို့ ထွန်စက်သော့ကို ငါကိုယ်တိုင် သိမ်းခဲ့တာကွ။ အဲဒါကို မင်းက ဆယ်ပြားစေ့နဲ့ရအောင် ဖွင့်ပြီး မောင်းတယ်၊ ကောင်းကွာ။ ဘယ်မလဲ ဟို ကောင် ကွကြီး'

'ကွကြီး၊ ကွကြီးက သစ်စခန်းကို ပြန်ရောက်ကတည်းက ခဏလေးဆိုပြီး သူ့ကောင်မလေးလက်ကိုဆွဲပြီး ထွက်သွားလိုက်တာ အခုအထိကို မတွေ့ရသေးပါဘူး ဆရာလေးတို့ရယ်။ အီး... အီး...'

ကျွန်တော်က စိတ်မကောင်းစွာဖြင့် ထင်ကျော်ဦး ပခုံးကို ပုတ်လိုက်ပြီး-

'ကဲကွာ အချိန်လည်း မရှိတော့ပါဘူး၊ ရှင်လောင်းတွေကိုတင်ပြီး ရွာကို လှည့်ပေတော့။ ပြီးရင် ရွာဦးဘုန်းကြီးကျောင်းပင်ကိုသွားပြီး နတ်ပြကွာ။ အပြန်မှာ ရှင်လောင်း တွေကို မဏ္ဍပ်မှာချခဲ့ပြီး ထွန်စက်ကြီးကို ငါတို့အိမ်ရှေ့ မောင်းလာခဲ့။

'အဲဒီတော့မှ အကောင်းတိုင်းဖြစ်အောင် ငါ ပြင်ပေးပါ့မယ်၊ သွား သွား သွားတော့'

ထင်ကျော်ဦးနှင့် ကြည်မြင့် ထွက်သွားစဉ် ကျွန်တော်လည်း အိမ်သို့ပြေ

ကာ ဆင်ကြီးအတွက် အသုံးပြုရမည့် ပစ္စည်းများကို ပြင်ဆင်ရလေတော့သည်။

ထင်ကျော်ဦးကတော့ ရှေ့မျက်နှာကို ရှေ့မှာပဲထား၍ ရုက်ကြောက်အား ပိုပိုဖြင့် ရှင်လောင်းလှည့်ပွဲ ပါသွားသည်ကို မြင်လိုက်ရသည်။

ကောက်ညှင်းဆန်ကို အမြန်ဆုံးထောင်း၍ ရေနွေးဖြင့် ကျိုကာ ကော်လုပ်ခြင်း၊ မြေဖြူခဲများကို ထောင်း၍ ရေဖျော်ကာ ဆေးဖြူလုပ်ခြင်း၊ ခတ်ခဲထဲမှ ကာဗွန်မှုန့်များကို ရေဖြင့်ဖျော်ကာ ဆေးအနက်လုပ်ခြင်း၊ ကျောင်းသားများ၏ အဖြေလွှာစာရွက် အဟောင်းများထဲမှ အလွတ်ဖြစ်သော နောက်ကျောဘက်အဖုံးများကို ဖြုတ်ယူခြင်း၊ ရောင်စုံမြေဖြူများကိုလည်း ရှာ၍ ဆေးရောင်စုံဖြစ်အောင်လုပ်ခြင်း စသည် စသည် လုပ်ငန်းများဖြင့် ကျွန်တော့်မှာ ယားလို့ဖြင့် မကုတ်အားနိုင်အောင် အလုပ်ရှုပ်နေချိန်တွင် ရှင်လောင်းအဖွဲ့ကတော့ ရွာကိုပတ်ပြီး၍ ရွာပြင်သို့ နတ်ပြအောင် ထွက်ခွာသွားလေတော့သည်။

အလုပ်ထဲသို့ စိတ်ဝင်စားနေစဉ် ကျွန်တော့်အိမ်ထဲသို့ လူသုံးယောက် ဝင်လာသဖြင့် မော့ကြည့်လိုက်ရာ-

'ဟာ ရဲဘော်ဌေးကြီးပါလား၊ ဘာလဲ အလှူမှာ လာဝါး တာလား'

ကျွန်တော်တို့နှင့် ကျောင်းနေဖက် သူငယ်ချင်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ဌေးဝင်းနှင့်အတူ ရဲသားနှစ်ဦးကို တွေ့လိုက်ရ၍ ကျွန်တော်လည်း အံ့အားသင့်စွာဖြင့် နှုတ်ဆက်လိုက်သည်။

ရဲတပ်ကြပ်ကြီး ဌေးဝင်းက ခုံပေါ်တွင် ဝင်ထိုင်လိုက်ရင်း-

'အခု အလှူက ဘယ်သူ့အလှူလဲကွ'

'ဘိုးလေးဖိုးသစ်ရဲ့ အလှူလေကွာ၊ မင်းတို့က အလှူကိုလာတာ မဟုတ်ဘူးလား'

'ငါက အလှူကိုလာတာ မဟုတ်ဘူး၊ ဘိုးလေးဖိုးသစ်ဆီကို လာတာ။ ဒုက္ခပါပဲကွာ၊ သူ့အလှူကြီးနဲ့ လာတိုးနေတယ်'

'ဘာဒုက္ခလဲကွ၊ ဘာပြုလို့လဲ'

ဌေးကြီးက သက်ပြင်းချ၍ ခေါင်းကုတ်ရင်း-

'ဘာပြုရမှာလဲ၊ ဟိုနွားခိုးတဲ့ကိစ္စမှာ သူက သူခိုးလက်ခံဖြစ်နေတာ။ အဲဒါ မေးဖို့၊ မြန်းဖို့ ကိစ္စရှိလို့ မြို့နယ်ရဲစခန်းကနေ သူ့ကိုအခေါ်ခိုင်းလိုက်လို့ပေါ့'

ကျွန်တော့်မှာ ဟာခနဲဖြစ်သွားပြီး ဌေးကြီးကို စိုက်ကြည့်နေမိတော့သည်။

ဌေးဝင်းက ဆေးပေါ့လိပ်ကို မီးညှိရင်း-

'ငါ့ကို စိုက်ကြည့်မနေနဲ့။ အခုညနေ လမ်းပေါက်ကိုရောက်မှ ဖြစ်မှာ'

ကျွန်တော်လည်း ဘိုးလေးဖိုးသစ်အတွက် စိတ်ပူသွားသဖြင့်-

'ဒီ ဒီမယ် သူငယ်ချင်းရာ၊ နောက်မှ လာခေါ်လို့ မရဘူးလား'

'မဖြစ်ဘူးကွ။ သူ့အမှုက ငါတို့စခန်းမှာ အမှုဖွင့်ထားတာ။ အခု နွားတွေ ပြန်ရကြောင်း သတင်းထပ်ပို့တော့ ဘိုးလေးဖိုးသစ်ကို ခေါ်ပြီး မေးမြန်းရမှာပေါ့။ သူ့ကိုမေးမြန်းပြီးမှ နွားသူခိုးတွေကို ဖော်ထုတ်ရမယ်လေကွာ'

'ဒီမှာတင် မေးလို့မြန်းလို့ မရဘူးလားကွာ'

'ဘယ်ရမလဲကွ။ နွားခိုးတတ်တဲ့လူတွေရဲ့ ဓာတ်ပုံတွေ ဘာတွေကို ပြရဦးမှာ။ ပြီးတော့ ဟာကွာ ငါတို့လုပ်နည်း၊ လုပ်ဟန်တွေကို မင်းကိုရှင်းပြနေလည်း မင်း နားလည်မှာ မဟုတ်ပါဘူးကွာ။

'ငါ့တာဝန်အရ ဘိုးလေးဖိုးသစ်ကို ဒီနေ့ညနေ လမ်းပေါက်ကို အရောက် ခေါ်သွားရမှာ။

'ဒီမှာကလည်း သူ့အလှူကြီးနဲ့ဆိုတော့ ငါတော့ အားနာတယ်ကွာ။ ဘာလုပ် ရမှန်းမသိလို့ မင်းတို့ ကျောင်းဆရာနှစ်ယောက်ဆီ ဝင်လာတာကွ'

ကျွန်တော်လည်း အပြင်းအထန် စဉ်းစားပြီး-

'အခုညနေ လမ်းပေါက်ကို ဘိုးလေးဖိုးသစ် ရောက်လာရင် ပြီးရောမဟုတ် လား'

'အေး၊ မနက်အစောကြီး ငါ့နာရီကားနဲ့ ဘိုးလေးဖိုးသစ်ကို ငါတို့တွေ မြို့ကို ခေါ်သွားရမှာ'

'ဟုတ်ပြီ။ ဒီတော့ ဒီလိုလုပ်ကွာ။ အခုကိစ္စကို ဘယ်သူမှ မသိပါစေနဲ့ဦး။ မင်းတို့တွေ လမ်းပေါက်ကိုသွားနှင့်ကွာ၊ ထမင်းကိစ္စ ငါစီစဉ်ပေးမယ်။ ဘိုးလေး ဖိုးသစ်ကိုတော့ သူ့အလှူမှာ စိတ်အေးလက်အေး ရေစက်ချပါစေဦး။ ရေစက်ချပြီးတာ နဲ့ ဒီကိစ္စကို ဘိုးလေးဖိုးသစ်ကို ရှင်းပြပြီးရင် ငါကိုယ်တိုင် ထွန်စက်ကြီးနဲ့ ဘိုးလေး ဖိုးသစ်ကို လမ်းပေါက်အရောက် လိုက်ပို့ပေးမယ်ကွာ၊ ဖြစ်မလား'

'ထမင်းက မလိုပါဘူး၊ စီစဉ်မနေနဲ့။ ဒါပေမဲ့ အခုကိစ္စကိုတော့ ဒီရွာက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကိုလည်း သတင်းပို့ရဦးမှာ'

'အဲဒီကိစ္စတွေ အားလုံး ငါ့တာဝန်ထားလိုက်။ ငါလုပ်ထားလိုက်မယ်။ ငါ တာဝန်ယူပါတယ်ကွ။ မင်းအနေနဲ့ အဲဒီလောက်တော့ ကူညီပါကွာ'

ရဲတပ်ကြပ်ကြီး ဌေးဝင်း ငိုင်နေသည်။ ခဏကြာမှ-

'ကောင်းပြီလေ။ ဒီက ကိစ္စတွေ ပြီးရင်သာ ဘိုးလေးဖိုးသစ်ကို လမ်းပေါက် အရောက် မင်းတို့လိုက်ပို့လိုက်။ တော်တော်ကြာ ဘိုးလေးဖိုးသစ် ပေါ်မလာရင် ငါအလုပ်ပြုတ်မှာနော်။ ရောက်အောင်တော့ ပို့လိုက်ကြပါကွာ'

ကျွန်တော်လည်း ဝမ်းသာအားရကြီးဖြင့်-

'ဝန်ထမ်းအချင်းချင်းပဲ ငါ နားလည်ပါတယ်ကွာ။ မင်းအလုပ်ထိခိုက်အောင် ငါမလုပ်ပါဘူး။ မင်း အခုလို ကူညီတာကိုပဲ ကျေးဇူးတင်လှပြီ'

'ကဲ ဒါဆို ငါတို့သွားတော့မယ်'

ပြောပြောဆိုဆို ဗွေးကြီးက ထိုင်ရာမှ ထ,လိုက်ပြီးမှ-

'ဒါနဲ့ ဘယ်က ထွန်စက်နဲ့ ဘယ်သူက မောင်းပို့မှာလဲ၊ မင်းလည်း လိုက်ခဲ့ဦးနော်'

'ငါ့ထွန်စက်ပါကွ။ ငါကိုယ်တိုင်မောင်းပြီး လိုက်ပို့မှာပါ။ မင်း စိတ်သာချနေ'

ဗွေးဝင်းတို့ ထွက်သွားသောအခါ ကျွန်တော့်မှာ ဒူးတုန်လာပြီး ခေါင်းများမူးဝေလာသည့်အတွက် ပက်လက်ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ရင်း အသက်ကိုမှန်မှန်ရှူနေရသည်။

ဘိုးလေးဖိုးသစ်တစ်ယောက် သူ့အလှူတွင် စိတ်အေးချမ်းသာစွာ ရေစက်ချခွင့်ရသည့်အတွက်လည်း ဗွေးကြီးတို့အား မချိမဆုံ ကျေးဇူးတင်မိပါသည်။

ဤကိစ္စ အဝဝကိုလည်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ထင်ကျော်ဦးတို့အား သတင်းပေးမှ ဖြစ်လိမ့်မည်။ ထို့ကြောင့် ခေါင်းအမူးပြေသောအခါ ပက်လက်ကုလားထိုင်မှ ထ,၍ အိမ်ရှေ့သို့အထွက်-

ထင်ကျော်ဦး၊ ကြည်မြင့်၊ ချစ်အောင်နှင့် မျိုးထွဋ်တို့သားအဖ အပြေးအလွှားဖြင့် အိမ်ထဲဝင်လာကြသည်။

အိမ်ထဲသို့ ရောက်ရောက်ချင်း-

'ငါတော့ သေသာ သေလိုက်ချင်တော့တာပါပဲကွာ'

ဟု ထင်ကျော်ဦးက ညည်းညူရင်း ရေတစ်ခွက်ကို ခပ်သောက်နေသဖြင့် ကျွန်တော်လည်း ရင်ဖိရင်း-

'ဘာ ဘာဖြစ်လာပြန်ပြီလဲ'

'ကြည်မြင့် မျက်နှာငယ်လေးဖြင့်-

'ထွန်စက်က တစ်ညလုံးမောင်းထားတာဆိုတော့ ဆီကုန်သွားလို့၊ အဲဒါ ရှင်လောင်းတွေတော့ ရွာဦးညောင်ပင်အောက်မှာ စောင့်ရင် ကျန်နေခဲ့တယ်'

ကြည်မြင့်စကားကြောင့် ကျွန်တော်လည်း ပက်လက်ကုလားထိုင်ပေါ်သို့ အမြန်ပြေး၍ ထိုင်ချလိုက်ရင်း စိတ်အတွင်း၌လည်း...

အိုးမဲအသုတ်ခံထားရသော ဘိုးလေးဖိုးသစ်၏ မျက်နှာပေါ်သို့ ကတ္တရာပုံးမှောက်ကျသွားသကဲ့သို့ ဖြစ်ပေပြီ။ နှစ်ခါကွဲတဲ့အရှက် မရှက်ဘဲရှိပါ့မလားဟု ဘိုးလေးဖိုးသစ် ကိုယ်စား ခံစားမိသောကြောင့် အာခေါင်လည်း ခြောက်ကပ်လာ၍

စကားပင် ပြောချင်စိတ် မရှိတော့ပါ။

ထင်ကျော်ဦးက ရေခွက်ကို ဆောင့်ချလိုက်ပြီး-

'ကဲ ကြည်မြင့်၊ ချစ်အောင်နဲ့ မျိုးထွင့်တို့သားအဖကို ခေါ်သွား'သခွတ်ရင်း' ရွာက ဆရာဘကြည်ဆီမှာ ငါတို့ကဆိုပြီး ဒီဇယ်တစ်ဂါလန်ချေးလာခဲ့'

ပလတ်စတစ်ပုံး အလွတ်ကိုယူ၍ ထွက်သွားကြတော့မည့် ကြည်မြင့်တို့ကို ကျွန်တော်က လှမ်းတားလိုက်ရင်း-

'ဟဲ့ ကြည်မြင့်၊ တို့ရွာကနေ လမ်းပေါက်ကို အသွားအပြန် မိုင်နှစ်ဆယ် လောက်ရှိမယ်။ အဲဒါကို ထွန်စက်နဲ့သွားရင် ဆီဘယ်လောက်ကုန်မလဲ'

'နှစ်ဂါလန်ပျော့ပျော့တော့ ကုန်မှာပဲ'

'အေး၊ ဒါဆိုရင် တစ်ခါတည်း သုံးဂါလန်၊ လေးဂါလန်လောက်သာ ချေးခဲ့ကွာ၊ ကိုဘကြည်ဆီမှာလည်း ပုံးအလွတ်တွေရှိတယ်'

ထင်ကျော်ဦးက ကျွန်တော့်ကို ပခုံးတွန့်ပြရင်း-

'ဒီမယ် သူငယ်ချင်း၊ ဒီဇယ်တစ်ဂါလန်ကို 'တစ်ရာ့တစ်ဆယ်'တောင်ရှိ တယ်။ လေးဂါလန်ဆို လေးရာ့လေးဆယ် ပေးရမှာနော်။ အခုဆီဖိုးကို ဘိုးလေးဖိုးသစ် က ပေးမှာမဟုတ်ဘူး၊ မင်းနဲ့ငါနဲ့ပဲ ခံရမှာ။

'ကျောင်းဆရာ လခကလေးက ခုနစ်ရာ့ငါးဆယ်ပဲရတာ၊ တစ်လလုံး ဗိုက်မှောက်နေရတော့မယ် ဆိုတာကိုလည်း သဘောပေါက်ဦး'

အလိုလိုမှ ငါ့မှာ ပိုးကြေးပန်းကြေးအတွက် ပွဲထိုင်ဝတ်စုံ ငှားခလေးများ ကာမိမလားဆိုပြီး ဆင်ရပ်လုပ်မိပါတယ်ကွာ၊ တောက်…ဆင်နင်းခံရကိန်းနဲ့ လာကြုံ နေတယ်။ နေပါဦး၊ မင်းက အလျှပြီးပြီးချင်း မြို့ကိုတန်းလစ်တော့မှာမို့ အပိုဒီဇယ်ထပ် ဝယ်နိုင်းတာလား၊ မင်း ရက်လို့ မြို့ကိုသွားရောင်နေချင်တယ်ဆိုရင်လည်း ထွန်စက် ကြီးတော့ မသုံးပါနဲ့၊ လှည်းနဲ့ ငါလိုက်ပို့ပါမယ်'

'ဂလု'ခနဲ မြည်အောင် တံတွေးကို မျိုချလိုက်ပြီးနောက် ငွေကြီးတို့အဖွဲ့ လာသွားသည်မှစ၍ ဖြစ်ကြောင်းရယ်ကုန်စင်ကို ရှင်းပြလိုက်ရာ အားလုံး အံ့အား သင့်၍ ငြိမ်သက်သွားကြသည်။

ထင်ကျော်ဦးက ဆေးပေါ့လိပ်တိုကို မီးခိုးတထောင်းထောင်းထ,အောင် ဖွာရှိုက်၍ စဉ်းစားနေသည်။ ခဏကြာမှ-

'ကဲ ကြည်မြင့်၊ ဒီကိစ္စအားလုံးကို ဘယ်သူမှမသိစေနဲ့။ ဟိုသားအဖနှစ် ယောက်လည်း ပါးစပ်ကိုပိတ်ထားကြ။ သွား၊ ဒီဇယ်ကို ရသလောက်သာ ရှာခဲ့ပေ တော့။ တစ်လက်စတည်း ကာလသားခေါင်း ထိပ်ဖြူကြီးကိုရှာပြီး ရွာဦးဘောင်ပင် ကနေ မဏ္ဍပ်အရောက် ထမ်းသာ ပို့လိုက်ကြလို့ ဝင်ပြောခဲ့ကြဦး၊ သွားတော့'

ကြည်မြင့်တို့ ထွက်သွားပြီးနောက် ထင်ကျော်ဦးက ဆေးလိပ်တိုကို မီးငြိမ်းလိုက်ရင်း-

'မြို့ကိုတော့ ငါကိုယ်တိုင်လိုက်သွားမှ ဖြစ်မယ်ကွ။ ဒါမှ ဘိုးလေးဖိုးသစ်လည်း အားရှိသွားမယ်။ ပြီးတော့ ရှင်လောင်းဝတ်စုံတွေနဲ့ မလှဲအတွက် ပွားပေးထားတဲ့ အင်္ကျီနဲ့လုံချည်တွေပါ မြို့မှာ တစ်ခါတည်း ပြန်အပ်ခဲ့တော့မယ်။ အဲဒါကြောင့် ညနေကျရင် ပစ္စည်းတွေလာပို့ပါဆိုပြီး မလှဲကို သွားပြောထားမှဖြစ်မယ်။

'ကဲ ငါသွားမယ်၊ ရှင်လောင်းတွေ မထွာပ်ကိုပြန်သယ်ဖို့ကိစ္စနဲ့ ဟိုကိစ္စကိုလည်း ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကိုရှာပြီး သိုသိုသိပ်သိပ် သတင်းပေးထားရမယ်ဟေ့'

ထင်ကြီးက ရေတစ်ခွက် ထပ်သောက်လိုက်စဉ် ကျွန်တော်လည်း ပက်လက်ကုလားထိုင်မှ ထ၍ သူ့ဆီမှ ရေခွက်ကိုယူကာ ရေတစ်ခွက် ခပ်သောက်ရင်း-

'ဒါဆိုလည်း ပြီးရောပေါ့ကွာ၊ ဆင်ရုပ်ကြီးကို ငါဖျက်ပြီးထားလိုက်မယ်'

ထင်ကျော်ဦးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြရင်း-

'ဆင်ရုပ်ကြီးကို ဖျက်ဆီးရတာ လွယ်တယ်၊ နာရီဝက်တောင်ကြာမှာ မဟုတ်ဘူး။ မင်းတာဝန်က ဆင်ရုပ်ကြီးကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ပြင်ရမှာပဲ။ အကောင်းအတိုင်း ဖြစ်အောင်သာ ပြင်ကွာ။ အလှူပြီးရင် ဆရာတော်နဲ့ ကိုရင်တွေကို တင်ပြီး ရွာထဲမှာ လှည့်ရဦးမယ်'

'ဟ ဘာပြုလို့ လှည့်နေရဦးမှာလဲ၊ လမ်းပေါက်ကို သွားဖို့က အရေးကြီးနေတာကြီးကို'

'ဘိုးလေးဖိုးသစ်က တကယ် ကတိတည်တဲ့သူကွ။ သူ့မြေး ကိုရင်တွေနဲ့ ဆရာတော်ကိုသာ ဆင်ရုပ်ကောင်းကောင်းနဲ့ လှည့်ခွင့်ရရင် ငါတို့ကို ပေးစရာရှိတဲ့ ငွေတစ်ထောင်ကိုပေးမှာ အမှန်ပဲ။

'အဲဒီငွေတစ်ထောင်ရမှ ဆီတစ်ဂါလန်ဖိုးကို ငါတို့က ဒကာခံမယ်၊ ကုန်တဲ့ ဆီဖိုးကို သူ့ကိုခံနိုင်းပြီးမှ လမ်းပေါက်ကို လိုက်ပို့ရုံပဲ'

'ဟာကွာ မဟုတ်တာ၊ မင်းဟာကလည်း'

'ဘာမဟုတ်ရမှာလဲ။ ဒီဆင်ရုပ်ကြီးကို ဖျက်ဆီးတာ သူ့သား ကွကြီးပဲ။ ငါတို့ကြောင့်မှ မဟုတ်တာ။ ဒီတော့ ဆင်ဖိုးကို ရမှကိုဖြစ်မယ်။

'ဒီဆင်ဖိုးကိုရမှ ပေါင်ထားတဲ့ မင်းလက်စွပ်ကို ပြန်ရွေးနိုင်မှာ။ ကဲ ကြာတယ်၊ မင်းရဲ့ ပစ္စည်းတွေကိုယူကွာ၊ ရွာဦးညောင်ပင်အောက်မှာသွားပြီး ဆင်ရုပ်ကြီးကိုပြင်တော့။ ငါလည်း မလှဲဆီကို ပြေးလိုက်ဦးမယ်။ ပြီးရင် မင်းဆီကို လာပြီး ကူမယ်၊ သွားပြီဟေ့'

နေမွန်းလွဲသွားချိန်တွင် ဆင်ရုပ်ကြီးမှာ အကောင်းအတိုင်းဖြစ်၍ လာပေပြီ။

ဆင်၏ နောက်ခြေထောက်ကို ဆေးဖြူသုတ်နေချိန်တွင် ထင်ကျော်ဦး ရောက်လာသည်။

'ငါလည်း အခုမှ အားတယ်ကွာ၊ ရော့၊ မင်းဖို့ ထမင်းထည့်လာခဲ့တယ်'

'ချထားလိုက်ကွာ၊ ပြီးခါနီးပြီ၊ ပြီးမှပဲ စားတော့မယ်'

ထင်ကျော်ဦးက ညောင်မြစ်ကြီးပေါ်တွင် ထိုင်လိုက်ပြီး သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ရင်း-

'သခွတ်ရင်းက ဆရာဘကြည်ဆီမှာ ဒီဇယ်ကုန်နေလို့ မဒိုင်းက ဆရာကျောက်စိမ်းအိမ်မှာ ဒီဇယ်သွားယူနေကြတယ်၊ ဒီကို လာပို့လိမ့်မယ်။

'အင်း ချစ်အောင်တို့ သားအဖကလည်းကွာ သေသေချာချာ ပိတ်ထားတဲ့ကြားက ဘိုးလေးဖိုးသစ်ကို သေသေချာချာရှာပြီး ပြောလိုက်တယ်ကွာ။

'အခု အဘိုးကြီးက သူ့ကိစ္စကို သိသွားပြီး အူယားဖားယားနဲ့ ပြေးလာပြီး ငါ့ကိုလာမေးနေလို့ဟေ့။

'ငါကလည်း ဒီကိစ္စဟာ ကိုယ်တိုင်ခိုးတာလည်း မဟုတ်ဘူး။ ပြီးတော့ ခိုးတာမှန်းမသိလို့ ဝယ်မိတာပဲ။ သေသေချာချာ ရှင်းပြရင် ရပါတယ်။ ရဲက ခေါ်တာကလည်း နွားသူခိုးတွေအကြောင်း မေးချင်လို့၊ နွားသူခိုးတွေရဲ့ ဓာတ်ပုံတွေပြချင်လို့ ခေါ်တာနေမှာပါ။ ဒါကြောင့် အလှူမှာ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ရေစက်ချပါ။ ပြီးရင် ကိုရင်တွေနဲ့ ဆရာတော်ကို ဆင်ဆွဲတဲ့ ပန်းရထားကြီးပေါ်တင်ပြီး ရွာထဲကို စိတ်အေးလက်အေး လှည့်ကြပတ်ကြပါဦး။

'အလှူကိစ္စအဝဝတွေပြီးမှ လမ်းပေါက်ကို သွားကြတာပေါ့။ ကျွန်တော်ပါ မြို့ကိုလိုက်ခဲ့ပါ့မယ်ဆိုပြီး မနည်း နားချရတယ်ဟေ့။ အဘိုးကြီးတော့ သနားပါတယ်ကွာ'

ကျွန်တော်က ဆေးပုံးကိုချပြီး ထမင်းချိုင့်ကို ဖွင့်ရင်း-

'မင်းသနားတာ ငါသိပါတယ် ထင်ကျော်ဦးရယ်'

'ဟား ဟား ဟား၊ ဘိုးလေးဖိုးသစ်က ကိုရင်တွေနဲ့ လှည့်ဖို့လည်း သဘောတူတယ်၊ ငွေတစ်ထောင်ကိုရော အခုကုန်မယ့် ဒီဇယ်ဖိုးတွေ အားလုံးကိုရော ပေးမယ်လို့လည်း ပြောတယ်ကွ။

'ဟော ဗြောတီးသံကြားရပြီ၊ တရားပွဲစ ,တော့မယ်ထင်တယ်။ ငါလည်း မဏ္ဍပ်ကို ပြေးလိုက်ဦးမယ်ဟေ့။ ဆင်ကြီးကို ပြီးအောင်သာ လုပ်ထားလိုက်ပေတော့'

တရားပွဲပြီး၍ အမျှဝေသံ၊ သာဓုခေါ်သံအဆုံး ဗြောစည်တီးသံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဆဒ္ဒန်ဆင်မင်းကြီးဆွဲသော နတ်ပန်းရထားကြီးက မဏ္ဍပ်ရှေ့သို့ အချိန်မီရောက်ရှိ ထိုးဆိုက်လာသည်။

မဏ္ဍာပ်အတွင်းမှာ ထွက်လာကြသော ပရိသတ်အပေါင်းမှာ ကျွန်တော်တို့၏ နောက်ဆုံးပေါ် လက်(စ)မော်ဒယ် Last Model ဖြစ်သော ဆင်မင်းကြီးကို အရှင်လတ်လတ်ကြီး တွေ့မြင်လိုက်ရ၍ ရုတ်ရုတ်သဲသဲဖြင့် အုံ့ညချီးမွမ်းသံကြီးများက မိုးအထိ လျှံသွားသည်။

ဆင်လှည်းကြီးကို ဝိုင်းပတ်၍ ကြည့်ရှုကြရင်း-

'ဟာ လှလိုက်တဲ့ ဆင်ကြီးကွာ၊ နာဠာဂီရိမှ နာဠာဂီရိ အစစ်'

'ဘယ်ကလာ ဆဒ္ဒန်ဆင်မင်းကြီးပါကွ'

'အားပါးပါး ခေါင်းတုံးလုံးတာ ပါလို့ကတော့ကွာ တိကြားမင်းစီးတဲ့ ဧရာဝဏ်ဆင်လို့ ပြောရမှာအမှန်ပဲ'

'လှလိုက်တဲ့ ကကြိုးတန်ဆာတွေကလည်း ဒူးယားဘူးခွံထဲက ငွေရောင်စက္ကူတွေအတိုင်း တလက်လက်နဲ့ မျက်စိကို ကျိန်းစရာဟေ့'

'လှချက်ကတော့ ဟို နှာခေါင်းကြီးတဲ့ ဓာတ်ရှင်မင်းတားကို အစွယ်တပ်ပေးလိုက်ရင်တောင် ဒီလောက်လှမှာ မဟုတ်ဘူး'

'တွဲလျားကျနေတဲ့ အမြီးနဲ့ ဖင် အတစ်ကြီးတွေကလည်း တကယ် ဆင်ဖြူတော် အင်္ဂါနဲ့ ညီပါပေ့ကွာ'

စသည် စသည်ဖြင့် ပရိသတ်အပေါင်း၏ နှစ်ထောင်းအားရ ချီးမွမ်းသံများ အကြားတွင် အလွန်တင့်တယ်သော ဣန္ဒြေအပြည့်ဖြင့် မဏ္ဍာပ်ထဲမှ ထွက်လာသူတွေကတော့ ကျွန်တော်တို့ သင်္ကြယ်မြောင်၏ ဂုဏ်ထူးဆောင် ဘိုးလေးဖိုးသစ်ပင်ဖြစ်ဘိ၏။

ဆင်ဖြူတော်ကြီးကို ကိုယ့်'ရင်သွေး'နှင့်မခြား တစိမ့်စိမ့်ကြည့်ပြီး ဆရာတော်နှင့် သူ့မြေး ကိုရင်များကို ဆင်ဖြူတော်ကြီး၏ ရှေ့တွင် ရပ်စေ၍ သူ့ခေါင်းပေါင်းကိုလည်း ပြင်ပေါင်းလိုက်ရင်း-

'ကိုင်း... ဟို 'ဝင်းလိုက်'ဓာတ်ပုံဆိုင်က ဓာတ်ပုံဆရာတွေ ရိုက်စမ်း၊ ရိုက်လိုက်ကြစမ်း။ ဖလင်တစ်ခွေလုံးကုန်အောင် ရိုက်ပစ်လိုက်ကြစမ်း'

မျက်စိကျိန်းလောက်အောင် 'တဖျပ်ဖျပ်'ရိုက်လိုက်သော ဓာတ်ပုံမီးရောင်အောက်တွင် ဘိုးလေးဖိုးသစ်၏ မျက်နှာသည် ဂုဏ်ယူဝင့်ကြွားစွာဖြင့် နှုတ်ခမ်းကြီးနှစ်ဖက် နားရွက်တွင် ချိတ်လုအောင်ကို ပြုံးရွှင်နေပါသည်။

ထိုစဉ် မည်သည့်နေရာမှ ပေါ်ထွက်လာမှန်းမသိသော ရင်နှစ်သည်းချာ သားလှရတနာ ကွကြီးကလည်း ပြုံးရွှင်နေသော သူ့အဘ မျက်နှာကို မြင်လိုက်ရသဖြင့် အခွင့်ကောင်းကို လက်လွှတ်မခံဘဲ သူ၏ အသစ်စက်စက် ဇနီးချောလေး ပျိုအေးမိ၏ လက်ကိုဆွဲကာ ခပ်တည်တည်ဖြင့် ဝင်ရောက် ဓာတ်ပုံအရိုက်ခံနေလိုက်

သည်။

ဘိုးလေးဖိုးသစ်ကတော့ သူအလွန်လိုချင်သော ဂုဏ်၊ သူအလွန်ကြွားချင်သော ဆန္ဒအပေါင်း သပိတ်ဝင်အိတ်ဝင် ပြည့်ဝသွားသဖြင့်-

သူ့အား မြို့နယ်ရဲစခန်းတွင် အစစ်ဆေးခံရမည်ကိုလည်းကောင်း၊ သူ့သား ကွကြီးကိုလည်း ဆူဖို့ဆဲဖို့ကိုလည်းကောင်း အလျှင်း သတိမရတော့ပေ။

ထို့နောက် ဆရာတော်နှင့် သူ့မြေးကိုရင်များကို ပန်းရထားပေါ်ရှိ ရွှေထီးများ မိုးထားသော သလွန်ပေါ်တွင် နေရာချထားပေးလိုက်သည်နှင့် တစ်ပြိုင်နက် အလှူပွဲလာ ပရိသတ်အပေါင်းမှာ ကြိတ်ကြိတ်တိုး၍ တက်ကြလေတော့သည်။

ပီတိလွှမ်းနေသော ဘိုးလေးဖိုးသစ်က ကာလသားခေါင်း ထိပ်ဖြူကြီးအား-

'ထိပ်ဖြူကြီး ဟိုမှာထောင်ထားတဲ့ 'မီးတတ်'လှေကား တွားယူပြီး ဆင်ပေါ်ကို ထောင်ပေးစမ်း၊ ငါ ဆင်ပေါ်က လိုက်မယ်'

ဘိုးလေး၏ စကားကြောင့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦး ဘိုးလေးထံ အပြေးသွားရင်း-

'ဘိုးလေး ဘိုးလေး၊ နောက်က ပန်းရထားပေါ် သွားထိုင်လေ၊ ဘာလုပ်ဖို့ ဆင်ပေါ်တက်မှာတုံး'

'တစ်တက်နဲ့ တစ်ကိုယ် ကြုံတောင့်ကြုံခဲ အခွင့်အရေးမို့လို့ ဆရာတော်နဲ့ ကျုပ်မြေးကိုရင်တွေကို ကျုပ်ကိုယ်တိုင် ဆင်မင်းကို 'ချွန်း'တွင်းပြီး မောင်းပို့ချင်လို့ပါ ဆရာလေးတို့ရဲ့ ဟဲ ဟဲ ဟဲ'

'ဘယ်ဖြစ်မလဲ ဘိုးလေးရဲ့။ ခင်ဗျားက ဆင်လည်ကုပ်ကြီးကို ခွထိုင်ရင် ဆင်လည်ကပ်မှာရှိတဲ့ ထွန်စက်မီးခိုးခေါင်းတိုင်ကြီးအပေါ် ခွထိုင်ရမှာ။ တစ်ခါတည်း မီးခိုးမှိုင်းသင့်ပြီး မီးပုံးပျံလို မိုးပေါ်ပျံသွားလိမ့်မယ်'

'ဟာ…ဒါမျိုးမှ ဖိုးတစ်တို့က ကြိုက်တာဗျား။ တစ်ခါတည်း 'တာဝတိံသာ'ကို ရောက်တွားပါစေ ကြိုက်ပြီဗျို့၊ ဟဲ့ ထိပ်ဖြူကြီး လှေကားမြန်မြန်ယူခဲ့လေ'

ကြွားချင်ဝါချင် ဂုဏ်မင်နေသော ဘိုးလေးဖိုးသစ်၏ ဦးနှောက်ထဲတွင် စဉ်းစားဉာဏ်အနည်းငယ်မျှ ရှိပုံမရတော့ပေ။

ထို့ကြောင့် ကျွန်တော်က ဘိုးလေးဖိုးသစ်၏ လက်ကိုဆွဲပြီး လေသံခပ်တိုးတိုးဖြင့်-

'မရဘူး ဘိုးလေး၊ ခင်ဗျား ခန္ဓာကိုယ်ကြီးနဲ့ ဆင်ပေါ်တက်ထိုင်လို့ကတော့ ဆင်ကြီးဇက်ကျိုးကျသွားလိမ့်မယ်။ အရုပ်က နီးပြားနဲ့ စက္ကူတွေနဲ့ လုပ်ထားတာဗျ'

အခုအချိန်တွင် လူသာအသေခံမည် ဆင်ရုပ်ကိုတော့ အပျက်စီး မခံနိုင်သော

ဘိုးလေးက-

'ကဲ ကဲ ဒါဆို နောက်ကပဲ စီးပါတော့မယ်ဗျား'

ပြောပြောဆိုဆို ပန်းရထားဘက်သို့ သွားလိုက်ရာ-

'အမယ်လေးလေး ပန်းရထားပေါ်မှာလည်း ရွာရှိလူကုန် ရောက်နေပါရောလား၊ ဆင်းကြပါဦးဟ။ အဲဒီလောက်ကြီး စုပြုံတက်နေတော့ ဆင်မင်းကြီး ရုန်းနိုင်ပါတော့မလား'

ဟုတ်ပါသည်။ ရွာသူရွာသားအပေါင်းမှာလည်း ပန်းရထားပေါ်တွင် ခြေချစရာမရှိအောင် အပြည့်အသိပ် နေရာယူထားကြသလို တချို့ကလည်း ဆွဲရုန်း၍တက်တုန်းပဲ ရှိပါသေးသည်။

ပန်းရထားပေါ်ရှိ ပရိသတ်အပေါင်းက-

'ဘိုးလေးက အလှူမှာ ရှင်လောင်းလှည့်တုန်းက ရှင်လောင်းတွေနဲ့ စီးပြီးပြီပဲ၊ တော်ရောပေါ့။ ကျုပ်တို့က တစ်ခါမှ မစီးဖူးလို့ စီးချင်လို့ပါ'

'ဘိုးလေး ရိုက်ပြီးဆင်းခိုင်းမယ်ဆိုရင်တောင် ကျုပ်တို့က မဆင်းဘူးဗျို့။ တစ်တက်မှာ တစ်ခါတာကြုံရတာ စီးဖူးအောင်လို့ စီးရဦးမယ်'

'ဘိုးလေးရိုက်လို့ တေရင်လည်း ဒီအပေါ်ပဲ အတေခံတော့မယ် ဘိုးလေးရေ၊ လုံးဝ မဆင်းဘူးဗျို့'

ဘိုးလေးဖိုးသစ်သည် ပီတိလွှမ်းသောအပြုံးဖြင့် ပန်းရထားပေါ်ရှိ ပရိသတ်အပေါင်းအား ကြည့်ရှုရင်း-

'အိမ်း တစ်တက်နဲ့ တစ်ကိုယ်ဆိုတော့လည်း မဆင်းခိုင်းတော့ပါဘူးကွယ်။ ကဲ ကဲ လမ်းတာနည်းနည်း ဖယ်ပေး၊ ဘိုးလေးတက်ခဲ့မယ်။ မြေးကိုရင်ကို ဘိုးလေး ပေါင်ပေါ်မှာတင်စီးရင် ရပါတယ်ကွယ်'

ဘိုးလေးဖိုးသစ်က ပန်းရထားပေါ်အတက် အောက်ကလူများကလည်း ဝိုင်းဆွဲထားပြီး-

'ဘိုးလေး အဲဒီလိုကြီး မလုပ်ပါနဲ့၊ ကျုပ်တို့လည်း စီးချင်တာပေါ့'

'ဟုတ်တယ် ဘိုးလေးရဲ့။ အခု ပန်းရထားပေါ်မှာ ရှင်လောင်းလှည့်တုန်းက စီးပြီးတားတူတွေအများကြီးပဲ၊ တူတို့ကို ဆင်းခိုင်းလိုက်'

'ကျုပ်တို့လည်း စီးချင်တယ် ဘိုးလေးရဲ့၊ လုပ်ပေးပါ'

အပေါ်ကလူများက ဆွဲတင်၊ အောက်ကလူများက ဆွဲချဖြင့် လမ်းတစ်ဝက်တွင် တန်းလန်းကြီးဖြစ်နေသော ဘိုးလေးက-

'ဟဲ့ လွှတ်ကြပါဦး၊ ငါတေတော့မယ်၊ လွှတ်ကြပါဦးဟဲ့'

ဘိုးလေးဖိုးသစ်၏ ငယ်သံပါအောင် အော်သံကြောင့် အပေါ်နှင့်အောက်ရှိ

လူအားလုံးက လွှတ်ချလိုက်ရာ ဘိုးလေးဖိုးသစ် ပန်းရထားပေါ်က ပြုတ်ကျသွားသည်။

သို့သော်လည်း လူများက ပွေ့ထားသောကြောင့် ဘာမျှမဖြစ်ပေ။

'ကဲ ကဲ အားလုံးစီးလို့ရအောင် ငါ လုပ်ပေးပါ့မယ်ကွယ်၊ ငါ့ကို အပေါ် တင်ပေးကြပါတော့'

အားလုံးက ဝိုင်းတင်ပေးလိုက်ရာ ဘိုးလေးဖိုးသစ်လည်း ပန်းရထားပေါ်သို့ ရှောရှောရှူရှူ ရောက်သွားသည်။

'ကိုင်း အားလုံး ငါ့စကားကို နားထောင်ကြ။ တစ်တက်နဲ့တစ်ကိုယ် ကြုံတောင့်ကြုံခဲဆိုတော့ အားလုံးလည်း စီးချင်ကြမှာပေါ့။ အိမ်း ကျောင်းဆရာတွေ ပြောဖူးတယ်၊ ဟိုးအနောက် သိုးဆောင်းနိုင်ငံမှာ 'လေထီးဖတ်'ဆိုတာ ရှိတယ်တဲ့'

ပရိသတ်အပေါင်းက-

'လေထီးဖက်'က ဘယ်လို 'ဖက်'တာလဲ ဆရာလေးရေ'

ထင်ကျော်ဦးက ကျိတ်ရယ်ရင်း-

'လေဒီ... ဖတ်(စ်)(Lady First) ဆိုတာ အမျိုးသမီးကို ဦးစားပေးတဲ့ မလေ့ထုံးစံကို ပြောတာ၊ အမျိုးသမီးက ပထမဦးစားပေးပေါ့'

'ကိုင်း ကြားကြတဲ့အတိုင်း လေထီးပထမဆိုတော့ လေထီးမဟုတ်တဲ့ဟာ တွေ ဆင်းကြ။ အခု လေထီးတွေနဲ့ ရှာကိုပတ်မယ်၊ ပြီးရင် လေထီးမဟုတ်တဲ့ဟာ တွေနဲ့ ထပ်ပတ်မယ်။ အားလုံး မျှမျှတတ ဖြစ်စေရမယ်၊ ကျေနပ်ကြလား'

ပရိသတ်အပေါင်းက ဝိုင်းဝန်းသြဘာပေးကြသဖြင့် ပန်းရထားပေါ်ရှိ ယောကျ်ားများ ဆင်းလိုက်ကြသည်။ သို့သော် ကွကြီးက ပေကပ်နေသည်။

ဘိုးလေးဖိုးသစ်က ကွကြီးကိုကြည့်ကာ ကွကြီးဘေးရှိ သူ မမြင်ဖူးသော ကောင်မလေးကို မြင်လိုက်ပြန်သည်။ ထို့နောက် ကောင်မလေးဝတ်ထားသော အဝတ် အစားများကို ငေးရင်း အံ့အားသင့်စွာဖြင့် ကောင်မလေးကို လက်ညှိုးထိုးရင်း-

'ကွကြီး၊ ကွကြီး၊ ဒါ ငါ့မိန်းမ...'

ဘိုးလေးဖိုးသစ် စကားမဆုံးမီ ကွကြီးက လျင်မြန်စွာဖြင့်-

'အဘ အဘ စိတ်ထိန်းပါ။ အဲဒါ ကျွန်တော့်မိန်းမပါ အဘရဲ့၊ ညကမှ ခိုးလာတာ'

'အဲ အင်း၊ ငါပြောတာက တူဝတ်ထားတာ ငါ့မိန်းမဟာတွေ ကွ'

'သြော် အဘကလည်း အခုတူက အဘချွေးမဖြစ်တွားပြီပဲ၊ လောလော ဆယ် အမေ့ဟာတွေ ဝတ်ပေးထားတာပေါ့'

ဘိုးလေးဖိုးသစ်က ခေါင်းတညိတ်ညိတ်လုပ်ရင်း-

'ကဲ ကောင်းပြီလေ၊ မင်းဆင်းတော့'

'အဘရယ် အခု အဘရဲ့ အလှူမှာ သားသမီးမြေးမြစ် ချွေးမတွေနဲ့ စုံစုံညီညီ ဒီပန်းရထားကို စီးခွင့်မှ ကျွန်တော့်မှာ မရှိတော့ဘူးလား။ ကျွန်တော့်အတဲတွေ ကွဲကျေပြန့်အောင် မရက်စက်ပါနဲ့ အဘရယ်၊ ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့လား'

ကြာကြာနေလျှင် စကားအချေအတင်ဖြစ်မည်ကို ရိပ်မိ၍ ကျွန်တော်က-

'ကဲ ကဲ ဘိုးလေးတို့ မိသားတစ်စုကတော့ အလှူရှင်ပဲ စီးကြပါစေလေ၊ ဟဲ့ ရွာစားကျော်ဂဒိုး စည်တော်ရွှမ်းတော့လေ၊ ဘာလုပ်နေကြတာလဲ၊ ကြည်မြင့် စက်နှိုးတော့'

စည်တော်ရွှမ်းသံနှင့်အတူ ဆဒ္ဒန်ဆင်မင်းဆွဲသော ပန်းရထားကြီးက ဖုန်တထောင်းထောင်းထ၊စေလျက် ရွာကို ပတ်လေတော့သည်။

တစ်ပတ်ပတ်လိုက် လှူလဲလိုက်၊ နောက်တစ်ပတ်ပတ်လိုက် လှူလဲလိုက်ဖြင့် တစ်ရွာလုံး ပျော်တပြုံးပြုံးဖြင့် စည်ရွှမ်းသံနှင့်အတူ ရွာအတွင်းရှိ နွားများ၊ ဆိတ်များ၊ ဝက်များ လန့်ပြေးသံ၊ ခွေးများဟောင်သံ အူသံကြားတွင် ဘိုးလေးဖိုးသစ်ကတော့ အလှူတော် အောင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေပါသည်။

လှူတိုင်းဈေ ပန်းရထားစီးပြီးသွားသောအခါ ဘိုးလေးဖိုးသစ်တို့ မိသားတစ်စု၊ ဆရာတော်နှင့် ကိုရင်များ သီးသန့်လှည့်ကြပြန်သည်။

ဘိုးလေးဖိုးသစ်က-

'ကဲ အနန္တငါးပါးကို ဦးထိပ်ထားပြီး ငါးပတ်ပတ်မယ်ဟေ့၊ လုံးဝ ရပ်မပေးလေနဲ့'

ဟု အော်ဟစ်သံကြီးက စည်းတော်ရွှမ်းသံကိုပင် ဖုံးလွှမ်းသွားသည်။

ထင်ကျော်ဦးကတော့ မလှဲ့နဲ့ မဏ္ဍပ်နောက်ဘက်တွင် စကားတွတ်ထိုးနေသည်။ ကျွန်တော်ကတော့ စိတ်အေးလက်အေးဖြင့် ဆေးလိပ်ဖွာရင်း မဏ္ဍပ်ရှေ့ရှိ တမာပင်ရိပ်တွင် ပန်းရထားကြီး ရွာအနောက်သို့ ရွေ့လျားသွားသည်ကို ကြည့်နေမိသည်။

ထိုစဉ် ကျွန်တော့်ပခုံးကို လက်တစ်ဖက်က လာပုတ်သောကြောင့် လှည့်ကြည့်လိုက်ရာ…

'ဒွေးကြီးပါလား၊ မင်းတို့ လမ်းပေါက်ကို မသွားကြဘူးလား။ စိတ်ချပါကွာ၊ အခု အလှူပြီးပြီပဲ။ ငါကိုယ်တိုင် ဘိုးလေးဖိုးသစ်ကို ဆင်ဖြူတော်က,တဲ့ ပန်းရထားနဲ့ လိုက်ပို့ပေးမှာပါ၊ မင်း ငါ့ကို မယုံဘူးလား'

'မင်းကိုယုံလို့ ငါ မင်းဆီကို ပြန်လာတာပေါ့။ မင်းကို ငါမေးမယ်၊ မှန်

မှန်ဖြေ။ အခု ထွန်စက်မှာ တင်ထားတဲ့ ဆင်ရုပ်ကြီးဟာ ဘယ်သူ့ဟာလဲ'

'ငါလုပ်ထားတာပဲ၊ ငါ့ဟာပေါ့'

ရဲတပ်ကြပ်ကြီးဌေးဝင်းက ပစ္စည်းတစ်ခုကို 'ဘုတ်'ခနဲ မြည်အောင် ကျွန်တော့်ရှေ့ ပစ်ချလိုက်၍ ကြည့်လိုက်ရာ-

'ဟာ ဆင်ခြေထောက်ကြီးပါလား၊ ဆင်ရဲ့နောက် ညာခြေထောက်ကြီးပဲ'

'အေး၊ ဆင်ခြေထောက်ကြီး တွေ့နေမှတော့ ဆင်ခြေရာကိုရှာဖို့ မလိုတော့ပါဘူးနော်။ ညက ဒီဆင်ရုပ်ထွန်စက်ကြီးနဲ့ မိန်းမခိုးရင်း တောင်ယာတဲနဲ့ လှည်းတစ်စီးကို တက်နင်းခဲ့တယ်။ အဲဒီမှာ မင်းဆင်ရဲ့ နောက်ညာဘက်ခြေထောက်ကြီး ကျန်နေခဲ့တာပဲ။

'တောင်ယာကတော့ လူမနေတော့တဲ့ အဟောင်းဖြစ်လို့ ကိစ္စမရှိပါဘူး။ လှည်းကိုတက်နင်းတော့ လှည်းဘီးကြီးတစ်ခုလုံး ကျိုးကြေသွားတယ်။ အဲဒါကို ဒီနေရာမှာတင် လျော်ကြေးပေးပြီး ဖြေရှင်းလိုက်ရင် မင်းသက်သာမယ်'

ကြည်မြင့်ပြောသည့် စကားထဲ၌ တောင်ယာတဲနှင့် လှည်းတစ်စီးကို တက်နင်းခဲ့ကြကြောင်း မပါသဖြင့် ထိုကိစ္စကို ကျွန်တော် မသိပါ။

သို့သော်လည်း ဌေးကြီးပြောသော ဆင်ခြေထောက်ကြီးမှာလည်း သေချာပေါက် ကျွန်တော့်လက်ရာဖြစ်သလို မနက်က ဆင်ညာဘက် နောက်ခြေထောက်မှာ ကြည်မြင့်ဖြစ်သလို လုပ်လာသော လက်ရာဖြစ်မှန်းလည်း ကျွန်တော်သိလိုက်သဖြင့် ကျွန်တော့် ရင်ခုန်သံများလည်း မြန်သွားသည်။

'အဲ အင်း၊ ညက ညက ထွန်စက်မောင်းတာ ကြည်မြင့်၊ ဒီကောင် ဒီဆင်ရုပ်ထွန်စက်ကြီးကို ညက သူမောင်းသွားတာ'

'မင်း ဝန်ထမ်းဖြစ်လို့ အလုပ်မပြုတ်အောင် သူများတော့ လွှဲမချနဲ့နော်၊ အပြစ်ပိုကြီးသွားမယ်'

'အပြစ်ကြီးတာသေးတာ ငါမသိဘူး၊ ညက ထွန်စက်ကို ငါမမောင်းဘူး'

'အေး၊ အဲဒါက ထားဦး။ ဟောဒီမှာ ဦးငမိုးတဲ့၊ သူ့သမီးအေးမိကို ညက ဆင်ရုပ်ထွန်စက်ကြီးနဲ့ လာခိုးသွားတယ်တဲ့။ အဲဒါ သူ့သမီးက အသက်လည်း မပြည့်သေးဘူး။ သွေးဆောင်ဖြားယောင်းပြီး အခိုးခံရတာပါဆိုပြီး မြို့နယ်ရဲစခန်းကို အမှုဖွင့်သွားဖို့လာတာ လမ်းမှာ ငါနဲ့တွေ့လို့ ဒီကိုတန်းလိုက်လာတာပဲ၊ ဘယ်မလဲ သူ့သမီးနဲ့ သူ့သမီးကိုခိုးတဲ့ကောင်'

ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်နေစဉ်-

'ဆရာက ဆရာ့တပည့်ကို တော်တော်ချစ်တာပဲနော်။ ကျုပ်တို့ရွာကို မိန်းမ တောင်းအောင်လာတယ်။ တောင်းတာ၊ လိုချင်တာကို မရတော့ ရတာကို ခိုးယူပေး

တယ်။ ဆရာက ဝန်ထမ်းဖြစ်သော်လည်း ကျုပ်က မညာနိုင်ဘူး၊ ကြံရာပါအဖြစ်နဲ့ တရားစွဲမှာပဲ'

ဦးငမိုး၏ စွပ်စွဲချက်ကြောင့် ကျွန်တော် ကိုယ့်ရင်ဘတ် ကိုယ်ဖိနေစဉ် ဆဒ္ဒန်ဆင်မင်းဆွဲသော ပန်းရထားကြီးက ရွာတောင်ဘက်က ထွက်လာ၍ ရွာမြောက်ဘက်သို့ သွားနေသည်ကို တွေ့လိုက်ရသဖြင့်-

'ဟိုမှာ ဟိုမှာ၊ ဘိုးလေးဖိုးသစ်ဘေးမှာ ထိုင်တဲ့ကောင်က ကွကြီး၊ ညက ဦးငမိုး သမီးကို ခိုးတဲ့ကောင်။ ဘေးမှာထိုင်နေတာက ဦးငမိုးသမီး။ ဆင်ရုပ်ကြီးကို မောင်းနေတာက ညက လှည်းကိုတက်နင်းသွားတဲ့ကောင်၊ သွား သွား လိုက်ဖမ်းပေတော့'

ဧွေးကြီးနှင့်အဖွဲ့က ထွန်စက်ကြီးနောက်သို့ ပြေးလိုက်ရန် ပြင်စဉ်၊ ထင်ကျော်ဦး ရောက်လာပြီး-

'ဟာ ရဲဘော်ဧွေးကြီးတို့အဖွဲ့ပါလား'

ဧွေးဝင်းက ထင်ကျော်ဦးလက်ကို ဆွဲရင်း-

'ဟော့ကောင် ထင်ကျော်ဦး၊ အဲဒီဆင်လှည်းကြီးကို ရပ်ခိုင်းလိုက်စမ်းကွာ။ အဲဒီမှာ တရားခံတွေပါတယ်၊ သွား သွား မင်းရပ်ခိုင်းလိုက်'

ထင်ကျော်ဦးက ဧွေးကြီးတို့အဖွဲ့ကို တားလိုက်ရင်း-

'အခုနေ အဲဒီဆင်လှည်းကြီးကို ငါမပြောနဲ့ မိုးပေါ်က သိကြားမင်းဆင်းပြီး ရပ်ခိုင်းရင်တောင်မှ သိကြားမင်းကို နင်းပြီးသွားလိမ့်မယ်၊ ရပ်ပေးမှာ မဟုတ်ဘူး။ ခဏစောင့်ပါ၊ နောက်နှစ်ပတ်ပဲ လိုပါတော့တယ်။ အဲဒီကျရင် သူ့အလိုလိုကို ဟောဒီမဏ္ဍပ်ရှေ့မှာ လာရပ်လိမ့်မယ်'

ဧွေးကြီးနှင့် ဦးငမိုးတို့က ညကဖြစ်ကြောင်းကုန်စင်ကို ထင်ကျော်ဦးအား ပြောပြသည်။ ထင်ကျော်ဦးကလည်း ဘိုးလေးဖိုးသစ်၏ အနန္တငါးပါး ဦးထိပ်ထား၍ ရွာကို ငါးပတ်ပတ်နေတာ နှစ်ပတ်သာလိုတော့သဖြင့် စောင့်ဆိုင်းစေလိုကြောင်း ပြန်လည် ရှင်းပြစဉ် ထွန်စက်ကြီးက အနားသို့ ရောက်လာပြန်သည်။ ထို့ကြောင့် ဧွေးကြီးက-

'အေးလေ၊ ကောင်းတာပေါ့။ ဒါနဲ့ ကွကြီးဆိုတဲ့ကောင်ကို ငါ့ကို သေသေချာချာ ပြစမ်းပါဦးကွ'

'ဘိုးလေးဖိုးသစ်ရဲ့ ဘယ်ဘက်မှာ ကပ်ထိုင်နေတယ်လေကွာ၊ ရွှေသွားတဝင်းဝင်းနဲ့ မမြင်ဘူးလား'

ဧွေးကြီးက ခေါင်းခါရင်း-

'မမြင်သေးဘူးကွ'

'မင်းကလည်း သေသေချာချာကြည့်၊ ဘိုးလေးရဲ့ ဘယ်ဘက်'

ကျွန်တော့်စကား လမ်းတစ်ဝက်တွင် ရပ်သွားသည်။ အရင် အခေါက်က ကွကြီးသည် ဘိုးလေးဖိုးသစ်၏ ဘယ်ဘက်ဘေးတွင် ထိုင်နေသည်။ အခုအခေါက်တွင် ဘိုးလေးဖိုးသစ် ဘေးတွင်ထိုင်ပြီး နေသူက ရှိန်ကြီး၊ ကွကြီးက မရှိတော့။ လုံးဝပါမလာတော့။ ထိုစဉ် ဦးငမိုးက-

'ငါ့တမီး… ငါ့တမီး ပါမလာတော့ဘူး'

ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန်တော်တို့ ဧွေးကြီးတို့ ရပ်နေသော နေရာသည် တမာပင်အကွယ်တွင်ဖြစ်နေ၍ ထွန်စက်ပေါ်မှ လူများ ဘယ်သူမှ မမြင်နိုင်ပါ။ ကွကြီးက ဘယ်လိုလုပ် မြင်သွားသနည်း။ ကျွန်တော် စဉ်းစားမရသဖြင့် နောက်လှမ်းကြည့်လိုက်တော့ မဏ္ဍပ်ရှေ့နားရှိ ခုံတန်းလျားပေါ်တွင် ထိုင်နေသော စိုးစိုးခေါ် ဒူကြီးနှင့် ရှိန်ကြီးတို့ မရှိကြတော့။

သေချာပေပြီ။ ဒူကြီး၊ ရှိန်ကြီးနှင့် ကွကြီးဟူသော 'ကြီးသုံးကြီး'သည် ဤရွာစုတွင် အလွန်အတွဲညီကြသော သူငယ်ချင်းသုံးဦးဖြစ်သည်။

ဧွေးကြီးတို့အဖွဲ့နှင့် ကျွန်တော် စကားအချေအတင် ပြောနေသည်ကို ဒူကြီးနှင့် ရှိန်ကြီးတို့ ကြားပေလိမ့်မည်။ ထို့ကြောင့် သူတို့၏ အချစ်ဆုံး သူငယ်ချင်း ကွကြီးကို သတင်းပေးရန်အတွက် ရွာအနောက်ပိုင်းသို့ လိုက်သွားပြီး ထွန်စက်ပေါ် မရမက တွယ်တက်၍ သတင်းပေးခြင်းဖြစ်လိမ့်မည်။

ဧွေးကြီးတို့ အုပ်စုကတော့ အလွန်ပင် ဒေါသထွက်နေကြပေပြီ။

'ကွကြီးကို ထွက်ပြေးနိုင်အောင် မင်းတို့တွေ အကွက်ဆင်ပြီး အကြံအဖန် လုပ်ပေးတာမဟုတ်လား။

'ငါက အမှုတစ်ခုကို ရုံးရောက်ဂါတ်ရောက် မဖြစ်စေချင်လို့ နှစ်ဖက်ကျေ ကျေနပ်နပ်နဲ့ အေးရာအေးကြောင်းဖြစ်အောင် ဒီကိုလာခဲ့တာ၊ အခုတော့ မင်းတို့ ငါ့စေတနာကို စော်ကားတယ်။

'ငါ တစ်ခွန်းတည်းပဲပြောမယ်၊ အခုညနေ ကွကြီးကို ရှာမပေးနိုင်ရင် မင်းတို့နှစ်ယောက်ပါ ကြိုရာပါအဖြစ်နဲ့ စခန်းမှာ လိုက်ရှင်းကြ၊ ဒါပဲ'

ဤရွာစုတွင် ဆက်၍ နေထိုင်ပါက နှလုံးရောဂါသော်လည်းကောင်း၊ သွေးတိုးရောဂါသော်လည်းကောင်း တစ်ခုခုတော့ ဖြစ်လာနိုင်သည်ကို တွေးမိသဖြင့် ယခုအခေါက် မြို့ကိုရောက်လျှင် ဤရွာ ဤဒေသမှ ပြောင်းရွှေ့ခွင့်ပေးရန် စာတင်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။

ထင်ကျော်ဦးက အပြုံးမပျက်ဘဲ-

'ဧွေးကြီးရာ မပူပါနဲ့၊ ငါ တာဝန်ယူပါတယ်၊ စောင့်ကြပါဦး။ ထွန်စက်က

ဒီတစ်ခါ နောက်ဆုံးပါကွ'

ခဏအကြာတွင် ဆဒ္ဒန်ဆင်မင်းကြီးက မဏ္ဍပ်ရှေ့သို့ ထိုးဆိုက်လာပါသည်။

ဒွေးကြီးက ဆင်ရုပ်ကြီးနားသွားပြီး-

'ထွန်စက်မောင်းတဲ့သူ စက်ရပ်ပြီး ထွက်ခဲ့စမ်း'

ထွန်စက်ကို ရပ်၍ ဆင်ရုပ်ဝမ်းဗိုက်အောက်မှ ထွက်လာသူကတော့ ဒူကြီး ဖြစ်ပါသည်။

'ကျွန်တော် တစ်စခန်းမှာလုပ်တုန်းက ထွန်စက်တွေ ဝန်ချီစက်တွေကို မောင်းခဲ့ဖူးပါတယ်။ တင်မောင်းပေါ့ခင်ဗျာ၊ လိုင်စင်တော့ မရတေးပါဘူး'

'ညက လှည်းကို ဝင်တိုးခဲ့တော့ လိုင်စင်မရှိရင် ပိုဆိုးတာပေါ့'

'ညက တစ်ညလုံး ဟောဒီမဏ္ဍပ်မှာ ကျွန်တော် ထမင်းချက်နေတယ်ဆို တာကို တစ်ရွာလုံး တက်တေပြနိုင်ပါတယ်၊ မယုံရင် ဆရာတွေကို မေးကြည့်ပါ'

ကျွန်တော်လည်း ရင်တုန်ပန်းတုန် ဖြစ်သွားပြီး-

'ညက ထွန်စက်မောင်းတာ တူ မဟုတ်ဘူး၊ ကြည်မြင့်ရယ်'

'အဲဒီကြည်မြင့် ဘယ်မှာလဲ'

'အစကတော့ ထွန်စက်မောင်းလို့ပဲ၊ အခု ဘယ်ရောက်သွားလဲ ငါမသိဘူး'

'ငါတော့ ရှုးချင်တာပြီ၊ ကျောင်းဆရာတွေရဲ့။ ကဲကွာ၊ စခန်းလိုက်ခဲ့ကြ'

ထိုစဉ် ဘိုးလေးဖိုးသစ်ကို ထင်ကျော်ဦးက အကြောင်းစုံ ရှင်းပြလိုက်သဖြင့် ဘိုးလေးဖိုးသစ်က ပန်းရထားပေါ်မှ မဆင်းသေးဘဲ အသံချဲ့စက်ဆရာအောင်မြင့်နိုင် ထံမှ မိုက်ကရိုဖုန်းကို ယူလိုက်ပြီး အသံကိုပါချဲ့နိုင်းလိုက်သည်။ ပြီးမှ မတ်တတ်ရပ် ၍ မိုက်ကို ကိုင်ရင်း-

'မင်္ဂလာပါ.... မင်္ဂလာပါ... ပထမ... ဒုတိယ.... တတိယ... အဟမ်း'

'ဟဲ့၊ ဒကာဖိုးသစ်ရဲ့၊ ဘာတွေ လျှောက်အော်နေတာလဲ'

'မိုက်ကို ကိုင်ပြီးရင် ဟဲလိုး ဟဲလိုး ဝမ်းတူးသရီးလို့ 'ဗြီးတစ်သျှ' လိုအော်ရ တာက ထုံးစံပဲ ဆရာတော်ရဲ့။ အခု တပည့်တော်က မြန်မာဆန်ဆန် အော်ကြည့်တာ ပါ၊ ရပါပြီ၊ အဟမ်း... အဟမ်း။

'အဘရဲ့ ချစ်လှစွာသော ရင်နှစ်တီးချာ တားအလှရတနာ ကွကြီး၊ ကြားရာ အရပ်ကနေ မဏ္ဍပ်ကို အမြန်ဆုံးပြန်လာခဲ့ပါ၊ တားရဲ့ ကိစ္စအဝဝကို အဘကိုယ်တိုင် ဖြေရှင်းပေးပါ့မယ်။

'မကြာခင် အဘလည်း ရဲစခန်းကို သွားရတော့မှာမို့ ကြားရာအရပ်ကနေပြီး အမြန်ဆုံးပြန်လာခဲ့ပါ။ လက်ခံထားတဲ့တူများကိုလည်း တရားဥပဒေအရ အရေးယူ

အပြစ်ပေးမည်ဖြစ်ကြောင်းကိုလည်း တိစေအပ်ပါတယ်။

'ထွန်စက်မောင်းတော မောင်ကြည်မြင့်၊ မင်း တူငယ်ချင်း ကွကြီးနဲ့ ငါ့ရဲ့ချွေးမ အတစ်ကလေးကိုခေါ်ပြီး ကြားရာအရပ်ကနေ ပြန်လာပါ၊ မင်းတို့ ပြတနာအားလုံးကို အဘ ရှင်းပေးပါမယ်လို့ အဘ ရဲရဲကြီး ကတိပေးပါတယ်။

'တား ကွကြီး၊ တားတမီးတွေထဲမှာ မင်းကိုတာ အချစ်ဆုံးပါကွာ၊ မယုံရင် ကွယ်လွန်တွားပြီဖြစ်တဲ့ မင်းအမေကို မေးကြည့်ရင် အဲလေ… မေးခဲ့ဖူးရင် မင်း တိမှာပါ။

'မင်းငယ်ငယ်က မင်းခြေမမှာ ငုတ်စူးလို့ ပြည်တည်နေတဲ့အနာကြောင့် မင်းအိပ်မရအောင် တလူးလူး တလိမ့်လိမ့် ငိုယိုနေတာကို မကြည့်ရက်လို့ ဖခင် တစ်ယောက်ရဲ့ ကြီးမားတဲ့မေတ္တာနဲ့ မင်းခြေမကို ဓားနဲ့ခွဲပြီး အနာပြည်ထုတ်ပေးခဲ့ တာဟာ အဘပါ လူလေးရဲ့။

'ဖခင်တစ်ယောက်ရဲ့ မေတ္တာဟာ စုန်ရေသာရှိပြီး ဆန်ရေ မရှိဘူးဆိုတာကို ငါ့တား မင်း တဘောပေါက် နားလည်မှာပါ'

ထိုစဉ် ရွာအနောက်ပိုင်းမှနေ၍ ကြည်မြင့်၊ ကွကြီးနှင့် အေးမိတို့သုံးယောက် သား ခေါင်းငိုက်စိုက်ဖြင့် ထွက်လာကြသည်။

'တစ်လောကလုံးကို ခြုံကြည့်လိုက်ရင် မိဘရဲ့ အရိပ်အာဝါတဟာ ဘယ်ဂ လောက်များ အေးမြတယ်ဆိုတာကို…'

'ဘိုးလေး ဟိုမှာ ကွကြီးတို့ လာနေပြီ'

'လာလာကွာ၊ ငါက ဒီမှာ ပြောလို့မပြီးတေးဘူး။ အဲဒါနဲ့ ဘယ်ရောက် တွားလဲ၊ ဩော် မိဘရဲ့ အရိပ်အာဝါတဟာ…'

ကွကြီးတို့သုံးဦး ရောက်ရှိလာသည့်အထိ ဘိုးလေးဖိုးသစ်၏ 'နမ်းစတော' 'ဝမ်းမန်းရှီး'ကြီးက မပြီးသေးပေ။ မိဘမေတ္တာအကြောင်းကို အားရအောင်ပြောပြီးမှ-

'ကဲ ဟိုဘက်က တမီးရှင် ဦးငမိုး ဟုတ်တယ်နော် ကျောင်းဆရာ'

ထင်ကျော်ဦးက ခေါင်းညိတ်လိုက်စဉ်-

'ဟုတ်ပြီ၊ ကျုပ်မှာလည်း တမီးတွေရှိတော့ တမီးရှင်တစ်ယောက်ရဲ့ ခံစားမှု ကို နားလည်တဲ့အတွက် ပဏာမအနေနဲ့ ခွင့်လွှတ်ပါလို့ တမီးရှင် ဦးငမိုးကို တောင်းပန် ပါရစေ။

'တကယ့် တကယ် အပြစ်ရှိတူကတော့ ကျုပ်တားမဟုတ်ပါဘူး။ ကျုပ် ကိုယ်တိုင်ပါလို့ ဝန်ခံပါရစေ။ အဓိက,ကတော့ ကျုပ်က မိဘဝတ္တရား မကျေပွန်ခဲ့ တာပဲဗျ။ ကျုပ်တားက ခင်ဗျားတမီးကိုချစ်လှပါပြီ၊ ကြိုက်လှပါပြီ၊ ခင်ဗျားတမီး ကလည်း ထို့အတူ ကိန္နရီ ကိန္နရာလို မခွဲမခွာ နေချင်လှပါပြီလို့ ကျုပ်တားက

အတန်တန်ပြောပေမဲ့ ကျုပ်က လျစ်လျူရှုခဲ့မိတာကိုးဗျ။ အခုတော့ ကလေးနှစ်ဦးက ချစ်တတ္တိရှိစွာနဲ့ နီးစပ်အောင် ကြိုးစည်ခဲ့ကြပြီးပြီပဲဗျာ၊ ခွင့်လွှတ်လိုက်ပါတော့။

'ပထမအကြိမ် ဦးငမိုးရဲ့ တမီးကို ကျုပ်တားနဲ့ ဆရာလေးတို့ လာတောင်းရမ်းချိန်မှာ ကျုပ်ဘက်က လစ်ဟင်းပြီး ကျုပ်ကိုယ်တိုင် မပါဝင်ခဲ့လို့ အခုလိုမျိုးဖြစ်ကုန်ကြတာပါ'

ဦးငမိုး၏ မျက်နှာသည် ရဲပဒေါင်းခတ်သွားပြီး-

'ဒီ… ဒီမှာ၊ ခင်ဗျားသား လာတောင်းတာက ဦးရီငွေး၊ ဒေါ်ဝင်းမော်ရဲ့သမီး မတင်လှဗျ။ အခု ခင်ဗျားသား ခိုးသွားတာက ကျုပ်သမီး အေးမိဗျ၊ အေးမိ'

တစ်ရွာလုံး 'ဟာ'ခနဲ 'ဟင်'ခနဲဖြစ်သွားပြီး ကွကြီးကို လှမ်းကြည့်ကြသည်။ ကွကြီးက ရွှေသွားနှစ်ချောင်းပေါ်အောင် ပြုံးရင်း ဘိုးလေးဖိုးသစ်ကို ခေါင်းညိတ်ပြလိုက်သဖြင့်-

ဘိုးလေးဖိုးသစ်သည် ခေါင်းကုတ်ရင်း ဣန္ဒြေဆယ်ကာ-

'အဲ… အင်း… ဟုတ်ပါတယ်။ အဲဒါ ကျုပ်အပြစ်ပါ၊ ကျုပ်မကောင်းတာပါ၊ ကျုပ်တာဝန်ပေါ့လျော့တာ၊ ကျုပ်မိဘဝတ္တရား မကျေလို့ ဖြစ်ကုန်ကြတာပါ။ တိုတိုပဲ ပြောပါရစေတော့ဗျာ။

'အခု ကလေးတွေရဲ့ နဖူးစာကံကြောင့် ပေါင်းဖက်ရပြီပဲ။ နောက်ပြီး ခင်ဗျားတမီးကို ဟောဒီဆဒ္ဒန်ဆင်မင်းကြီးနဲ့ ကျုပ်တားက ခိုးပြေးခဲ့တယ်ဆိုတာကို တစ်နယ်လုံး၊ တစ်ရပ်လုံး ဟိုးဟိုးကျော် တိကုန်ကြပါပြီဗျာ၊ တစ်ရက်က နှစ်ရက်မဖြစ်ပါစေနဲ့တော့ဗျာ။

'ခင်ဗျားဘက်က တဘောမတူလို့ တရားစွဲရင်တောင် ကျုပ်တို့တားအဖတစ်ယောက်ကခိုးမှု၊ တစ်ယောက်က တူခိုးလက်ခံအနေနဲ့ အချုပ်ကျရုံပဲ ရှိတော့တာပေါ့။ ကျုပ်တို့တားအဖကတော့ လုပ်ရဲရင် ခံရဲတဲ့တတ္တိ ရှိပြီးတားပါ။

'ဒါပေမဲ့ ကျုပ်က တမီးရှင်ဘက်က ကိုယ်ချင်းစာပြီး ငါ ဒေါသနဲ့ ခွဲလိုက်ရင် ခိုးရာလိုက်ပြေးတာကလည်း တစ်နယ်လုံး တစ်ရပ်လုံးတိနေတော့ ငါ့တမီးလေး လူတကာအလယ်မှာ မျက်နှာငယ်ရတော့မယ်၊ လူတကာတံတွေးခွက်မှာ ပက်လက် မျောရတော့မယ်ဆိုတဲ့ အတွေးကြောင့်ပါ ဦးငမိုးရယ်။

'ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲ။ ကျုပ်အမှုကတော့ ကျုပ်အမှုပေါ့လေ။ ကျုပ်တားလေးအမှုကိုတော့ ဆွဲမထည့်စေချင်ပါဘူး။ ခင်ဗျားတာ တဘောတူရင် ယောဒီတတင်းကျွတ်မှာ အခုလို စည်စည်ကားကား တိုက်တိုက်မြိုက်မြိုက်နဲ့ ထူးထူးခြားခြားကို မင်္ဂလာဆောင်ပေးမယ်ဆိုတဲ့အကြောင်း ကျုပ်ကတိပေးပါတယ်ဗျာ'

အလှူပွဲလာ ပရိသတ်အပေါင်းက 'ဟေး'ခနဲ 'ဝါး'ခနဲ အော်ဟစ်ကာ

လက်ခုပ်တီးပြီး ကောင်းချီးသြဘာပေးလိုက်သံကြီးက တစ်ရွာလုံးကို ဟိန်းသွားသည်။

ဦးငမိုးတို့လည်း ငိုင်နေကြသည်။ ဘိုးလေးဖိုးသစ်က-

'ကဲ ဦးငမိုး၊ ကျုပ်ဘက်ကတော့ 'ဂိတ်'ဆုံးသွားပြီ။ အဲဒါကြောင့် ခင်ဗျား လည်း စဉ်းစားပါ။ ခင်ဗျားစဉ်းစားနေချိန်မှာ ကျုပ်က ဟောဒီ ပန်းရထားကြီးနဲ့ ရွာကို ပတ်လိုက်ဦးမယ်၊ ဟုတ်ပြီလား'

ဘိုးလေးဖိုးသစ် စကားအဆုံး ကြည်မြင့်နဲ့ ဒူကြီးတို့နှစ်ဦးက ထွန်စက်ကြီး ရှိရာသို့ သွားမည်အပြု ရဲတပ်ကြပ်ကြီး ငွေးဝင်းက လက်ဆွဲထားလိုက်ရင်း-

'ကဲ ညက မိန်းမခိုးတုန်းက ထွန်စက်နဲ့ တက်နင်းခဲ့တဲ့ လှည်းကို ဘယ်သူက အလျော်ပေးမှာလဲ'

ဘိုးလေးဖိုးသစ်က-

'ဩော်··· လှည်းတစ်စီးကို ဆင်နင်းခဲ့တေးတယ်လား။ ကိစ္စမရှိဘူး၊ ကျုပ် အိမ်အောက်မှာ လှည်းတုံးစီးတောင်ရှိတယ်၊ ကြိုက်တဲ့လှည်း ယူသွား၊ ဟုတ် ပြီလား'

ဟု ပြောဆိုပြီး ပန်းရထားပေါ်မှနေ၍ အောက်၌ရှိသော စက်ဆရာအောင်မြင့် နိုင်ကို 'မိုက်'လှမ်းအပေး ပျိုအေးမိ၏ ဖခင် ဦးငမိုးက ပန်းရထားနားအတိုး မိုက် နှင့် ပါးစပ် နီးကပ်သွားစဉ်တွင်-

'မှန်ပါတယ်။ ဘိုးလေးဖိုးသစ်ပြောတာတွေ အားလုံးဟာ သမာသမတ်ကျ ပါတယ်။ ကျုပ်လက်ခံပါတယ်။ ကဲ··· ခင်ဗျားနဲ့ ကျုပ်နဲ့က ခမည်းမခက်အဖြစ် မခေါ်ချင်ရင်သာရမယ်၊ မတော်ချင်လို့မှ မရတော့တာပဲဗျာ။ အဲဒါကြောင့် ဟိုလှည်း ပျက်စီးသွားတဲ့ကိစ္စကို ကျုပ်ဟာကျုပ်ပဲ ရှင်းလိုက်ပါတော့မယ်'

မိုက်ထဲ အသံဝင်သွား၍ တစ်ရွာလုံး ကြားလိုက်ရသောကြောင့် ဟေးခနဲ ဝါးခနဲဖြင့် တစ်ရွာလုံးက သြဘာပေးလိုက်ကြသည်။ ဘိုးလေးဖိုးသစ်က ပြုံးရွှင်စွာ ဖြင့် မိုက်ကို ပြန်ယူပြီး-

'ဝမ်းတာလိုက်တာဗျာ၊ ဝမ်းတာလိုက်တာ။ ကဲ ကဲ ဒါဆိုလည်း ခမည်း ခမက်ကြီးရေ ပန်းရထားပေါ်ကို ကြွခဲ့ပါဦးဗျာ။ ကျုပ်တို့ ဆွေမျိုးတစ်သိုက် ရွာကို ပတ်ရင်း အလှူတော်မင်္ဂလာအောင်ပွဲရဲ့ နောက်ဆက်တွဲ အထိမ်းအမှတ်အဖြစ် မင်္ဂလာ အကြိုပွဲကို ကျင်းပကြတာပေါ့။ ပြီးရင်လည်း မြို့ကို ကျုပ်နဲ့ တစ်ခါတည်း လိုက်ခဲ့ ပါ။ ခင်ဗျားတမီးနဲ့ ကျုပ်တားကို တရားရုံးမှာ လက်မှတ်ထိုးပေးကြရအောင်ပေါ့၊ ဟုတ်ပြီလား။

'ကဲ ကဲ တားရေး တမီးရေး ကိစ္စတွေလည်း ပြီးတွားပြီပဲ။ ရဲတပ်ဖွဲ့က ဆရာငွေးဝင်းတို့လည်း ပန်းရထားပေါ်ကြွပါလို့ ဖိတ်ခေါ်ပါရစေ၊ ကျုပ်တို့ကို ချီးမြှင့်

ကြပါဦး'

ဘိုးလေးဖိုးသစ် စကားအဆုံး ကွကြီး၊ အေးမိနှင့် ဦးငမိုးတို့ရော ဒွေးကြီးတို့ပါ ပန်းရထားပေါ်သို့ တက်လိုက်ကြသည်။

ဘိုးလေးဖိုးသစ်က စက်ဆရာအောင်မြင့်ခိုင်သို့ လှမ်းပေးလိုက်သော 'မိုက်'ကို ဆရာလေး ထင်ကျော်ဦးက ကြားဖြတ်ယူလိုက်ပြီး-

'တစ်မင်္ဂလာပြီးတော့ တစ်မင်္ဂလာပေါ့ ခင်ဗျာ။ ဘိုလေးဖိုးသစ်တို့ ခမည်းခမက်တွေရဲ့ ဝါအဝင် အလှူတော်မင်္ဂလာပြီးတဲ့နောက် 'ဝါကျွတ်'ထိမ်းမြားမင်္ဂလာအကြိုအနေနဲ့ ရွာလှည့်ကာ အောင်ပွဲခံမယ့်အရေးပေမို့ ရွာသားကျော် စိန်ဂဒိုးက မင်္ဂလာ ပြောသံနဲ့ပို့'

ဟု ထင်ကျော်ဦး စကားအဆုံး တစ်ရွာလုံး ဩဘာသံများနှင့် ဆူညံသွားပြီးနောက် 'တုတ်... တုတ်... ဖြုန်း'ဟူသော မင်္ဂလာပြောသံကို တီးမှုတ်လိုက်စဉ် ဆဒ္ဒန်ဆင်မင်းကြီးဆွဲသော ပန်းရထားကြီးသည်လည်း တဖြည်းဖြည်းနှင့် ရွေ့လျားသွားလေတော့သတည်း။ ။

■■■

ထူးဆွေအောင်